www.burmeseclassic.com

# ပေါကိုင်း

သချိုင်းမြင်းသားနှင့်
ဒုန်းစီးလေဒီ



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ထုတ်ဝေသူ | - ဒေါ်ယဉ်မိုးပိုင် (ဆောင်းညပြာသို စာပေ) အမှတ်-၄၃၊ ၃ (ဘီ)၊ လမ်း(၉၀)၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - ဒေါ်နီနီခိုင် (၀၇၁၃၅) သီရိမေရောင်စုံပုံနှိပ်တိုက် အမှတ်(၁၉)၊ လမ်း(၉၀)၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်၊ရန်ကုန်မြို့။ |
| အတွင်းဖလင် | - ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - သီရိမေ |
| တွန်ပျူတာစာစီ | - မေသန့်စင် |
| ပုံနှိပ်ခြင်း | - ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ (ပထမအကြိမ်) |
| အုပ်ရေ | - ၅၀၀ |
| တန်ဖိုး | - ၅၀၀ ကျပ် |

၈၉၅.၈၃

ဟော့လိုင်း

သရဲပိုင်မင်းသားနှင့် ဒန်းစီးလေဒီ/ ဟော့လိုင်း–ရန်ကုန်

ဆောင်းညပြာသိုစာပေ၊ ၂၀၁၄၊ ဩဂုတ်လ

၁၅၀ စာ၊ အလျား ၁၃ စင်တီ၊ အမြင့် ၂၀ စင်တီ

(၁) သရဲပိုင်မင်းသားနှင့် ဒန်းစီးလေဒီ


www.burmeseclassic.com

www.burmeseclassic.com

(၁)

လူဆိုသည်မှာ မွေးကတည်းက သူ့ဗီဇနှင့်သူ သူ့ပါရမီနှင့်သူ ကိုယ်စီကိုယ်စီ နိမိတ်လက္ခဏာလေးတွေဖြင့် ကိုယ်တုံးလုံးချွတ် မွေးဖွားလာရခြင်း ဖြစ်သည်။

ရှင်ဘုရင်ဖြစ်မည့်ကလေးမှာ ရာဇပလ္လင် ဖင်ကပ်ပါလာသလို သူခိုးဖြစ်မည့်ကလေးမှာ မွေးကတည်းက မျက်နှာဖုံးကပ်ပါလာသည်။

ဓားပြဖြစ်မည့်ကလေးမှာ သူ့ကိုမွေးစဉ် ဖခင်ဖြစ်သူ နှုတ်ခမ်းမွေးရိတ်ရင်း ဓားရှသကဲ့သို့ ဘုန်းကြီးဖြစ်မည့်ကလေးမှာ မိခင်တရားနာရင်း ရေစက်ချနေသည့်အချိန် ဘေးနားမှာ ချိုချိုတောင်းတတ်လေသည်။

"မေကြီး ချို့ချို့မယ်"

"ဟဲ့ ကလေး . . . ဒီမှာ တရားနာနေတယ်လေ၊ ဘုန်းဘုန်းတွေ ရှေ့မှာ"

"ဟင် . . . ဘုန်းဘုန်းတွေ ချို့မှာမှ မဟုတ်ဘဲ၊ တားအားတာ ချို့မှာကို"



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ဤနှယ် စရိုက်ထူးလေးတွေ ရှိတတ်သည့်အထဲမှ သော်တာသိုက် ဆိုသည့်ကလေးမှာ မွေးမွေးပြီးချင်း နပ်စ်မ မျက်နှာကို သေးနဲ့ပေါ့ပန်းသည်။ ဒီကလေးကြီးလာရင် ဘာဖြစ်မယ်ဟု ခန့်မှန်း၍ မရသေး။ တစ်လအကြာမှာ နပ်စ်မရဲ့ ရင်ဖုံးအင်္ကျီကို ဆောင့်ဆွဲလိုက်ရာ ကြယ်သီးတွေ ပြုတ်ပြီး အတွင်းမှ ဘရာစီယာပေါ်သွား၍ ဆရာဝန်ကြီး ရှေ့မှာ အရှက်ကွဲသွားသည်။ ဒီကလေးကြီးလာရင် ဘာဖြစ်မယ်ဆိုတာ ခန့်မှန်း၍ မရသေး။ နှစ်လအကြာမှာ သူ့ကို ပေါင်ပေါ်တင်ထားသည့် နပ်စ်မရဲ့ အင်္ကျီကို လှန်ပြီး ချက်ကို လက်နှင့်ထိုးရာ ရှုစိရှုစိဖြစ်သွားသည်။ ဒီကလေးကြီးလာရင် ဘာဖြစ်မယ်ဟု ခန့်မှန်း၍ မရသေး။ သုံးလ အကြာမှာ သူ့ကို ပခုံးပေါ်ပွေ့၍ ချော့သိပ်နေရင်း ထူးခြားမှုတစ်ခုကို သတိပြုမိသွားပြီး နပ်စ်မ မျက်လုံးပြူးသွားသည်။

ဒီကလေးရဲ့ ဇက မသေးပါလား။

ဒီအရွယ်နဲ့ ဒီလောက်အကြောထောင်နေရင် အရွယ်များ ရောက်ရင်တော့ ဘုရား. . . ဘုရားဆိုပြီး နပ်စ်မပင် သွေးပေါင်ချိန်သွားတိုင်း ရ၏။

တကယ်တော့ ဒီကလေးက သမိုင်းရာဇဝင်နှင့်ချီပြီး မွေးဖွားလာ ခဲ့သော မေထုန်ရာသီဖွား ကျားဇာတာရှင် ဖြစ်သည်။

မိခင်ဖြစ်သူ ကိုယ်ဝန်အရင့်အမာကြီးနှင့် ကျွဲမင်းကုန်း ဘုရားပွဲ သွားစဉ် ထော်လာဂျီပေါ်မှာပဲ မအောင့်နိုင်၍ နပ်စ်မခေါ်ပြီး မွေးချလိုက်ခြင်း ဖြစ်၏။

မြတ်စွာဘုရားလောင်းနုစဉ်အခါ တစ်ခုသောဘဝ၌ ကျွဲကြီး တစ်ကောင်၏ ဝမ်းတွင်း၌ သန္ဓေတည်လေသည်။ ဒေဝဒတ်ခေါင်း ဖခင်



www.burmeseclassic.com

www.burmeseclassic.com



တွဲကြီးက ကျွဲမငါးရာနှင့် ပျော်ပါးနေပြီး မွေးဖွားလာသမျှ အထီးဟူသမျှ မိမိ၏ကာမဂုဏ်အာရုံလုယူခံရမည်စိုးသောကြောင့် ညှာတာခြင်းကင်းမဲ့စွာ ချိုနှင့်ခတ်၍ ဝှေ့သတ်၏။ အလောင်းတော်၏ ပဋိသန္ဓေလွယ်ထားရသော မိခင်ကျွဲမကြီးက ဖခင်ဖြစ်သူရန်မှ ကင်းဝေးစေခြင်းငှာ သားကို ဖွတ်ထား၍ ဒေဝဒတ်လောင်းကျွဲရှေ့မှာ ဟန်မပျက်နေ၏။ အချိန်တန် အရွယ်ရောက် ကျွဲလားမြောက်တဲ့သားငယ်မှာ ဖော်မစုံ တစ်ကိုယ်တည်း ကျွဲပျိုကြီးဘဝနှင့် ဂူအောင်းကာ နေရပုံကို စိတ်မှာ ဘဝင်မကျသဖြင့် မိခင် ကျွဲမကို မေးမြန်းရာ မိခင်က ဒေဝဒတ်ကျွဲကြီး၏ မွေးဖွားလာသမျှ သားပုတ္တကို ချိုဖျားထက်၌ ညက်ညက်ချေကာ ကရုဏာကင်း သေတွင်းထဲ ပို့ပုံကို ယူကျုံးမရ ပြန်ပြောပြ၏။ သားငယ်လည်း ဖခင်၏ စရိုက်ဆိုးကို ချိုးချိုးရန်အတွက် လာရာလမ်းကို မှန်းပြီးခွာရာချင်း ထွက်ထွက်တိုင်း၏။ ခွာရာတူသောအခါ ဇီးဖြူပင်ကို ခေါင်းနှင့်တိုက်၍ ကြွေကျလာသော ဇီးဖြူသီးကို ချိုနှင့်ခတ်ရာ ချိုရာနှစ်ပေါက်ဖြစ်သွားသည်အထိ အားကောင်း ခဲ့သည်။ ဖခင်ဖြစ်သူမှာ ဇီးဖြူသီးကို တစ်ဖက်ပဲ ပေါက်အောင် ခတ်နိုင် သဖြင့် ဖအေထက် သား ချိုဇောင်းထက်ပြီမို့ ပုန်းရာမှထွက် ဖခင်ရှေ့မှာ ရပ်၍ ကိုယ်ဟန်ကို ပြလေသတည်း။

အဲဒီလို ကိုယ်ဟန်ပြလိုက်တယ်ဆိုရင်ပဲ လင်အနားမှာ ခစားနေတဲ့ ချိုထောင်ထောင် ကျွဲငယ်မက

“ဘယ့်နှယ်လဲ ဘုရား၊ စားကျက်နယ်မှာ ငနက်ကျယ်တစ်ဦး ပေါ်တာ ကျူးကျော်တဲ့အလုပ်မို့ ကျုပ်တို့တော့ မကြိုက်ပေါင်”

ဟု အမိုက်ကောင်ကို သွေးထိုးလို့ ဆွတော့၏။

အဲဒီလို မိန်းမတို့ပြောသံကြောင့် ဒေါမာန်ထပြီး ဒေါ်ရန်ကြွကာ



www.burmeseclassic.com

www.burmeseclassic.com



သားဖြစ်သူကို ချိုဝင့်၍မခတ်ခင် မြိုင်ရပ်မှ နှင်လေသည်။

"ကိုယ်ဟန်ကြွကြွ ဘိုဆန်လှ ကိုယ်ဟန်ကထည် မရွံ့မရှားအညွှန့် သား စွန့်စားပုံကျယ်လှချည့် ဤနယ်က အဖိုလာလျှင် ချိုအစာကျွေးသည်ဟု နားဘေးက စောကြောလန်အောင် ဟောပြောသံမျှ မကြားသလား မှားယွင်းတာ တစ်ကြိမ်မို့ ငါ မဟိုး အခွင့်လွှတ်ပါရဲ့ ကင်းလွတ်တဲ့ နယ် တစ်ဘက်ကို ခုထွက်၍ သွားစေ"

"ဒီသာအဝဝ စီကာငယ်ကျ သီတာမြဲအေးကြည် ဌာနသဘော သဘာဝနှော့လို့သောသော ပြည်ဝန်းလည်စမ်းပတ် ငှက်ကျေးသာရကာ ယှက်ထွေးကာ နေရာရပ်မို့ သတ်မှတ်မူပိုင် ဘယ်သတ္တဝါအား မမှတ်သားဘဲ အများနဲ့ဆိုင်တာမို့ အဖိုနှင့်အမ ထိုနှစ်ဝတို့မှာလည်း ကာမအငွေ့ အစုံစုံ ရှိခဲ့တုံ ဘုံဓလေ့မို့ ကြုံတွေ့သမျှ တစ်ဦးတစ်ပိုင် မဖြစ်နိုင် ကိုင်မရဘူး။ အလိုမကြူးနဲ့ မူးလှလို့ယောင် မှောင်လှတဲ့တဏှာ အသနားမဖက် သား အသက်တွေကို ရက်စက်တာ တော်ပါရဲ့လား။ ဒီအမှား၌ စဉ်းစားသင့်ရန် ခွင့်တောင်းပန်သည်။ ပါဏာအသက် လွှတ်စေလော့"

"အလကားမထောက် အကြွားမောက်လိုက်တာ သားတစ်ယောက် သူပင်ဖြစ်ပြန်သတဲ့ မမှန်တဲ့စနစ် ရောက်တတ်ရာရာကို ပေါက်ပေါက် ရှာရှာ အရပ်သားသဘောနဲ့ ပါးစပ်အားလို့ ပြောနေတာ စကားကြော တွေက ရှည်ပါဘိသနဲ့၊ ကိုယ်သိလျှင် ကိုယ်ကျင့်ပေါ့ မလိုလို့ အခွင့်မရှိတဲ့ တံခါးကို ဒင်းက ဘာကြောင့်အဝင်မှားချင်သလဲ၊ မင်း စကား နားမချိုဘူး။ သားဆိုပြီး ရှေ့ဆက်မကြွားနဲ့တော့ နားကလော်လို့ပေါ့. . . ယခု ထွက်သွားလိုက်ပါ"

"အလုပ်စခန်း အဟုတ်ရမ်း၊ ယုတ်ကြမ်းဘဝ သရေညှိုးညစ်နေမျိုး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေမယ့် စနစ်မကျ ယခုအခါ မူမသာတဲ့ ဒုပါပကြောင့် ဘဝအဟိတ်တိရစ္ဆာန်ရပ် ကျွဲမျိုးဇာတ်မှာ လာကပ်လို့ ချိတ်ရသည်။ အတိတ်လက်တွေ့အတွက်စေ့အောင် ဉာဏ်သတ်၍ ရှုပါလော့၊ ကိုယ်ပြုတဲ့ကံကြွမ္မာကိုယ့်မှာသာ အစဥ်မြဲသဖြင့် ဆင့်ကဲကာ နောက်ထပ်မများပါနှင့်တော့ သားခမျာ အသက်ဘေးကို ခွင့်ပေးလို့လွှတ်ပါတော့”

“ခရီးမရောက် နည်းမဖျောက် ငြီးလောက်တဲ့ စကားတွေကို တပေပေ တရားသံပြင့် နားအခံတကယ်ခက်အောင် ဘယ်အတွက် တစာစာသင်လာလို့ ပြောနေ့သနည်း။ သဘောကွဲလို့ လက်မခံတာကို တစ်သက်ပန်ချစ်ကြည်ရမတဲ့ အဟိ. . . ရယ်စရာ သူ့စကားက အဝါးမဝတဲ့ သတ္တဝါထပ်ခါခါ ဘာညာမပြောနှင့်တော့ ဒီတော့မှ မူချက်မပြင်းရအောင် ခုချက်ချင်း ထွက်စေ”

အလောင်းတော် ကျွဲမင်းလည်း ဖခင်ဖြစ်သူကို သံယောဇဉ်ရှေ့ထား တရားပြတာ မည်သို့မှ မရတော့သဖြင့် ချိုဝင့်၍ စိန်ခေါ်လိုက်သည်။

“ဂနိုင်စခန်း မြိုင်တနန်း ခိုင်ပန်းကဝေ ဇမ္ဗူတစ်ဝှမ်း ဘယ်သူတာစွမ်းသလဲ၊ စမ်းကြစေပေ့၊ ဘာတွေအတွက် မရှောင် အဟုတ်ကြောတ်တဲ့ချပ်နဲ့ နောက်ဆုတ်လို့ မထွက်ပါဘူး ဆုတ်မိရင် ရှက်ပါရဲ့ မှားကွက်တိုယ်အမှန်တိတိ အကြံပိက ပြန်လှည့်ဖို့ မရှယ်လို့ စကားကြွယ်ကာ အပိုဖြန်း၍ မဟာပါဘူး။ မယားအသွယ်သွယ်နဲ့ အလိုသရမ်းတဲ့အဖကို. ကိုင်း. . . ချိုအစွမ်းပြလိုက်စမ်း”

သို့ကလို မတိမ်းမစောင်းစေဘဲ ကြိမ်းမောင်းတဲ့စကားသံကို သားထံမှ ကြားလိုက်တော့ နားစိုက်ကာ ဒေါသမာန်သွင်း၍ ဒေါသယံအဆင်း



www.burmeseclassic.com

www.burmeseclassic.com



တခြားမထွက်ဘဲ သားဘက်ကို အရေးစိုက်လျက် အပြေးလိုက်ကာ တဆုန်မောင်းပြီး ဦးခေါင်းနှင့် ဝင်အတိုက်မှာ မြင်လိုက်သူ သားက ရှောင်တော့ အသွားတစ်ထောင်ထောင် စက်ခလုတ်တစ်မျိုးကဲ့သို့ အား မဆောင်နိုင်၍ သစ်ငုတ်နဲ့ ထိုးမိပြီး ဂုတ်ကျိုး၍ ဒေဝဒတ်အလောင်း တွဲ့ရာဇာမှာ မရဏသေပွဲသို့ ဝင်ရလေသတည်း။

(ဦးချုချတ်. . . အဲလေ ကိုးကားချက်- ကွဲ့မင်းကုန်း ဘုရားသမိုင်း)

ဤသည်မှာ သော်တာသိုက် မွေးဖွားသန့်စင်ခဲ့ရာ ကွဲ့မင်းကုန်း စေတီ၏ သမိုင်းရာဇဝင်ဖြစ်သည်။

ရာဇဝင်နှင့် ဇာတာခွင်ကို နှိုင်းယှဉ် တွက်ချက်ပြီးနောက် ဒီတလေးမှာ အဖကို ခြေရာချင်းတိုင်းပြီး ကွဲ့ခတ်သလို အမဲဖျက်မည့် တလေးဟု ဗေဒင်ဆရာက လျှာရိုးမရှိတိုင်း လျှောက်ပြောလေသည်။

အဲဒီအချိန်မှစပြီး မိခင်ဖြစ်သူမှာ သားဖြစ်သူ ကံကြီးထိုက်မှာ စိုးတာ တစ်ကြောင်း ဖခင်၏ စရိုက်ဆိုးတွေ ကူးစက်သွားမှာ တစ်ကြောင်း ကြောင့် ကလေးကို နို့ဖြတ်ပြီး ဖခင်နှင့် ဝေးရာ ညီမဖြစ်သူ၏လက်ထဲ ထည့်ထားလေ၏။

ဖအေဖြစ်သူမှာလည်း ဖခင်စိတ်ပီသစွာ သားဟူသော သံယောဇဉ် ကြောင့် တစ်လနေလို့ တစ်ခါ သွားမကြည့်ချင်ပေမယ့် ခယ်မဖြစ်သူ မျက်နှာကြောင့် တစ်ပတ်တစ်ခါတော့ ပုံမှန်သွားတွေ့လေသည်။

တကယ်တော့ သော်တာသိုက်လေး၏ ဖခင်ဦးထွန်းသိုက်မှာ ဝုဏ်သရေမရှိ လူကြီးတစ်ယောက် ဖြစ်သည်။

တွေ့သမျှ မိန်းမ ခယ်မပါမချန် ခြင်ထောင်သွားလှန်တတ်သော ကြောင့် အချုပ်ထဲမှာ ခြင်မတွေနှင့် ညအိပ်ရပေါင်းလည်း များပြီ။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတွေမှန်သမျှ စောင်မကြည့်ရှုတတ်ပေမယ့် ယောက်ျားဆိုရင်တော့ မျက်စိရှေ့မှာ ထောင့်မကျိုးလာမလုပ်နဲ့ ကရုဏာ ရှေ့ထားဝါးပိတ်ရိုက်တတ်၏။

အခုလည်း သားဖြစ်သူတစ်ယောက်လုံး ဖအေမြင်လို့ အော်ငိုတာကို ဂရုမထား ခယ်မကိုပဲ ပွားနေသည်။

"မြတ်နိုးရယ်. . . ကလေးက နို့ဆာလို့ ငိုနေတာ၊ နင် နို့လှန်တိုက်လိုက်ပါလားဟာ"

ဦးထွန်းသိုက်စကားကြောင့် ခယ်မဖြစ်သူ မေမြတ်နိုး မျက်နှာကြီးရဲသွားသည်။

"ကိုကြီး. . . ကိုကြီး ဘာစကားပြောတာလဲ၊ ကျွန်မက အပျိုနော်"

"အဲ ဟုတ်သားပဲ၊ ဆောရီးဟာ၊ ငါ့မေ့ပြီး ပြောလိုက်မိတာပါ"

"ဟမ်"

မေမြတ်နိုး မျက်စိမျက်နှာ ပျက်နေသည်။ စကားတွေက ထိသလိုနိုးသလို ကလိသလိုနှင့် အညှီအဟောက်တောထဲက မထွက်တော့။

"ကဲ. . . ကဲ နင် တလေးကို နို့မတိုက်ချင်ဘူးဆိုရင်လည်း ငါ့ကိုပဲ"

"ဘာ"

"လုပ်ပြန်ပြီဟာ. . . နင်က ကိုယ်လိုရာ ဆွဲတွေးနေပြန်ပြီ၊ ငါ့ကိုပဲ ကလေးပေးလိုက်တော့ ငါ နို့ဗူးဖျော်တိုက်လိုက်မယ်လို့ ပြောမလို့ပါဟာ"

"တော်စမ်းပါ ကိုကြီးရယ်. . . ကလေး ဗန်းပြပြီး လူကြီးတိုဘာမြှူမနေပါနဲ့၊ ကလေးက နို့ပြတ်သွားပြီ. . . ကိုကြီးသာ"

"ဘာဖြစ်လဲ"

"ကိုယ့်အကြောင်း ကိုယ်သိမှာပေါ့၊ တစ်အိမ်ထဲနေတုန်းက မူးပြီး



www.burmeseclassic.com

www.burmeseclassic.com



ခြင်ထောင်မှားဝင်သလိုနဲ့ စောင်လာလှန်လို့ မကြီးက စိတ်မချဖြစ်ပြီး ဘော်ဒါဆောင်ကို ပို့လိုက်တယ်။ အခု ဒီရောက်တော့လည်း ကလေး အကြောင်းပြပြီး နို့တိုက်ခိုင်းတယ်။ ဒီအကြောင်း မကြီးသိရင်တော့ မလွယ်ဘူးနော်”

“ဒါက နင့်စိတ်ထဲမှာ ငါ့ကို မယုံသင်္ကာ ဖြစ်နေတာပါ မြတ်နိုးလေး ရယ်၊ တကယ်တော့ ငါက သစ္စာရှိပါတယ်”

အမဲရိုး ကိုက်ပြောရင်တောင် ယုံနိုင်စရာမရှိသော စကားကြောင့် မေမြတ်နိုး မဲ့လိုက်သည်။

“ဟွန်း ဘာသစ္စာရှိတာလဲ၊ ငယ်ငယ်တုန်းကလည်း ကောင်မလေး ငယ်ငယ်ချောချောလေးတွေကို ပြစ်မှားတယ်။ အရွယ်ရောက်တော့လည်း ကောင်မလေးငယ်ငယ်ချောချောလေးတွေကိုပဲ ပြစ်မှားတယ်။ အခု အသက်ကြီးတဲ့အထိလည်း ကောင်မလေးငယ်ငယ်ချောချောလေးတွေ ကိုပဲ ပြစ်မှားတုန်းပဲ၊ အဲဒီသစ္စာလား”

“အုဝဲ. . . အုငဲ. . . အုကွဲ. . . အုပြဲ. . . အုတွဲ”

ကလေးကလည်း အသံပေါင်းစုံ အော်ပြီး ငိုနေသည်။

“ဩော်. . . သားသားက ဖေကြီးဘက်က မခံနိုင်လို့ ငိုတာလား မငိုပါနဲ့ကွာ၊ မင်းဒေါ်လေးက မသိလို့ ပြောမိတာပါ”

သိရင်တော့ အချုပ်ထဲ တန်းထည့်မလားမသိ။

“တော်ပါ ကိုကြီးရယ်. . . ကလေးက သူ့အဒေါ်ပါသွားမှာစိုးလို့ တားနေတာပါ၊ ကိုကြီး ပြန်ပါတော့၊ ဒီနေရာက အမျိုးသမီး ဘော် ဆောင် အရွယ်မရောက်သေးတဲ့ ယောကျ်ားလေးကလွဲပြီး ရှိမနေ့ရဘူး ပြီးတော့ ကိုကြီးလို လူမျိုး ဒီနေရာမှာ ရှိနေတာ ဘော်ဒါဆောင်တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



လုံးက မိန်းမတွေ အထင်လွဲခံရနိုင်တယ် ပြန်ပါတော့”

“မိုက်ရိုင်းလိုက်တာဟာ၊ နင်ပြောမှ ငါလည်း နှာဘူးလုံးလုံး ဖြစ်တော့တယ်။ တကယ်ဆို ကိုယ့်ခဲအိုကို လေးစားသမှုနဲ့ လက်ကိုင်ခွင့်လေးတော့ ပေးသင့်ပါတယ်”

“ကိုကြီး”

“ကလေးလက်ကို ပြောတာပါဟာ နင်ကလည်း”

မေမြတ်နိုး ငြိမ်သွားသောအခါ ဦးထွန်းသိုက် ကလေးလက်ကို ဆုပ်ကိုင်လိုက်သည်။

ကလေးကလည်း ဘယ်အချိန်တည်းက ဖခင်မေတ္တာ ဝတ်မွတ်နေသည်မသိ။ အငိုတိတ်ပြီး ဖခင်ရဲ့ လက်ကို ပေါင်ကြားထဲထည့်တာ သေးနဲ့ ပန်းသည်။

“ဟာ သားက ဖေကြီးကို ကျီစားတယ် ကြည့်စမ်း၊ ရှုပေါက်တာတအစ ဖေကြီးနဲ့ တစ်ပုံစံတည်းပဲ၊ ဖေကြီးလည်း အဲဒီလို သေးတန်းရှည်ကြီး ထွက်တယ်”

မေမြတ်နိုး ပေါက်ကွဲနေသည်။

“ကိုကြီး ဒါ မိန်းကလေးတစ်ယောက်ရှေ့မှာ ပြောစရာလား။ ဖယ်၊ ကလေးကို ဘောင်းဘီသွားလဲပေးရမယ်”

“အေးပါဟာ. . . မပြန်[illegible] ငါ နမ်းသွားပါရစေဦး”

“မြန်မြန်လုပ်”

“ရွတ်”

မေမြတ်နိုး မျက်လုံး ပြူးသွားသည်။

ကလေးကို နမ်းမယ်အထင်နဲ့ မြန်မြန်လုပ်ဆိုပြီး ပြောလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com

ပေဘာ့လှိုင်း – ၁၄

ကြောင်ခံတွင်းပျက်ကြီးက သူ့ပါးကို နမ်းပြီး ပြေးတာ ပါးရိုက်ချိန်ပင် မရလိုက်။

အသားတွေက တဆတ်ဆတ်တုန်ပြီး ကျန်ခဲ့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

(၂)

ဒေါ်မေအကြင်နာ အိမ်ထဲမှာ ပွဲကြမ်းနေ၏။ အမေဂျမ်းဝင်ပူး၍ မဟုတ်။ လင်ဖြစ်သူ၏ လုပ်ရပ်ကြောင့် သည်းခံစိတ်တွေ ပြလရမ်း ဖြစ်ကုန်၍ ဖြစ်သည်။

"ရှင် တော်တော် မိုက်ရိုင်းပါလား ကိုထွန်းသိုက်၊ ကိုယ့်မယားရဲ့ ညီမကို ကိုယ့်ညီမလို သဘောမထားဘဲ ညာနမ်းသွားတယ်တဲ့ ညီမလေးက ငိုယိုပြီး လာတိုင်တယ် ရှင် အဲဒါ ဘာလုပ်တာလဲ"

"တကယ့်ကို အကြောင်းအကျိုး တိုက်ဆိုက်မှုပါ မိန်းမရယ် . . . အဘိဓမ္မာ သဘောအရပြောရင် ပဋိစ္စသမုပ္ပါဒ် လို့ ခေါ်မလား၊ နမ်းတာတ တလေးကို ဒါပေမဲ့ နမ်းမိသွားတာ လူကြီးကို၊ ကြားထဲမှာ ဖြစ်သွားတဲ့ လွဲချော်မှုက လျှပ်စီးလက်သွားသလို၊ ဘာဖြစ်သွားမှန်း ငါလည်း မပြော တတ်ဘူး၊ အဲဒါကြောင့် ရှေးလူကြီးတွေ ဆုံးမခဲ့တာပေါ့၊ မျက်စိတစ်မှိတ် လက်ဖျစ်တစ်ချက်အတွင်းမှာ ဘာမဆိုဖြစ်သွားနိုင်တယ်တဲ့"

"ဩော် . . . တော်တော် အပြောကောင်းတဲ့လူကြီး ကျွန်မတ



www.burmeseclassic.com

www.burmeseclassic.com



ရှင့်ကို သာမုခေါ် ရမယ့် ပုံတောင် ပေါ်ကုန်ပြီ၊ သာမုတော့ မခေါ်နိုင်ဘူး၊ နှာနူကို ဇရှတ်တျှည်ပွေ့နဲ့ ရိုက်ချိုးပစ်မယ်၊ အဲဒါမှ နောက်မနမ်းနိုင်မှာ"

"ဘာကွ၊ နောက် နမ်းရအောင် ငါက ခွေးမှိုလို့လား၊ အရှေ့ပဲ နမ်းတာ မင်း ငါ ဒီနေ့ စိတ်ကောင်းဝင်လို့ သည်းခံနေတယ်ဆိုပြီး ရောင့်မတက်နဲ့နော်"

"စိတ်ကောင်းဝင်မှာပေါ့၊ စောစောစီးစီး ဘယ်မယားငယ်နဲ့ တွေ့ပြီး ပြန်လာလဲမှ မသိတာ"

"အေး မင်းသိရင် ပြီးတာပဲ"

"သိပါတယ် သိပါတယ်၊ ပုဆိုးတောင် ချည်စတွေ ထွက်နေတာကို အပြင်ထုတ်ပြီး ပြောင်းပြန်ဝတ်လာတာကိုး နန့်ကြောဆွဲပြီး ပြန်လာတယ်ဆိုတာ သိပါတယ်။ တော်သေးတာပေါ့ ထဘီဝတ်ပြီး ပြန်မလာလို့"

"ဘာကွ"

ဦးထွန်းသိုက် ဒေါသအိုးပေါက်ကွဲပြီး ဇနီးဖြစ်သူကို ခေါက်ဆွဲတွေးလိုက်သည်။

"ဖောင်း"

"အ"

ဒေါ်မေအကြင်နာ ရင်မှာမချိတဲ့ ဒဏ်ရာတွေနဲ့ လင်မသာကို ကြည့်ပြီး ငိုကြွေးပါတော့သည်။

"ဟင့် . . . ကိုယ့်မယားကို ပါးရိုက်ပြီး ခယ်မကို နမ်းတဲ့လူကြီး ဒီလို လင်မျိုးကို ရွေးမိတာကျွန်မအမှားပါ"

"ဘယ်သူမှ အပြစ်မတင်ပါနဲ့ကွာ၊ စကားပုံတောင်ရှိသေးတယ်၊ မယားဆိုတာ တိုက်ပွဲ၊ ခယ်မဆိုတာ လိုက်ပွဲတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အေး လိုက်ပွဲဆိုတာ မဝတဲ့လူတွေမှ တောင်းတာ၊ ရှင်က ကျွန်မ တစ်ယောက်တည်းနဲ့ မဝဘူးလား"

"မင်းက ဝအောင်မှ မကျွေးတာ၊ အဲဒီတော့ လိုက်ပွဲ တောင်းရ ပြီပေါ့"

"တော်ပါရှင် ကျွန်မ ရှင်စားချင်တယ်ဆို ဖွယ်ဖွယ်ရာရာ လုပ်ပေးရဲ့ သားနဲ့ သက်သက် မတင်းတိမ်တာ ရှင်ဟာလေ စားပိုးနင့်ပြီး သေမယ့်လူ"

"သေပါစေကွာ ဒီလို ကိစ္စမျိုးဆိုတာ သေကောင်းပါတယ်။ အဲဒါ ကြောင့်မို့လို့ တစ်ဦးတည်းသော သမီးကို မယူဘဲ ညီမအဆစ်ပါတဲ့ မင်းကို ယူတာပေါ့၊ လိုက်ပွဲပါရတယ်လေ"

စောက်ဆင့်မရှိသော စကားလုံးတွေနှင့် ရင်ထဲကို မခံချိမခံသာ အောင် ဆွနေသောကြောင့် ဒေါ်မေအကြင်နာ နာကျင်စွာ ခံစားနေရ၏။

"ဟင့် . . . ဟင့် အဖေတို့အမသားကြီး၊ ဒီလို စိတ်ဓာတ်မျိုး ရှိတာကို သိရင် အစောချည်းထဲက ညီမလေးကို နိုင်ငံခြား ပို့ထားပါတယ်။ ဆော်သေးတာပေါ့၊ ညီမလေး ဒီထက်ပိုပြီး ဘာမှ မပွန်းပဲ့ သွားလို့ ခင်တ အခွင့်အရေးရရင် မိန်းမမှန်သမျှကို ကြံမယ့်သူ"

"အေး ဒါက နင် ဒီလောက်ပဲ သိထားတာကိုး။ နင့်ညီမက ရှက်လို့ မပြောတာဖြစ်မယ်။ ငါတို့နှစ်ယောက် ဘယ်အခြေအနေထိ ဖြစ်ခဲ့ကြလဲ သိလား"

"ဟင် . . . ဘယ်အခြေအနေထိ ဖြစ်ခဲ့ကြလဲ"

"ငါ သူ့ဆီက ပြန်လာတော့ လက်ကို ဆပ်ပြာနဲ့ ရေဆေးနေတာ တွေ့တယ် မဟုတ်လား၊ အဲဒါ သေးစိုနေလို့ ဆေးတာ၊ ဒီလောက်ဆို သဘောပေါက်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မေအကြင်နာ ညီမဖြစ်သူအတွက် ရင်ထဲမှာ သောကမီး ယှတ်ပြီး ဒေါသဖီးလ် တက်သွားပါသည်။

"တောက် . . . ဖြစ်မှ ဖြစ်ရလေ ညီမလေးရယ်၊ လက်ကို သေးနဲ့ ပန်းတဲ့အထိတောင် ဖြစ်ခဲ့ရသလား၊ ပန်းမယ့်ပန်း ဒင်းမျက်ခွက်ကြီးကို ပန်းလိုက်ပြီးရော"

တလေးပန်းတာကို လူကြီးပန်းတယ်ထင်အောင် နလဲ့ပလဲ့ ပြောတတ်သော ဦးထွန်းသိုက်ရဲ့ပါးစပ်ကို ရွှေချပြီး အိမ်သာစီးတဲ့ဖိနပ်နှင့် ခုနစ်ချက် ရိုက်သင့်ပါသည်။

လက်တွေ့ မလုပ်လိုက်ရတော့ ပါးစပ်အရသာခံပြီး ပြောခြင်း ဖြစ်၏။

ဒါပေမဲ့ အရသာမတွေ့ရှာသူ ဒေါ်မေအကြင်နာကတော့ ညီမဖြစ်သူကို သတင်းမေးရန် ထဘီတိုတိုဝတ်၍ အိမ်အောက်ပြေးဆင်းသွားလေသည်။

"တောင်မ . . . ဒါက ဘယ်လဲ"

"ညီမလေးဆီ သွားမေးမလို့၊ အနေအထားပျက်သွားရင်တော့ ရှင်နဲ့တွေ့နိမ တွေ့ပြီ"

"အေး အေး သွား အနေအထားပျက်လား၊ မပျက်လား သေချာ ခါတ်ပုံရိုက်ပြီး မှတ်တမ်းတင်ခဲ့၊ ငါ ကြည့်ပေးမယ်"

ဒေါ်မေအကြင်နာ အမျိုးသမီးဘော်ဒါဆောင် ရောက်သွားသော အခါ သူ့ညီမ ပါးလေးတစ်ဘက် နည်းနည်းနီနေသည်မှ လွဲ၍ မျက်နှာ အနေအထားမပျက်သောကြောင့် စိတ်အေးသွားရပါသည်။

တကယ်တော့ ဦးထွန်းသိုက်ဆိုသော ကြာကူလီနဲကြီးမှာ



www.burmeseclassic.com

www.burmeseclassic.com



တာယက်ရော၊ ဝစီကံရော၊ မနောကံပါ အောက်တန်းကျပြီး ပညာအရည်အချင်းကတော့ ခြောက်တန်းကျတဲ့ ပေါက်ပန်းလဒကြီး ဖြစ်ပါ၏။ ဒါကို ယူခဲ့သော ဒေါ်မေအကြင်နာကတော့ စောက်ကန်းမကြီးလား မပြောတတ်။

♫ မိန်းမယူထားတာ ကြိုက်လို့မဟုတ်ဘူး. . .
ခိုက်လို့မဟုတ်ဘူး. . . ဖိုက်ဖို့ ယူထားတာ ယုံရဲ့လား
အားဟာဟာ. . . ယုံရဲ့လား ယုံရဲ့လား အားဟာဟာ
ယုံရဲ့လာ ♫

တစ်ခါတလေ အဲဒီသီချင်းညည်းပြီး လူကို ကလိတတ်ပါသေး၏။ သူ ဖိုက်ထားတဲ့ ဒဏ်ရာတွေကြောင့် တစ်ကိုယ်လုံးလည်း အညိုအမည်းစွဲလို့။

ဒါပေမဲ့ အရိုးကွဲအောင်ရိုက်မှ အသဲစွဲအောင် ချစ်တယ်ဆိုသော စကားအတိုင်း သူ ဖိုက်တာလေးကိုပင် ကိုယ်ခိုက်နေရသောကြောင့် အယ်သူ ကြိုက်ကြိုက် မကြိုက်ကြိုက် မိအကြင်နာတို့ကတော့ ချစ်လင်အပေါ် အလိုလိုက်ဆဲဖြစ်ပါသည်။

ဝိုင်းစုခိုင်သိန်းသီချင်းထဲကလို အပြစ်မမြင်ပါဘူး ချစ်ချင်တာပဲသိတယ်၊ ငါ့မှာ အနားနားမှာ အမြဲဖိပါရစေ ဆိုပြီး အိပ်ပျော်နေတုန်းခေါင်းအုံးနဲ့ ဖိသတ်ဖို့ တစ်ခါတလေ မိုက်မိုက်ကန်းကန်း ကြံစည်မိပါ၏။ ဒါပေမဲ့ သူ ကိုယ့်အပေါ်မှာ အနိုင်ယူခဲ့တာ၊ ပြောစကားနားမထောင်ခဲ့တာ၊ ဆေးငယ်ထားခဲ့တာ၊ ကြယ်●တွေ လတွေ မြင်အောင် ရိုက်ခဲ့တာလေးတွေ တွေးပြီး သနားမိကာ မလုပ်ဖြစ်ခဲ့။ သူက မလုပ်တော့ ဟိုက နိုးပြီးသူ့ကို ပြန်လုပ်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဩော်. . . နောက်ဆုံးတော့ မိန်းမသားဘဝဆိုတာ ခံဘက်က ချည်းပါတကား။

ကုတင်ပေါ်မှာ ကျတဲ့မျက်ရည်ဆိုတာ ဒါကို ပြောတာ ဖြစ်မည် ထင်သည်။

တောက်. . . တောက်. . . တောက်

* * *

www.burmeseclassic.com

www.burmeseclassic.com

(၃)

"ကလေးကို သူ့အမေ ပြန်ခေါ်သွားပြီ၊ အဲဒီတော့ ကိုကြီး ပြန်ပါတော့"

"ကိုကြီး ပြန်ရင် ညီမလေးက ငိုပြီး ကျန်ခဲ့မှာလား"

"ဘာတွေ လာပြောနေတာလဲ၊ ပေါတောတောနဲ့ ကိုယ့်အသက်ကိုယ်ပြန်ကြည့်၊ အိုကျိုးစံလောက်ဖြစ်နေပြီ"

"အိုကျိုးစံလောက်ရှိတော့ ပိုပြီးသန်တာပေါ့ ညီမလေးရယ်၊ စတားတောင် ရှိသေးတယ်၊ နွားပျိုသန်လှ နွားအိုပေါင်ကျိုးသလောက်တဲ့၊ ကိုကြီးက မကျိုးသေးပါဘူး"

"မကျိုးသေးရင် ရိုက်ချိုးဖို့အတွက် ဝါးရင်းတုတ်ဆောင်ထားတယ်၊ မြည်းကြည့်မလား"

ဝါးရင်းတုတ်ဆိုသည်မှာ ရိုက်ရင် နာတတ်သည့်အတွက် ဦးထွန်းသိတ် နည်းနည်းဖြုံသွားပြီး လေပြေသွေးလိုက်၏။

"အလကားစတာပါဟာ၊ ငါ နင့်ကို အတည်ပြောမှာပါ၊ တို



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့က ကိစ္စ တောင်းပန်ချင်လို့”

“ဒါ တောင်းပန်လို့ရတဲ့ ကိစ္စမဟုတ်ဘူး”

“ဒါဆို လက်ခံလို့ရတဲ့ကိစ္စပေါ့”

“တာ. . . တင်းလာပြီ”

မေမြတ်နိုး အံကြိတ်ပြီး ဘေးနားမှာ ထောင်ထားသည့် ဝါးရင်းတုတ်ကို ဆွဲရန် ပြင်ရာ ဦးထွန်းသိုက်က အရင် လက်ဆွဲ၍ တောင်းပန်သည်။

“ဆောရီးပါဟာ. . . ငါက နင့်ကို ကိုယ့်ညီမလေးလို ချစ်လို့ လိုက်စနေတာပါ။ စိတ်မဆိုးပါနဲ့”

“စိတ်မဆိုးစေချင်ရင် အခုပြန်”

“အခုပြန်ရင် တစ်ခုကျန်မှာလား”

“တစ်ခုတော့ မကျန်ဘူး။ ဘာကျန်မလဲ သိချင်ရင် ရှေ့တိုးလိုက်”

“ရှေ့တိုးလိုက်ရင် မြွေဆိုးကိုက်တာထက် ဆိုးသွားမှာပေါ့ ညီမလေးရယ်၊ ငါ နင့်ကို စကားအကောင်းပြောမှာပါ။ အဲဒီတော့ ကော်ဖီဆိုင် သို့မဟုတ် အအေးဆိုင်ကို သွားကြရအောင်”

“မလိုက်ဘူး ဒီမှာပြော”

“ဒီမှာပြောရင် ကာလီကမာပြောမယ်ထင်မှာစိုးလို့ ဆိုင်မှာ ပြောပါရစေ၊ ငါ နင့်ကို ရင်ဖွင့်ပြချင်လို့ပါ”

“မကြည့်ဘူး၊ ရွံတယ် အမွေးတွေနဲ့”

“ဟာ ရင်ဖွင့်ပြချင်လို့ဆိုတာ နင့်အစ်မကို ငါ မပြောဘဲ ထိန်းချုပ်ထားတဲ့ ကိစ္စတွေ ပြောပြချင်လို့လို့ ပြောတာပါ။ ဒီမှာ ပြောလို့အဆင်မပြေဘူး။ ငါ ပြောချင်တာ ပြောပြပြီးရင် နောက် နင့်ဆီကိုလာယ်တော့မှ



www.burmeseclassic.com

www.burmeseclassic.com



မလာတော့ဘူးလို့ ကတိပေးပါတယ်”

မိန်းကလေးပီပီ ထိန်ချန်ထားတဲ့ ကိစ္စတွေ သိချင်စာတစ်ကြောင်း၊ ဒီတစ်ခါတွေ့ပြီးရင် နောက် ဘယ်တော့မှ မလာတော့ဘူးဆိုတဲ့ ကတိကို သဘောကျတာတစ်ကြောင်း ကော်ဖီသောက်ဖို့ ရည်ရွယ်ပြီး အပြင်ထွက်ရန် ကြံစည် ရောက်လာတာကတစ်ကြောင်းကြောင့် မေမြတ်နိုး စက်ဘီးကို လေနှစ်ချက်ထိုးလိုက်သည်။

“ရှိုး. . . ရှိုး”

“နင်က စက်ဘီးတောင် လေထိုးနေပြီဆိုတော့ ငါ့ကို တင်နင်းနိုင်လို့လား”

“မနင်းနိုင်ဘူး. . . နောက်က လမ်းလျှောက်ပြီး လိုက်ခဲ့. . . သွဲလွဲစိမ်း ကော်ဖီဆိုင်က စောင့်နေမယ်”

“လုပ်မနေပါနဲ့ဟာ. . . ငါ တင်နင်းပါ့မယ်၊ ပေးပေး လေလည်း ငါပဲ ထိုးပေးမယ်”

“နောက်တစ်ခါ ဒီကို ဘယ်တော့မှ မလာဘူးလို့ ကတိပေးထားယ်နော်”

“ပေးပါတယ်ဟာ. . . ယောကျ်ားကတိပါ”

“အဲဒါဆို ထိုး”

“ဟိုဘက်လှည့်လိုက်လေ”

“ဘာ”

“လေထိုးပေးဖို့ နင် ရှေ့က ခံနေတယ်၊ ဟိုဘက်တိုးလို့ ပြောတာ”

“ဟင်း. . . စကား ပြောရင် အနှောင့်အသွားကို မလွတ်ဘူး မြှော သေးထိုးပိုက်”



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနှင့်

♪ ဘီးကလေးကို စီး ပီး. . . အချစ်ကလေးကို

တင်ပြီး ကိုယ်သွားရတာလည်း အင်မတန်ပျော်. . .

စကြာဝဠာအဆုံးထိ နင်းရမလား၊ အချစ်ကမေးတယ်၊

တကယ် တကယ် တကယ် သိပ်မောသွားလား မောင်

ရယ်တဲ့၊ မောတော့ မောတာပေါ့ ဒါပေမဲ့ မမောဘူး♪

"ကိုကြီး စက်ဘီးနင်းတာ ကောင်းကောင်း နင်းပါ၊ အဲဒီသီချင်းကို အော်ဆိုနေတော့ အနောက်မှာ ထိုင်လိုက်လာတဲ့ ကျွန်မကို လူတွေက ဘယ်လို ထင်ကြမလဲ"

"ငါ့ရည်းစားလို့ ထင်မှာစိုးလို့လား၊ ဒါဆိုလည်း ငါ သီချင်း ပြောင်း ဆိုပေးပါ့မယ်ဟာ"

ဦးထွန်းသိုက် စက်ဘီးကို ညာဘက်လမ်းချိုးထဲ ကွေ့လိုက်သည်။

♪ ဘီးကလေးကို စီး ပီး. . . ခယ်မလေးကို

တင်ပြီး ကိုယ်သွားရတာလည်း အင်မတန်ပျော်. . .

KTV ရှေ့ထိ နင်းရမလား၊ ခယ်မကမေးတယ်၊ တကယ်

တကယ် တကယ် သိပ်မောသွားလား အစ်ကိုရယ်တဲ့၊

မောတော့ မောတာပေါ့ ဒါပေမဲ့ မမောဘူး♪

"ဟာ ဆက်ဆိုရင် စက်ဘီးပေါ်က ခုန်ချလိုက်မှာနော်"

"ခုန်တော့ မချလိုက်ပါနဲ့ဟာ၊ ရှိတာလေးတွေ ပြုတ်ပျက်ကျကုန် ပါဦးမယ်၊ အစအနောက်သန်တာ ငါ့ဗီဇ ဖြစ်နေလို့ပါ"

"မနောက်နဲ့ မကြိုက်ဘူး"

"နင်က အနောက်မခံဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"အရှေ့ကော"

"ဟာ. . . မိုက်ရိုင်းလှချည်လား"

"ဘာလဲ. . . အရှေ့ကော ကွေ့ဦးမှာလား တည့်တည့်သွားရမှာလား မေးတာ၊ နင်ပြောတဲ့ လဲ့လဲ့စိမ်းကော်ဖီဆိုင်ကို သွားဖို့အတွက်"

"အပိုတွေ မပြောနဲ့ ဆိုင်က ရောက်နေပြီ"

စက်ဘီးပေါ်မှာတည်းက တောက်လျှောက် ပေါက်ကရတွေ ပြောလာလိုက်တာ ဆိုင်ထိုင်တော့လည်း စကားက အရည်မရ အဖတ်မရ။

"ရင်ဖွင့်စရာ ရှိတယ်ဆိုတာ ဘာလဲပြော"

"နင် စဉ်းစားကြည့်ပါ ညီမလေးရယ်၊ တကယ်ဆို နင်တို့ မိန်းကလေးတွေဟာ ငါတို့ ယောကျ်ားလေးတွေထက် အပေါ်ပိုင်းစိတ်ပိုကြီးတယ် မဟုတ်လား၊ အပိုပစ္စည်းတွေပါတာကိုး"

"ဟာ. . . ဘာတွေ လာပြောနေတာလဲ"

"စကားကို ဆုံးအောင် နားထောင်ပါဦးဟ၊ ငါတို့ယောကျ်ားလေးတွေက ရင်အုပ်တွေ ချပ်လို့ ဒိုက်ထိုးတာ ရင်အုပ်ကြီးအောင်၊ မနက်တိုင်းအစ်မ ငါ့မယား ရေချိုးရင်း ဒိုက်ထိုးနေတယ်လေ၊ ကဲ. . . သူ ဘာကြီးချင်လို့လဲ ပြော"

"ဗိုက်ကြီးချင်လို့ နေမှာပေါ့"

မေမြတ်နိုး စိတ်မရှည်၍ ရွှဲပြောလိုက်ခြင်း ဖြစ်သည်။

"ဩော်. . . အေး ဒါဆို ငါလည်း နည်းလမ်းမှားနေတာပဲ၊ ဗိုက်ချပ်အောင် ဘယ်လိုလုပ်ရတာလဲဟင်"

မေမြတ်နိုး စိတ်မရှည်တော့



www.burmeseclassic.com

www.burmeseclassic.com



"ဗိုက်ကို လမ်းကြိတ်စက်နဲ့ တက်ကြိတ်ရတယ်"

"ဒါဆို နင့်အစ်မကို ငါ အဲဒီနည်းလမ်း သွားပြောလိုက်မယ်နော်၊ ပြီးရင် ငါကိုယ်တိုင် လမ်းကြိတ်စက် တက်မောင်းပေးမယ်"

"ဟာ. . . ရွဲ့ပြောနေတာ ဒုက္ခပဲ၊ ရင်ဖွင့်မယ်ဆိုပြီး ဘာတွေ လာပြောနေမှန်းလည်း မသိဘူး"

ငါက နင် စိတ်ကြည်သွားအောင် ဟာသလေးတွေ ဖောက်ပေးတာ ပါဟာ၊ ဟာသတွေ ဖောက်ပြီးရင်တော့ လူကို"

"ဘာ"

"လူကို အတည်ပြောတော့မယ်လို့ ပြောတာ နင်က ဒေါသကြီးပဲ"

"ဒေါသကြီးမှာပေါ့၊ ရှင်ပြောတဲ့ စကားတွေက တစ်လုံးမှ တောင်းတောင်းတန်းတန်း မပါဘူး၊ အကုန်လုံး အောက်လုံးတွေချည်းပဲ"

"အောက်လုံးဆိုတာ အောက်က အလုံးကို ပြောတာလားဟင်"

"ဘာ"

"ဒူးနှစ်လုံးကို ပြောတာလားလို့ မေးတာ"

"တော်ပြီ ပြန်တော့မယ်"

မေခြတ်နီး ထရန် ပြင်ရာ ဦးထွန်းသိုက် အတင်း လက်ဆွဲ၍ ပြန်ထိုင်ခိုင်းသည်။

"ညီမလေး စိတ်မဆိုးပါနဲ့ဟာ နင် စိတ်ဆိုးတဲ့ ပုံလေးက ကမ္ဘာ တစ်ခြမ်းကို လူမည်းတွေ သိမ်းပိုက်သွားသလို ရင်ထဲကို ထိလွန်းလို့ စနေ မိတာပါ. . . တဲ ဇော်ဖီလည်း ရောက်လာပြီ သံခင်းတမန်ခင်း ဆွေးနွေး ရအောင် ထိုင်ပါဟာ"

"ဒီတစ်ခါ အတည်မပြောရင် ပြန်မှာနော်"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ"

မေမြတ်နိုး စိတ်လျှော့ပြီး ပြန်ထိုင်လိုက်ရာ ဦးထွန်းသိုက်တအင်မတန်မှ တည်ကြည်ခန့်ညားသော စကားကို ပြောပါတော့သည်။

"တကယ်တော့ ငါ နှင့်ဆီက ပိုက်ဆံချေးချင်လို့ပါဟာ၊ နှင့်အမေတငါ့ကို စိတ်ဆိုးပြီး အငတ်ထားတယ်၊ ငါ မနက်တည်းက ဘာမှ မစားရသေးဘူး"

"ဟင်း. . . အဲဒါများ စောစောတည်းက မပြောဘူး၊ ဆိုင်ထိတကူးတက ခေါ်လာစရာတောင် မလိုဘူး"

"ဟိုမှာပြောရင် မလေးစားရာ ကျမှာစိုးလို့ပါဟာ၊ ပြီးတော့ ပိုက်ဆံချေးတယ်ဆိုတာ ပတ်ဝန်းကျင်အနေအထား၊ ရေမြေတောတောင်သဘာဝရာသီဥတုအခြေအနေ တစ်ဘက်လူရဲ့ အားသာချက် အားနည်းချက်ဒါတွေကို လေ့လာပြီးမှ ချေးရမယ်"

"အမလေး. . . ပိုက်ဆံချေးတာများ၊ စစ်တိုက်ထွက်တာ ကျနေတာပဲ၊ ဘယ်လောက်လဲပြော"

"ထောင့်ငါးရာလောက်ဆို ရပါပြီ"

မေမြတ်နိုး အိတ်ဖြဲ၍ ပိုက်ဆံရှာနေစဉ် ဦးထွန်းသိုက် သတြားချပ်ကို ဖြဲပြီး မေမြတ်နိုး ကော်ဖီခွက်ထဲ ထည့်ပေးလိုက်သည်။

"တောင်. . . တောင်. . . တောင်"

"အဲလောက်ထိ ဖားဖို့ မလိုပါဘူး၊ ပိုက်ဆံထောင့်ငါးရာလောက်တညီလေး ပေးနိုင်ပါတယ်၊ ပြန်လည်းဆပ်မနေနဲ့၊ ချေးပြီးရင်မရဘူးဆိုတာသိတယ်"

"ငါ့ညီမလေးက သိပ်ချစ်ဖို့ကောင်းတာပဲ၊ ကိုကြီးက သကြားတွေ



www.burmeseclassic.com

www.burmeseclassic.com



ပျော်အောင် သေချာမွှေပေးနေတာပါ။ ဖားတာ မဟုတ်ပါဘူး”

သကြားပျော်အောင် မွှေရင်းနဲ့ မယားတော်အောင် ရွှေ့နေတယ် ဆိုတာတော့ မေမြတ်နိုးလေး မသိရှာ။

တကယ်တော့ ဦးထွန်းသိုက် ထည့်မွှေပေးလိုက်သည်မှာ အပြင်က သကြားထုပ်နဲ့ ခပ်ဆင်ဆင်တူပေမယ့် အထဲက သကြားဟန်ဆောင် ထားသော ဆေးတွေသာ ဖြစ်သည်။

ဆေးရဲ့ အာနိသင်က သွေးဆုံးနေသော အဘွားကြီးတောင် ဖလမ်းဖလမ်း ဖြစ်သွားနိုင်သည်မို့ ကော်ဖီသောက်ပြီး နှစ်မိနစ်အကြာ မေမြတ်နိုးတစ်ယောက် ဆေးတန်ခိုးပြပါလေတော့သည်။

စစ်တုရင် ကစားကွက်ထဲ၌ ကာမဘုရင် မင်းတရားကြီးက ခယ်မ ဆိုသော အလှဘုရင်မလေးကို ချက်လိုက်လေပြီ။

ပြေးစရာ နယ်ဟူ၍ ခဲအိုရင်ခွင်မှလွဲ ဘယ်မှ မရှိ။

ဟန်မဆောင်နိုင်လောက်ပုံများ မျက်လုံးတွေ စင်းပြီး ရမ္မက်လုံးတွေ တင်းလာ၏။

*♬ ဒီမှာ တင်းတယ် အို တင်းတယ် တင်းတယ်*
*ဟော့. . . လူမသိ သူမသိ ငါတစ်ယောက်တည်း*
*ကြိတ်ကာ. . . ♬*

ကော်ဖီဆိုင်မှာ ဖွင့်ထားတဲ့ အေသင်ချိုဆွေရဲ့ သီချင်းလေးကို နားထောင်ရင်း မိမိရဲ့ဖြစ်အင်နှင့် တိုက်ဆိုင်လှပါလားဟု တွေးကာ ကိုယ်ချင်းစာသွားသည်။

တကယ်တော့ ဘယ်လောက်မာနကြီးသူ ဖြစ်ပါစေ ရာဂမီး လောင်မြိုက်လာရင်တော့ ဘာမကြီးပဲဖြစ်ဖြစ် မခံနိုင်။



www.burmeseclassic.com

www.burmeseclassic.com



မခံနိုင်တော့ ရွှစိတက် အရှက်မရှိတဲ့ ပဲငါးပိချက်လို တစ်ကိုယ်လုံး ပျော့ပြဲလာ၏။

ပျော့ပြဲလာတော့ ချော့ဆွဲချင်သူ ကိုကို့အကြိုက်ပေါ့။

"မေမြတ်နိုး ညီမလေး နင် ဘာဖြစ်နေတာလဲဟင်"

"အင်း. . . ဟင်း ဘာမှ မဖြစ်ပါဘူး၊ ကော်ဖီက တစ်မျိုးကြီး ပဲနော်"

"ကြိုက်တယ် မဟုတ်လား"

"အင်း. . . ကြိုက်တယ်"

"ကြိုက်တယ်ဆိုရင် နောက်တစ်ခွက် ထပ်သောက်မလား"

"တော်ပါပြီ အခုတောင် တော်တော်ကောင်းနေပြီ"

"အဲဒီကောင်းစေတဲ့ ကော်ဖီပင်တွေ စိုက်ထားတဲ့နေရာ လိုက်ပြ မယ်၊ ကြည့်မလား"

"ဟင့်အင်း. . . ပြန်ချင်တယ်"

"ကိုကြီး လိုက်ပို့ပေးမယ်လေ"

"အင်း"

ဤအခန်းမှစ၍ ဆင်ဆာဖြတ်ပါသည်။

ဇာတ်ရှိန်တက်အောင် ဆွဲပြီးကာမှ ဒုံးခနဲ ဖြတ်ချလိုက်၍ စာဖတ် ချစ်သတ်များ အားမလို အားမရ မဖြစ်ပါနှင့်၊ တစ်ခါတလေ အဲဒီ အရသာကလေးက ဆန္ဒတငန့်ငန့်နှင့် ခံစားသူကို တသသ ဖြစ်စေသော ကြောင့် ဘဝင်ခိုက်အောင် အချဉ်တိုက်လိုက်ခြင်း ဖြစ်ပါ၏။

တစ်ခုပြောဖို့ မေ့ကျန်သွားပါသည်။

ဦးထွန်းသိုက် မေမြတ်နိုးကို တည်းခိုခန်း ညာခေါ်သွားသည့်



www.burmeseclassic.com

www.burmeseclassic.com



လမ်းမှာ ခွေးနှစ်ကောင် အဟုတ်ပြုနေသည်ကို ကြိုတင်နိမိတ်အနေနဲ့ မြင်ခဲ့ပါ၏။

ထိုအခါ သူ့ခယ်မဘက်ကိုလှည့်ပြီး သီချင်းလေးများပင် စောင်းဆိုလိုက်သေး။

♫ သူများကို အားကျမိတယ် အချစ်လေးရယ်
... ဘယ်လိုလဲ ပြော ♫

***



www.burmeseclassic.com

www.burmeseclassic.com

(၄)

မမအကြင်နာ

ညီမလေးတော့ ချစ်သူနဲ့ လက်ထပ်ဖို့ တစ်လအလိုမှာ ပန်းဦးဆွတ်ခံလိုက်ရပြီ၊ ပထမတော့ မမလူကြီးကို တရားစွဲပြီး ထောင်ချမလို့ပါပဲ၊ ဒါပေမဲ့ ဒီလိုလုပ်လိုက်ရင် ဘယ်သူ့အတွက်မှ မကောင်းဘူး ဖြစ်သွားမယ်၊ မမလည်း ဒုက္ခရောက်မယ်၊ ညီမလေးလည်း အရှက်ကွဲမယ်၊ ပြီးတော့ ညီမလေး ရည်းစားက ဘာလေးပဲစားစား ဦးဦးဖျားဖျားမှ ကျေနပ်တဲ့သူ၊ သူ စားမယ့်အစားအသောက်ကို တစ်ယောက်ယောက် နှိုက်မြည်းလိုက်တာနဲ့ သူ မစားတော့ဘူး၊ အဲဒီတော့ ဒီအကြောင်းတွေ သိရင် သူ ညီမလေးကို ခေါက်သွားလိမ့်မယ်၊ အဲဒီတော့ မမနဲ့ ညီမလေးရယ် ဟို သေချင်းဆိုးတကျားရှူးကြီးကလွဲလို့ ဘယ်သူမှ မသိပါစေနဲ့၊ ညီမလေး



www.burmeseclassic.com

www.burmeseclassic.com



ရည်းစားကိုပဲ ဂျင်းထည့်ပြီး အမြန်ဆုံး လက်ထပ်လိုက်တော့မယ်၊ သူလည်း ဘယ်သူ့မှ မပြောရင် ဦးဦးဖျားဖျားဆိုပြီး ကျေနပ်မှာပါ။ လင်မယားချင်း ကတောက်ကဆဖြစ်မနေပါနဲ့တော့နော်၊ မမဟာကြီးက ကီလေသာ တဏှာဘရိတ်ပေါက်နေပြီ၊ အဲဒီတော့ AIDS ဆိုတဲ့ ခာတ်တိုင်ကြီးနဲ့ ဝင်မတိုက်အောင်သာ ထိန်းသိမ်းနိုင်းပါ။

ညီမလေး မေမြတ်နိုး

စာကိုဖတ်ပြီး ဒေါ်မေအကြင်နာ ပုလဲခသွားသည်။ အိမ်ကတ တဏှာဘီလူးကြီးကို ဖုန်းဆက်ပြီးရဲတိုင်လိုက်ရင် ကောင်းမလား. . .။

ကိုယ့်လင်ကို ထောင်ထဲထည့်ပြီး ကိုယ့်ညီမကို အရှက်ကွဲအောင် မလုပ်ရက်သောကြောင့် ဒေါ်မေအကြင်နာ စိတ်လျှော့လိုက်ပါတော့သည်။

အဲဒီနေ့ကစပြီး ဦးထွန်းသိုက်တစ်ယောက်လည်း ပျောက်သွားလိုက်တာ ဘယ်မယားငယ်နဲ့ တူနန့် တူနန့် တူနန့် တူနန့် လုပ်နေလည်း မသိ။

ကလေး တစ်နှစ်ပြည့်မွေးနေ့ပွဲလုပ်မှ ပြန်ရောက်လာပါတော့သည်။

ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းဆိုသလို သားအတွက် မွေးနေ့လက်ဆောင်အဖြစ် မေမေတစ်ယောက် ထပ်ဝယ်လာသောကြောင့် မေမေကြီး မေမေလေးတွေ ဖြစ်ပြီး ကိုရီးယားကားထဲကလို ပတ်ရှုပ်ကုန်သည်။

ဆောင်းညပြာသိစာပေ

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မေမေကြီးက အချိုးမပြေတဲ့ မေမေလေးကို မွေးနေ့ ထိတ်နှင့် မျက်နှာထိုးပက်ပြီး ပိုးသတ်ပေးလိုက်၏။

အဲဒီတော့ မိုက်တိုင်စန်နဲ့ ဟိုလီဖီးလို မေမေကြီးနဲ့ ဖေဖေကြီး ထိုးသတ်ပြီး သားသားလေးရဲ့ မွေးနေ့ပွဲ ကျိုးပြတ်သွားသည်။

အဲဒီကစလို့ ဖေဖေကြီး ပေါ်မလာတော့။

သားသားလေး သော်တာသိုက်တောင် အရွယ်ရောက်ပြီး စော်ဘကာ လိုက်တတ်နေပြီ။

* * *



www.burmeseclassic.com

www.burmeseclassic.com

သို့

သော်တာသိုက်လေး၏ မိခင် ဒေါ်မေအကြင်နာရှင့်

ကျွန်မက သူ့ရဲ့အတန်းပိုင်ဆရာမ ဒေါ်ဖြူဖြူ သွယ်ပါ၊ ကျွန်မ တလေးကို သတိထားကြည့်နေတာ ကြာပြီ၊ ဟိုတလောက အတန်းထဲက ကောင်မလေး တစ်ယောက် ပိုက်ဆံ ၂၀၀ ပျောက်သွားလို့ ကျောင်းသူ ကျောင်းသားတွေရဲ့ လွယ်အိတ်ကို တစ်ယောက်ချင်း ဖွင့်ရှာတော့ သော်တာသိုက်လေးရဲ့ လွယ်အိတ်ထဲမှာ ဝတ်လစ်စလစ် မိန်းမပုံတွေ တွေ့တယ်။ နောက်တစ်နေ့ စာသင်ချိန်မှာ သူ ခေါင်းငုံ့ပြီး စာဖတ်နေတာတွေ့လို့ ကျွန်မ ခိုးဖမ်းလိုက်တော့ ညစ်ညမ်းဝတ္ထုတွေ ရေးတဲ့ စာရေးဆရာ တုတ်ကြီးရဲ့ အိပ်ရာပြတဲ့ ည ဆိုတဲ့ စာအုပ်ဖြစ်နေတယ်၊ အဆိုးဆုံးကတော့ လက်ရေးပိုင်



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းထဲက ဘာညာကားတွေ ကြည့်ပြီး မကြာခင်မှာ
အတန်းထဲက ကျောင်းသူလေးကို ရည်းစားစာပေး
တာပဲ၊ အဲဒီကျောင်းသူလေးက ကျွန်မ သမီး
ဖြစ်နေတော့ ကျွန်မ လုံးဝ သည်းမခံနိုင်ဘဲ သူ့ကို
ရိုက်လိုက်တယ်၊ အဲဒီကိစ္စ ဆွေးနွေးရအောင် မနက်ဖြန်
ကျောင်းလာခဲ့ပါ။

တီချယ်ကြီး

ဆရာမရဲ့ တိုင်စာကို လက်ခံရရှိပြီး ဒေါ်မေအကြင်နာ တရားကျ သွားသည်။

"ပြော် ချောင်းရိုးမြောင်းရိုးသာ တိမ်ကောရိုး ထုံးစံ ရှိတယ်။ လူမျိုးရိုးမတိမ်ကောဘူးဆိုတာ တယ်မှန်ပါလား၊ ကိုးတန်းကျောင်းသားဝဲ ရှိသေးတယ်၊ ဒီလောက် ဂျိုကြွနေရင် အရွယ်ရောက်လာရင် ဖအေထက် သာမှာ အမှန်ပဲ၊ ငါ ကြပ်ကြပ်မတ်မတ် ဆုံးမမှ ဖြစ်မယ်"

ဒေါ်မေအကြင်နာ ကြိမ်လုံးကို ကိုင်ဆွဲပြီး သား ပြန်အလာကို စောင့်နေလိုက်၏။

ဒီကလေး မှတ်လောက်အောင် ဆုံးမမယ်လို့ အားတင်းထားသမျှ သားဖြစ်သူ ပြန်အလာမှာ ဆီးကြိုပြောလိုက်တဲ့ စကားကြောင့် ဒေါသတွေ လျှောကျသွားပါသည်။

"အမေ. . . သား အမေ့အတွက် ဒိန်ချဉ်ဝယ်လာတယ်၊ အမေ ဝမ်းချုပ်နေတယ်ဆိုလို့ များများ သောက်လိုက်နော်"

ဒိန်ချဉ်တစ်ခွက်ရဲ့ တန်ဖိုးက ဘာမှ မရှိပေမယ့် သိတတ်မှုလေး တစ်ခုက အမေ့ရဲ့ နှလုံးသားကို ကျရှုံးသွားစေသောကြောင့် အားဖြစ်သူကို



www.burmeseclassic.com

www.burmeseclassic.com



အပြုံးစကားလေးဖြင့် တုံ့ပြန်လိုက်သည်။

"အေး အေး သောက်မယ် သား၊ ရေခဲသေတ္တာထဲမှာ ထည့်ထားလိုက်"

"အမေ ကြိမ်လုံးကြီး ကိုင်ပြီး ဘာလုပ်နေတာလဲ"

"ဘယ်အိမ်က ကြောင်လဲ မသိပါဘူး သားရယ်၊ ဟင်း ခိုးစားမယ် လုပ်လို့ အမေ လိုက်ရိုက်နေတာ"

တကယ်တော့ သားသမီးနဲ့မိဘ ကြားမှာပဲ ဖြစ်ဖြစ်၊ မိတ်ဆွေ သူငယ်ချင်းကြားမှာပဲ ဖြစ်ဖြစ် သမီးရည်းစားကြားမှာပဲ ဖြစ်ဖြစ် မေတ္တာတရားနဲ့ တုံ့ပြန်လာရင် ဒေါသကို အလံထူလာတဲ့သူဟာ ကျရှုံးသွားတာချည်းပါပဲ။ ဘယ်မားလှံလက်နက်တွေ ဘယ်လောက်စွမ်းပါစေ မေတ္တာလက်နက်သည်သာ အကောင်းဆုံး ဖြစ်၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

(၅)

"ဟေ့ကောင် သော်တာသိုက်၊ ငါတို့ မုန့်စားဆင်းရင် မိန်းကလေး အိမ်သာသွားချောင်းရအောင်"

"မင်းကလည်းကွာ ပုံတွေ ကြည့်တာ အားမရဘူးလား"

"မဟုတ်ဘူးကွ၊ မိန်းကလေးအိမ်သာမှာ သရဲခြောက်တယ် ကြားလို့ အဲဒါ သွားကြည့်မလို့"

"ဟင်. . . ဘယ်လိုခြောက်တာလဲ"

"အစွန်ဆုံးက မိန်းကလေးအိမ်သာမှာ လူမရှိဘဲ အထဲက ဂျက် ချနေတယ်၊ အဲဒါ အပြင်က တစ်ချက် ခေါက်လိုက်ရင် အထဲက တစ်ချက် ပြန်ခေါက်တယ်၊ အပြင်က နှစ်ချက်ခေါက်လိုက်ရင် အထဲက နှစ်ချက် ပြန်ခေါက်တယ်၊ ဖြစ်နေတာ ကြာပြီ"

"မင်းတို့ဟာ ဟုတ်ပါ့မလားကွ၊ နေ့ခင်းကြောင်တောင်ကြီး"

"အဲဒါကြောင့်မို့လို့ စိတ်ဝင်စားနေတာပေါ့ကွ၊ မင်းကော လိုက် ကြည့်ချင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်ချင်တာပေါ့ကွ၊ သရဲဆိုတာ ဘယ်လိုပုံမျိုးလဲ စိတ်ဝင်စားတာထက် နေ့ခင်းဘက်ဆိုတော့ မကြောက်ပါဘူး"

"ဒါဆို လိုက်ခဲ့"

"အေး"

မုန့်စားဆင်းသောအခါ သော်တာသိုက်ရှေ့ဆုံးမှ သွားပြီး သူ့ကို ဦးဆောင်ကြသောသူများက နောက်ကလိုက်သည်။

"ဟေ့ကောင် မင်းရှေ့ကနေ တံခါးခေါက်နော်၊ ငါတို့ မနေရဲလို့ နောက်က ကြည့်နေမယ်"

"အေးပါကွ၊ ခေါ်တုန်းကတော့ မင်းတို့ပဲဦးဆောင်ပြီး တကယ် သွားကြည့်တော့ ငါက ဦးဆောင်ရတယ်၊ ကြောက်ရင် နောက်မှာ ပုန်းနေကြ"

သော်တာသိုက်က မိန်းကလေးအိမ်သာ ချောင်းရဲသော သူ့ရဲ့ သတ္တိကို ပြသည့်အနေဖြင့် ရှေ့ဆုံးမှ တံခါးခေါက်သည်။

ဂေါက်. . .

ဂေါက်. . .

အထဲမှ တစ်ချက်ပြန်ခေါက်သဖြင့် သော်တာသိုက် နောက်လှည့်ကြည့်ပြီး သူငယ်ချင်းတွေကို မေးငေါ့ပြလိုက်၏။

"အထဲမှာ တကယ်သရဲရှိနေတယ်ကွ၊ နောက်နှစ်ချက် ထပ်ခေါက်ကြည့်"

ဂေါက်. . . ဂေါက်

ဂေါက်. . . ဂေါက်

"သေချာပြီ ဟေ့ကောင်. . . နေ့ခင်းကြောင်တောင်ကြီးနော်"

"ငါတို့တော့ ဆက်မနေရဲတော့ဘူး၊ သွားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ဟော့ကောင်တွေ နေဦးလေ"

သူငယ်ချင်းတွေအားလုံး ပြန်ပြေးကုန်သောအခါ သော်တာသိုက် မိန်းကလေး အိမ်သာရှေ့မှာ တစ်ယောက်တည်း ကျန်ခဲ့သည်။

"အလကား သတ္တိမရှိတဲ့ကောင်တွေ၊ ခေါ်တုန်းက ခေါ်လာပြီးတော့"

သော်တာသိုက် ထပ်မံစမ်းသပ်သည့်အနေဖြင့် တံခါး ထပ်ခေါက်ကြည့်လိုက်သည်။

ဂေါက်. . . ဂေါက်. . . ဂေါက်

ဂေါက်. . . ဂေါက်. . . ဂေါက်

သေချာပြီဆိုပြီး အထဲက သရဲ ဘယ်လိုပုံစံလဲဟု သိချင်သောကြောင့် အိမ်သာနောက်ကို ပတ်ပြီး ဆားဗစ်ကွင်းပေါ်တက်၍ လေဝင်ပေါက်မှ ချောင်းကြည့်လိုက်သောအခါ

"ဟာ"

သော်တာသိုက် မျက်လုံးပြူးသွားသည်။

အိမ်သာထဲမှာ သရဲမဟုတ်ဘဲ လူမိန်းကလေးတစ်ယောက် ထိုင်နေပါသည်။

အဲဒီကောင်မလေးက အနောက်မှ အသက်ရှူသံခပ်ပြင်းပြင်းကြားရသဖြင့် စိတ်ထဲ မသင်္ကာဖြစ်ပြီး နောက်လှည့်ကြည့်တာနှင့် အဆုံ

"အား"

ပြီးအောင်တောင် မပါနိုင်ဘဲ ငိုကြီးချက်မနှင့် တံခါးဖွင့်ပြေးပြီး ရုံးခန်း သွားတိုင်လေသည်။

"အဟင့်. . . အဟင့်. . . ရှုတ်"



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးက ကြိမ်လုံးဆွဲ၍ သော်တာသိုက်ကို စစ်သည်။

"ဟေ့ကောင်. . . မင်း သူ့ အိမ်သာတက်တာ သွားချောင်းတယ်ဆို"

သော်တာသိုက် လက်ပိုက်ပြီး ရှိုရှိုကျိုးကျိုးဖြေ၏။

"သူ့ကို ချောင်းတာမဟုတ်ပါဘူး ဆရာကြီး၊ အထဲမှာ သရဲရှိတယ်ဆိုလို့ ချောင်းကြည့်တာပါ"

"မင်းကို ဘယ်သူပြောလဲ"

"သူငယ်ချင်းတွေပြောတာပါ. . . အပြင်ကနေ တံခါးတောင်ခေါက်လိုက်သေးတယ်၊ အထဲကလည်း ပြန်ခေါက်တယ်။ အဲဒါနဲ့ သရဲထင်ပြီး အနောက်ကပတ်ချောင်းတာပါ၊ တကယ်လို့ သူသာ အထဲကလူရှိတယ်လို့ အသံပေးရင် ကျွန်တော် သွားချောင်းမိမှာ မဟုတ်ပါဘူး"

"အောင်မာ. . . သူ့ကိုပဲ ပြန်တောင်းပန်ရမလို ဖြစ်နေပြီ အပြင်ကယောကျ်ားလေး စကားသံတွေကြားမှတော့ ဘယ်မိန်းကလေးက အထဲကအသံပြုမှာလဲ၊ ရှက်မှာပေါ့၊ အဲဒီတော့ တံခါးပဲ ခေါက်ပြီး အချက်ပြမှာပေါ့ကွ"

"ကျွန်တော့်သူငယ်ချင်းတွေကလည်း အဲဒီလို အထဲက ပြန်ခေါက်တာကို သရဲခြောက်တယ်လို့ ပြောပြီး မြှောက်ပေးလို့ ကျွန်တော် ချောင်းမိတာပါ ဆရာကြီးရယ်၊ သူရှိမှန်း မသိပါဘူး"

"အဲဒါ မင်းကို ချောက်တွန်းလိုက်ကြတာကွ၊ အဲဒီကောင်တွေက ဘယ်သူတွေလဲ"

"ဇင်မင်းထွေးရယ်၊ ကျော်ဇင်လတ်ရယ်၊ ဝင်းဇော်သန်းရယ်ပါ"

"အေး သူတို့အားလုံးကို သွားခေါ်၊ ပြီးရင် လေးယောက်လုံး



www.burmeseclassic.com

www.burmeseclassic.com



တိုင်မှာ ကြိုးတုပ်ပြီး ရိုက်မယ်၊ သမီးကတော့ အိမ့်သာတက်နေတာ ထန်းလန်းကြီး ဖြစ်သွားတယ် မဟုတ်လား”

“ဟုတ်”

“ကဲ သွားဆက်တက်ပါ”

ဒီလိုနှင့် သော်တာသိုက်တို့လေးယောက် ဆရာကြီးလက်ချက်ဖြင့် ခင်မှာ အရှိုးရာတွေ ထပ်သွားသည်။

အပြန်ကျတော့ လမ်းမှာ သော်တာသိုက် နာမည်တစ်ခုရခဲ့ ပါသည်။

အိမ်သာထဲက သရဲကို သွားချောင်းတာ သရဲတောင် ငိုပြီး ပြေးရ သဖြင့် ‘သရဲငိုမင်းသား’ တဲ့။

နာမည်လေးက ဆန်းပေမယ့် ရာဇဝင်က မိန်းမအိမ်သာချောင်းတာ ဖြစ်နေသဖြင့် မှတ်ပုံတင်ထဲမှာတော့ မထည့်ခဲ့။

အသက် ၁၈ နှစ်မှာ ချည်းစား ၁၈ ယောက် ရနေခဲ့ပြီဖြစ်သည်။

***



www.burmeseclassic.com

www.burmeseclassic.com

"ဒီမှာ သား အမေပြောမယ်၊ နားထောင် ယောကျ်ားဆိုတာ ရည်းစားထားတာ အမေ မပြောလိုဘူး၊ ဒါပေမဲ့ ကိုယ်ထားတဲ့ ရည်းစား အပေါ်မှာ စည်းစောင့်ရမယ်၊ မိန်းကလေးဘဝဆိုတာ အင်မတန် နုနယ်တယ်၊ သူတို့ထားတဲ့ ရည်းစားဟာ သူတို့ရဲ့ဘဝကို လုံခြုံမှု ပေးနိုင်သလို၊ အမဲစက် စွန်းထင်းအောင်လည်း လုပ်နိုင်တယ်၊ အဲဒီတော့ သားမှာသာ ညီမလေးတစ်ယောက်ရှိမယ်ဆိုရင် သားညီမလေးကို တစ်စုံတစ်ယောက်က အခွင့်အရေးယူမယ်ဆိုရင် သား ခံနိုင်မလား"

အမေ့ရဲ့စကားတွေကို သော်တာသိုက် သိပ်နားမလည်။

"အမေ ဘာကို ရည်ရွယ်ပြီး ပြောနေတာလဲ"

မာတာမိခင်က မျက်နှာ ခပ်တည်တည်ဖြင့်

"ဟိုတစ်နေ့က သားအခန်းကို ရှင်းတော့ ခေါင်းအုံးအောက်မှာ တာမသျှတ္တရကျမ်းကြီး ထည့်ထားတာကို အမေ တွေ့တယ်၊ အဲဒီစာအုပ်မျိုးဟာ အိမ်ထောင်ရှင်တွေမှ ဖတ်ရမှာ၊ သားက အခုသည်စာ ဖတ်နေပြီ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ သားထားတဲ့ ရည်းစားအတွက် အမေ ရင်လေးတယ် သားရယ်"

သော်တာသိုက် ရှက်ကိုးရှက်ကန်း ဖြစ်သွား၏။

"ဟို. . . အဲ၊ အဲဒါက ဗဟုသုတအနေနဲ့ ဖတ်တာပါ အမေ၊ ကျွန်တော် အပြင်မှာ လက်တွေ့မကျင့်သုံးရသေးပါဘူး"

ဒေါ်မေအကြင်နာ မတ်တတ်ထရပ်လိုက်ပြီး

"တော်တော့ သော်တာသိုက်၊ ငါ မင်းကို အဖေတူသား မဖြစ်စေချင်ဘူး၊ မင်းအဖေက မိန်းမတွေကို တန်ဖိုးမထားတဲ့သူ၊ ငါ မိခင်တစ်ယောက် မပြောသင့်တဲ့စကားကို ခပ်ရိုင်းရိုင်း ပြောလိုက်မယ်၊ စိတ်ဆန္ဒကို မထိန်းချုပ်နိုင်ဘူးဆိုရင် နိုက်ကလပ်သွား၊ ငါ ပိုက်ဆံ ပေးလိုက်မယ်၊ ကိုယ့်ရဲ့အလိုဆန္ဒအတွက် မိဘအုပ်ထိန်းမှုနဲ့ မကင်းလွတ်သေးတဲ့ မိန်းကလေးတွေကို လက်တည့်စမ်းဖို့တော့ မကြိုးစားနဲ့"

သော်တာသိုက် ဖိနပ်စီးပြီး အိမ်ပြင်ထွက်ရန် ပြင်သည်။

"ဒါက ဘယ်လဲ"

"အမေပဲ နိုက်ကလပ်သွားဆို"

"တယ်"

ဒေါ်မေအကြင်နာ ဒေါသထွက်ပြီး အနီးရှိ ကြိမ်လုံးနှင့် တောက်ခေါက်လိုက်ပါတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

(၆)

"တကယ်ပါ မိုးရယ် . . . မင်းဟာ ကိုယ့်အတွက် အောက်စီဂျင်ပါ။ မင်းမရှိဘဲ ကိုယ်အသက်ရှင်လို့မရဘူး။ မြန်မာနိုင်ငံမှာ လူဦးရေ သန်းခြောက်ဆယ်ခန့်ရှိတဲ့ အထဲကမှ ကိုယ့်နှလုံးသားက မင်းတစ်ယောက် တည်းကို လက်ခံတာပါ။ အခုနေ မင်းကို ချစ်မိတဲ့အချစ်တွေ ဘယ်လောက်ရှိတဲ့အကြောင်း မဟာပထဝီမြေကြီးကို သက်သေပြုလိုက် ရင် အိုးထိန်းစက်လို ချာချာလည်သွားမှာစိုးလို့ ကိုယ်ဆက်မပြောပါရစေနဲ့ တော့ . . . ဒါပဲနော်"

သော်တာသိုက် ဖုန်းဆက်နေသည်ကို ပတ်ဝန်းကျင်ဝိုင်းများက နားစွင့်နေရသည်အထိ တော်ကီကောင်းခဲ့သည်ကို သူငယ်ချင်းတွေက ဝိုင်းပြုံးကြသည်။

"ဒါကတော့ မိန်းကလေးတစ်ယောက်ကို သိမ်းသွင်းတဲ့နေရာမှာ လျှာအသုံးချတတ်ဖို့လိုတယ်လေကွာ၊ ဘယ်လောက်တင်းခံနေတဲ့ မိန်းမ ဖြစ်ပါစေ လျှာဖျားလေးနဲ့ ချော့လိုက်ရင် ပျော့သွားတာပါပဲ မပင်ပန်းပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ မနေ့က ငါ့ကို မြို့ထဲမှာ စော်တစ်ဖွေနဲ့ တွေ့လို့ စိတ်ဆိုးနေတဲ့ မိုးမခ ဒီနေ့ ငါပြောလိုက်တဲ့ တော်ကီအောက်မှာ ပျော့သွားပြီလေ၊ အဲဒါ အရင်းမစိုက်ဘဲ အမြတ်ထုတ်တဲ့နည်းကွ၊ မင်းတို့လည်း လျှာအသုံးချတတ်မှ လိုတယ်"

"မိန်းကလေးတွေက လျှာကောင်းတဲ့သူကို ကြိုက်တယ်နော်၊ မပြောတတ် မဆိုတတ် ထုံထုံထိုင်းထိုင်းလုပ်နေရင် ဘယ်သူက ရင်ခုန်မှာလဲ"

"ဒါအမှန်ပဲကွ . . . အိမ်ထောင်မကျခင်မှာ ယောကျ်ားတ မိန်းမကို စကားများများပြောပြီး ရင်ခုန်အောင် သိမ်းသွင်းရတယ်၊ အဲ . . . အိမ်ထောင်ကျပြီးရင်တော့ မိန်းမက စကားများများပြောပြီး ယောကျ်ားကို စိတ်ညစ်အောင် ပြန်လုပ်တယ် ဒါ မမှတာပဲ"

"ဟင်း . . . မှတ်သားလောက်တဲ့ လောကနီတိပဲ၊ ဒါဖြင့်ရင် ယောကျ်ားတွေက မိန်းမတွေကို မရခင်မှာ ဖျာလိုလိပ်ပြီး ရပြီးရင်တော့ ဖျာလိုခင်း နင်းချေတတ်ကြတယ်ဆိုတာကော"

"အဲဒါကလည်း အကြောင်းအကျိုး သဘောတရားပဲလေ၊ မရခင်မှာ ဖျာလိုလိပ် ထိပ်ပေါ်တင်ခဲ့ရတဲ့ မကျေနပ်ချက်တွေကို ရပြီးရင်တော့ ဖျာလိုခင်း၊ နင်းချေတဲ့နည်းနဲ့ ကလဲ့စားပြန်ချေကြတာပေါ့"

"အင်း . . . ဒါလည်း မှတ်သားစရာပဲ၊ သစ္စာတရားမှာတော့ ဘယ်သူက ပိုခိုင်မြဲလဲ"

"မညားခင်မှာတော့ ယောကျ်ားတွေက ခိုင်မြဲတယ်၊ မင်းကလဲ့ငင် ခဲနဲ့ ဇကွဲပေါ့၊ အဲဒီအချိန်မှာ မိန်းမတွေက သစ္စာမရှိကြဘူး မိမိနဲ့ သင့်တော်မယ့်သူကို ခေါင်းခေါက်ရွေးချယ်တယ်၊ ညားပြီးရင်တော့ မိန်းမတွေက



www.burmeseclassic.com

www.burmeseclassic.com



သစ္စာစောင့်သိပြီး ယောကျ်ားတွေက သစ္စာမဲ့သွားကြရော မင်းကလွဲရင် မှုစ်ရှိုကြီးတွေ ရေဆေးငါးကြီးတွေ ဖြစ်ကုန်ရော”

“မင်းရဲ့ ဒဿနကတော့ မိုက်တယ်၊ သော်တာသိုက်ရာ ဘယ်လို လေ့လာထားတာလဲ”

“ဟား . . . ဟား . . . ဟား ကာမသုတ္တရကျမ်းကြီးကို ခေါင်း အုံးအိပ်လာတဲ့ ကောင်ပါကွ၊ အဲဒါ ငါ့ဘာသာငါလျှောက်ပြောတာ”

“ခွေးကောင်”

* * *

ကျောင်းထဲက သစ်ပင်အကွယ်နောက်မှာ စုံတွဲတစ်တွဲ ပွဲကြမ်း နေ၏။

“ဖြန်း”

ကောင်မလေးရဲ့ ရိုက်ချက်က နိုင်းလောက်ရှိသောကြောင့် ကောင်လေးခမျာ ကြယ်တွေလတွေသာမက စကြာဝဠာတိုက် တစ်သောင်းထိပါ မြင်သွားသည်။

“မှတ်ထား . . . ငါ့ကို ဒီလိုနည်းနဲ့ ဖျားယောင်းသိမ်းသွင်းဖို့ မကြိုးစားနဲ့ . . . အဲဒီလက်တွေကို ဓါးမနဲ့ခုတ်ပြီး နင့်ကို လက်တိုဖြစ် သွားအောင် လုပ်လိုက်မယ်”

ကောင်လေးတော်တော် ထိတ်လန့်သွားပါ၏။ စိတ်ကူးနဲ့ လက်တွေ့က တစ်ခြားစီ . . .

“အား . . . ကျွတ် . . . ကျွတ် . . . ငါ့ကို အထင်လွဲပါနဲ့ သဲနုရယ် . . . သော်တာသိုက်က မိန်းကလေးတစ်ယောက် ဖိုးလ်တတ်



www.burmeseclassic.com

www.burmeseclassic.com



အောင် နားရွက်ကို တံတွေးဆွတ်ရတယ်လို့ သင်ပေးလိုက်လို့ပါ"

"သေချင်းဆိုး . . . ကာလနာ"

သဲနုဆိုသော ကောင်မလေး ပက်ပက်စက်စက်တင်းသွားပါသည်။

"အလကားကောင် . . . သူများချောက်ချတိုင်း ယုံတယ်၊ လူတဆတ္တသိုလ်ရောက်နေပြီ၊ မိန်းကလေးတစ်ယောက်ကို ဘယ်ပုံဘယ်နည်းကိုင်တွယ်ရတယ်ဆိုတာလေးတောင် နားမလည်ဘူး . . . သွား . . . နီးတော့"

"ဘယ် . . . ဘယ်ကိုလဲဟင်"

"သချိုင်းကုန်းကို . . . အဲဒီမှာ နင့်လို လူရိုးတွေရှိတယ်"

ကောင်မလေးရဲ့စကားကြောင့် ကောင်လေး တော်တော်ဟတ်ထိသွား၏။

"ပြောရက်လိုက်တာ သဲနုရယ် . . . ဒီခေတ်ကြီးမှာ ငါ့လိုယောကျ်ားမျိုး ရှာကြည့်ပါဦး၊ မလုပ်တတ်မကိုင်တတ်နဲ့ အိုးနင်းခွက်နင်းဖြစ်နေတဲ့ ယောကျ်ားတစ်ယောက်နဲ့ ဖူးစာဆုံတဲ့ နင် ဗိုက်မကြီးဘူးလို့ငါ အာမခံပါတယ်၊ ငါ့နေရာမှာ သော်တာသိုက်သာဆိုရင် နင် သူ့ရဲ့နုန်ပျူတာ လက်ချောင်းတွေအောက်မှာ ဘယ်အထိ ဒါနပါရမီဖြည့်ဆည်းသွားမယ်ဆိုတာ ပြောလို့မရဘူး၊ ငါကတော့ နင့်ကို ပေးဆပ်တဲ့အချစ်နဲ့ ခန္တီပါရမီဖြည့်ဆည်းသွားမှာပါဟာ"

"မသာကောင် . . . ရည်းစားနဲ့ ချိန်းတွေ့တာ မြတ်စွာဘုရားဖြည့်ကျင့်ခဲ့တဲ့ ပါရမီ ၁၀ ပါး အကြောင်းလာပြောနေတယ်၊ ဘုရားကြီးသူတွက်ကို အဖြေပေးမိတာ မှားတာပဲ၊ အဲဒီတော့ ယောကျ်ားတို့



www.burmeseclassic.com

www.burmeseclassic.com



တတ်အပ်တဲ့ အဌာရသ ၁၈ ရပ်ကို တက္ကသိုလ်ဆရာကြီးတွေဆီမှာ ပညာသင်ပြီးမှ ပြန်လာခဲ့၊ လောလောဆယ်တော့ ပေးမိတဲ့အဖြေကို ရက်အကန့်အသတ်မရှိ ပြန်ရုပ်သိမ်းတယ်"

သဲနု စိတ်ရှိလက်ရှိပြောပြီး ထွက်သွားရာ အသည်းနုသော မိုးအောင် မျက်ရည်ဝိုင်းပြီး ကျန်ခဲ့၏။

"ဩော် . . . မိန်းမ မိန်းမ . . . လိမ္မာယဉ်ကျေးတဲ့ ယောကျ်ားထက် လက်ယဉ်တဲ့ ယောကျ်ားကို ပိုကြိုက်သတဲ့လား၊ ဒါဆိုရင်တော့ အခုတည်းက ဗိုက်ဖုံးအင်္ကျီ ကြိုဝယ်ထားပေတော့ . . ."

*

"သေချင်းဆိုးသော်တာသိုက် မင်းလုပ်လို့ ငါ ကိုယ့်ရည်းစားကို နားရွက်တံတွေးဆွတ်ပြီး စိန်ခေါ်လိုက်မိတယ် . . . ရှက်ဖို့ကောင်းလိုက်တာကွာ"

မိုးအောင် မျက်နှာကြီးမဲပြီး ပြောနေသည်ကို ကြည့်၍ သော်တာသိုက် ခွက်ထိုးခွက်လန် ရယ်သည်။

"ဟား . . . ဟား . . . ဟား၊ မှတ်ထား မိုးအောင် မိန်းကလေးတွေက အိမ်ထောင်ပြုရင်သာ တည်တည်ငြိမ်ငြိမ်နဲ့ ရိုးသားတဲ့ယောကျ်ားကို စိတ်ဝင်စားမယ်၊ အပျော်ရည်းစားထားရင်တော့ မနူးမနပ်ကို စိတ်မဝင်စားဘူး ဆရာကြီးမှ ကြိုက်တာ"

"တင် . . . မင်းဆိုလိုတာက သဲနုက အပျော်ရည်းစားထားချင်တာပေါ့"

"သေချာတာပေါ့ကွာ၊ အဲဒါကြောင့် အဲဒီမိန်းမ မင်းနဲ့ ယှိုက်တန်



www.burmeseclassic.com

www.burmeseclassic.com



ဘူး မင်းက အေးအေးဆေးဆေးနေတတ်တဲ့သူ ရေရှည်မှာ မဖြစ်ဘူး။ အဲဒါကြောင့် ငါမင်းကို တမင်တကာ ပေါက်ကရ နည်းလမ်းနဲ့ မြှောက်ပေးလိုက်တာ”

“မင်းက သူ့အကြောင်း ဘယ်လိုသိတာလဲ”

သော်တာသိုက်က ဆရာကြီးပုံစံ ဖမ်းလိုက်ရင်း

“နှလုံးသားရဲ့ တံခါးပေါက်သော့ချက်က မျက်လုံးပဲ၊ စိတ်ဂနာမငြိမ်ဘဲ အပျော်ရည်းစားထားချင်တဲ့ မိန်းကလေးတစ်ယောက်ရဲ့ မျက်လုံးဟာ ခပ်ချောချောဟောင်လေးမြင်ရင် ခိုးကြည့်တာတစ်မျိုး၊ ပေါ်တင်ကြည့်တာတစ်မျိုးနဲ့ လှုပ်ရှားတတ်တယ်၊ ကိုယ့်အပေါ်မှာ အတည်ချစ်မယ့်ယောကျ်ားမျိုးကိုသာလိုချင်တဲ့ မိန်းကလေးကျတော့ မတော်တဆ မျက်လုံးချင်းဆုံမိရင်တောင် ရှက်ပြီး မျက်လွှာချသွားတယ်၊ ချောတိုင်းလိုက်မကြည့်ဘူး”

“မင်းက ဘယ်လိုသိတာလဲ”

“မင်းကောင်မလေး သဲနု ငါ့ကို ကြည့်တဲ့မျက်ဝန်းထဲမှာ လှုပ်ရှားနေတဲ့ အရိပ်အယောင်တွေ တွေ့တယ်လေကွာ၊ အဲလိုပြောလို့ မင်းစိတ်မဆိုးနဲ့၊ ငါက မိန်းမကျွမ်းကျင်လို့ ပြောနေတာ”

သော်တာသိုက်စကားကြောင့် မိုးအောင် ဖီလင်အောက်သွားသည်။

“မင်းပြောတာ တကယ်နော် သော်တာသိုက်”

“မယုံဘူးဆိုရင် လောင်းကြေးစားကြေး၊ မင်းရဲ့ သဲနုကို ငါ လိုက်ပြမယ်၊ တစ်လအတွင်းရစေရမယ်”

ကိုယ့်ချစ်သူကို လောင်းကြေးထပ်ပြီး ရင်းရမှာ ဝိုင်း...ပေးမယ့်



www.burmeseclassic.com

www.burmeseclassic.com



မခံချင်စိတ်ကြောင့် မိုးအောင် စိန်ခေါ်လိုက်သည်။

"ကောင်းပြီး သော်တာသိုက် . . . ကိုယ့်ရည်းစားကို ယုံလို့တော့ မဟုတ်ဘူး၊ ဒီမိန်းမ သစ္စာရှိမရှိ လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားစေချင်လို့ ငါ မင်းနဲ့ လောင်းမယ်၊ ကြေးဘယ်လောက်လဲပြော"

"မင်းခေါ်လိုက်လေ"

"အင်း . . . အမေ့နားကပ် ပေါင်ပြီးလောင်းရမှာဆိုတော့ တစ်သိန်းကြေးကွာ"

"ကြိုက်ပြီ . . . အပေါင်ဆိုင် ဘယ်အချိန်ပိတ်လဲ သွားစုံစမ်းထား လိုက်တော့"

"ok"

သော်တာသိုက်နှင့် မိုးအောင် ခွက်ချင်းတိုက်၍ ကတိပြုလိုက်ကြသည်။

ဘီယာခွက်တော့မဟုတ်၊ အုန်းမှုတ်ခွက်ဖြစ်၏။

အိမ်မှာ ဆွမ်းတင်ရန် အုန်းသီးခွဲနေစဉ် မိုးအောင်ရောက်လာခြင်း ဖြစ်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

(၇)

"အဲဒီမှာကြည့် သား . . . နိုက်ကလပ်ထဲက ထွက်လာတာ မင်းအဖေပဲ"

ဖခင်ဖြစ်သူကို ဓာတ်ပုံထဲမှာသာမြင်ဖူးထား၍ အပြင်မှာ သက်တွေ့မြင်ရအောင် နိုက်ကလပ်ရှေ့မှာ ကားရပ်ပြီး သားအမိ နှစ်ယောက်ထိုင်စောင့်နေကြခြင်းဖြစ်သည်။

"မင်းအဖေဟာ ဘယ်လောက်တဏှာရာဂကြီးသလဲဆိုရင် အလုပ်လုပ်တာတောင် သူ့ဝါသနာနဲ့ ကိုက်ညီတဲ့ နိုက်ကလပ်ဝိတ်တာ အလုပ်ကို လုပ်တယ်။ သားသမီး သားမယားသံယောဇဉ်ဆိုတာ သူ့မှာ မရှိဘူး"

"အဖေဟာ . . . ဖခင်ဝတ္တရား မကျေပွန်တဲ့ အဲဖေပဲ အမေ၊ မွေးကျေးဇူးကလွဲပြီး ကျွေးကျေးဇူးကော မေတ္တာတရားကော ဘာမှ မပေးနိုင်ဘူး"

သော်တာသိုက် ဖခင်ဖြစ်သူကို ရင်ထဲက နာကျင်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မှန်တယ်သား . . . မနဲ့ ပတ်သက်လာရင်တော့ အခြောက်မ
တောင် အလွတ်မပေးတဲ့ မင်းအဖေဟာ မင်း စံပြုရမယ့် ပုဂ္ဂိုလ်မဟုတ်
တာတော့ သေချာတယ်၊ အဲဒါကြောင့် မင်းကို အမေက အဖေထက်
သာတဲ့ သားတစ်ယောက်ဖြစ်ဖို့ အမြဲဆုံးမခဲ့တာပေါ့"

"အဲဒီအပိုင်းတော့ စိတ်ချပါ အမေ . . . သားလည်း တက္ကသိုလ်
မှာ ပညာတွေစုံလို့ အဌာရသ ၁၈ ရပ်ကို ကျွမ်းကျင်နေပါပြီ။ သားက
အဖေလို ကိုယ်လိုချင်တာကို ဖွတ်တရွတ် ဓားပြတိုက်ယူမယ့် ကာမဘီလူး
မဟုတ်ဘူး၊ ကိုယ့်ဘက် အလိုလိုပါလာအောင် ရွှေကိုးနောက်ငင် ဗျူဟာ
တွေနဲ့ အပျော့ဆွဲဆွဲမယ့် မှော်ဆရာပါ"

"ဖြန်း"

မိခင်ရဲ့ လျှပ်တစ်ပြက် ရိုက်ချက်ကြောင့် သော်တာသိုက် ထူပူပြီး
အံ့ဩသွားသည်။

"အမေ . . . ဘယ် . . . ဘယ်လိုလုပ်လိုက်တာလဲ"

"အေး . . . နင့်ကို အဖေထက်သာတဲ့ သားဖြစ်စေချင်တယ်
ဆိုတာ မိန်းမကိစ္စကို ပြောတာမဟုတ်ဘူး သော်တာသိုက်၊ အထက်တန်း
စား စိတ်ဓာတ်၊ အထက်တန်းစားလုပ်ရပ်၊ အထက်တန်းစား အမူအကျင့်၊
အထက်တန်းစားယောကျ်ားတစ်ယောက် ဖြစ်စေချင်တာ ခုတော့
အတွေးအခေါ်တွေက အထက်ဆင် အောက်ကကို မထွက်ဘူး"

"ဒါကတော့အမေရယ် . . . ယောကျ်ားဆိုတာ ကျားတွေချည်းပဲ
ပြောကြတယ်မဟုတ်လား၊ ဒီခေတ်ကြီးမှာ ကိုယ်ညံ့ရင် ကိုယ်ခံသွားရမယ်
ကိုယ့်ရည်းစားကိုယ်မှ မထိန်းချုပ်နိုင်ရင် သူများနောက် ပါသွားမယ်
အဲဒီအတွက် သာယာမှုလေးတော့ ဖန်တီးပေးစွမ်းရတာ မှားလား အမေ



www.burmeseclassic.com

www.burmeseclassic.com



"မမှားဘူး . . . မှန်တယ်၊ ဒါပေမယ့် သာယာမှုဆိုတာ ဘယ်လိုဟာလဲ၊ နှမချင်းမစာနာ DJ ပွတ်သလို လက်သရမ်းတဲ့ သာယာမှုကိုပြောတာလား၊ တကယ်တော့ ကိုယ့်ချစ်သူအတွက် ကြင်နာယုယ ဂရုစိုက်ခြင်းကသာ သူများသားသမီး မထိခိုက်စေတဲ့ ဖြူစင်တဲ့ သာယာမှုပဲ . . . ငါတို့ မြတ်စွာဘုရားက သူတပါးအကျိုး ပျက်စီးရာကို စိတ်မှာလည်းမတြံနဲ့၊ နှုတ်နဲ့လည်း မပြောနဲ့၊ လက်တွေ့လည်း မလုပ်နဲ့လို့ ဟောပြီးသားတိုယ့်ကြောင့် အမျိုးကောင်းသမီးတစ်ယောက် ပျက်ဆီးသွားရင် ဘာမေသုမိစ္ဆာကံပဲ သော်တာသိုက်၊ အဲဒီကံဟာ ဒီဘဝက သေလွန်ရင် ငရဲရောက်သလို ငရဲကလွတ်ပြန်ရင်လည်း နဖုန် ပဏ္ဍုပ်ဆိုတဲ့ အခြောက်ဘဝကို ရတတ်တယ်"

"အမေကလည်း အဲဒီလောက်သိနေရင် ဘာလို့ သာသာနာမပြုဘဲ အဖေ့လို လူမျိုးကိုယူခဲ့တာလဲ"

"ဒါကတော့ ငါလည်း သူ့ရဲ့ အထိအတွေ့မှာ မျောပြီး သာယာမှုနဲ့ သာသနာပြုဖို့ မေ့သွားလို့ပေါ့ဟဲ့"

ဦးထွန်းသိုက်ကတော့ တက္ကစီတစ်စီးထဲကို နိုက်ကလပ်တဆောင်မလေးတစ်ယောက်နှင့် ညှော်သည်တစ်ယောက် တွဲထည့်ပေးပြီး အထဲပြန်ဝင်သွားလေပြီ။

"လောကမှာ ကံတူအကျိုးပေးဆိုတာရှိတယ် သော်တာသိုက်ငါရဲ့ ရှေးအတိတ်ကံကြောင့် ဒင်းလို လူမျိုးနဲ့ ဖူးစာဆုံခဲ့ပြီး ဒူးနဲ့မျက်ရည်သုတ်ခဲ့ရတယ်၊ ဒင်းနဲ့ မပေါင်းတော့မှ ငါ့ရဲ့ စီးပွားရေးပြန်တက်လာပြီးနင့်တို့ လူတစ်လုံးသူတစ်လုံးဖြစ်အောင် ကျွေးမွေးနိုင်ခဲ့တယ်၊ ဒါပေမယ့် နင်တ ငါဖြစ်စေချင်တဲ့ပုံစံအတိုင်းမဖြစ်ဘဲ ဖအေထက်ဆိုးယ့် အလား



www.burmeseclassic.com

www.burmeseclassic.com



အလှာတွေ တွေ့နေရတာ ဒါ ခံစားရခက်တယ်”

သော်တာသိုက်မါးစပ်ပိတ်နေသည်။ အမေပြောတာ မှန်နေတာကိုး။

. . . “နင့်တို့ မွေးတုန်းက ရန်ကုန်တိုင်း ကော့မှူးမြို့နယ် နတ်စင်ကုန်းကျေးရွာက ကျွဲမြင်းကုန်းစေတီမှာ သားငယ်ကျွဲလေးက ဖခင်ကျွဲထီးကို ခြေရာချင်းတိုင်းပြီး ပြန်ခွေ့သတ်တဲ့ ရာဇဝင်ရှိတယ်။ နင့်ကိုလည်း ဖအေကို ဒုက္ခပေးမယ့် ကလေးလို့ ဗေဒင်ဆရာက ဟောထားလို့ ဒါ့ကြောင့် ဖအေနဲ့ ခွဲထုတ်ပြီး ညီမရဲ့လက်ထဲမှာ ထည့်ထားပေးခဲ့တယ်။ ဒါပေမယ့် တကျော့ရှုကြီးက အဲဒါကို ခုတုံးလုပ်ပြီး ကိုယ့်ကလေးကို သွားတွေ့သလိုနဲ့ မယ်မကို ဆေးခတ်ပြီး စော်ကားခဲ့တယ်။ ဒင်းအကြောင်းတွေမိရင် အသည်းမှာ အဆက်ဆက်ခါနာခံနေစွန်းမှပဲ။ ဒါပေမယ့် ဒီအကြောင်းတွေပြောတာ နင့်ကို ဖအေကို မုန်းဖို့ပြောတာမဟုတ်ဘူး။ ဖအေလို အမူအကျင့်မျိုးမဖြစ်အောင် ဥပမာပေးနေတာ။ ခြေရာချင်းတိုင်းတယ်ဆိုတာ ကောင်းတဲ့နေရာမှာ တိုင်းရတယ် သော်တာသိုက်”

သော်တာသိုက်ကားကို ပြန်ကွေ့ပြီး မောင်းထွက်လိုက်သည်။

အတယ်တော့ ဖခင်ကျွဲကြီးက ဆီးဖြူပင်ကို တစ်ဖက်ပဲပေါက်အောင် ခတ်နိုင်ချိန်တွင် သားငယ်ကျွဲလေးက နှစ်ဖက်ပေါက်အောင် ခတ်နိုင်သဖြင့် ဖခင်အထက်သား ချိုရောင်းထက်ခဲ့သည်။

အခုလည်း ဦးထွန်းသိုက်က စော်တစ်ပွေကို တစ်ကြိမ်ပဲ လိုက်နိုင်သည်ဖြစ်စေ သော်တာသိုက်က တစ်ပြိုင်တည်း နှစ်ပွေလိုက်နိုင်သည်အထိ ချွန်ရောင်းထက်နေပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာ. . . သော်တာသိုက်နဲ့ အဲ့ဒီ တည်းခိုခန်းဆီကို ရောက်လာတယ် ဟုတ်လား"

"ဟုတ်တယ် . . . မိုးအောင်ကြီးကိုယ်တိုင် အားပေါ်တ တွေ့လိုက်တာ၊ နဖူးမှာ ချွေးတွေတောင် စို့နေတယ်"

မိုးအောင် ဘယ်ဘက်ရင်အုံကို ဓားနဲ့ မွှန်းခံရသလို ခံစားလိုက်ရသည်။

သူ တစ်နှစ်လောက် ကြိုးစားဇမ်းစားလိုက်လိုက်ရတဲ့ ရှားရှားပါးပါး ချစ်သူလေးကို သော်တာသိုက်က ၃ လနှင့် တည်းခိုခန်းပါ ခေါ်သွားနိုင်သဖြင့် ပညာချင်းကွာပုံကိုလည်း ရင်နာစွာ အသိအမှတ်ပြုလိုက်ရတော့၏။

"သိပ်လည်း မခံစားပါနဲ့ မိုးအောင်ရာ၊ မိန်းမကောင်းဆိုရင် ဒီလို လွယ်လွယ်နဲ့မရပါဘူး၊ မင်း အထင်တကြီး ရေလောင်းနေတဲ့ မြက်ခင်းစိမ်းကြီးဟာ တကယ်တော့ မြက်ဖုတ်ကြီးမှန်းသိအောင် သော်တာသိုက်က လက်တွေ့ပြလိုက်တာ၊ ဒီလိုမိန်းမမျိုးနဲ့ ကွေကွင်းရလို့ မင်း သော်တာသိုက်ကို ကျေးဇူးတောင် တင်သင့်ပါတယ်ကွာ"

သေချာစဉ်းစားကြည့်တော့ မောင်အိုးပြောတာ မှန်နေသဖြင့် မိုးအောင် လက်ခံလိုက်ရပါသည်။

"မင်းပြောတာမှန်တယ် မောင်အိုး . . . အချိန်ကြာကြာတွဲလို့ သူ့အပေါ်မှာ ငါသံယောဇဉ်ဖြစ်မိသွားမှ ဒင်းက တခြားတစ်ယောက်နဲ့ တည်းခိုခန်းသွားရင် ငါ ရင်ကွဲရမှာ . . . အခုတော့ သော်တာသိုက်က အရင်စ,မာလိုက်တာ ငါ သင်ခန်းစာရသွားတယ်၊ နောက်ဆိုရင် ကြည့် ပြီးလိုက်မှ ဖြစ်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ မိုးအောင်ရာ၊ လှတာမမက်နဲ့ လှိုတာမက်ရင် ညစာခက် လိမ့်မယ်တဲ့၊ အဲဒီတော့ ဝတာဖက်ထားဖို့ မင်းဖက်တီးမသာရှာယူတော့"

မောင်အိုးစကားကြောင့် မိုးအောင် အသက်မပါစွာ ရယ်လိုက်၏။

အမေ့နားကပ်ကတော့ ဘာမဟုတ်တဲ့ ဗီလင်မ်က်တဲ့ ဟာမ အတွက် လောင်းကြေးထပ်တဲ့အထဲပါသွားလေပြီ။

* * *



www.burmeseclassic.com

www.burmeseclassic.com

(၈)

သော်တာ . . . ကိုနဲ့ ကျွန်မရဲ့
အကြောင်းတွေ မေမေသိသွားပြီ။ ကျွန်မသောက်နေတဲ့ ပဋိသန္ဓေ တားဆေးတွေကိုလည်း တွေ့သွားတယ်။ အားလုံး လွန်ပြီးမှ ရိုက်နှက်ဆုံးမလည်း အပိုပဲမို့ ကိုကို ခေါ်လာခဲ့ပါတဲ့၊ သေချာတွေ့စကားပြောပြီး အဆင်ပြေမယ့်ရက် စေ့စပ်ပေးမယ်တဲ့။

ပန်းတလေးတစ်ပင်

သော်တာသိုက်ထံ ရောက်လာတဲ့စာကို အားလုံးဝိုင်းဖတ်ပြီးနောက်

"သော်တာသိုက် . . . ဒါဆို မင်းတော့ မိန်းမရတော့မှာပေါ့"

"ဘယ်သူကပြောလဲ"

"စာထဲမှာ မင်းတို့ကို စေ့စပ်ပေးမယ်တဲ့လေ၊ ဘာလဲ မင်း သွားမတွေ့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"သွားတွေ့မှာပါ၊ ဒါပေမယ့် ငါသူ့ကို ယူဖို့ အစီအစဉ်မရှိဘူး"

"တင် . . . ဘယ်လိုကြီးလဲ"

သူငယ်ချင်းတွေရဲ့ နားမလည်မှုကို သော်တာသိုက် Difination ဖွင့်ပေးလိုက်သည်။

"ငါ သူ့ဆီက လိုချင်တာရပြီးပြီဆိုမှတော့ ယူစရာလိုတော့မလား ကွ၊ ယူလိုက်ရင် တစ်သက်လုံး ကျွန်ခံနေရမှာပေါ့၊ မယူတော့ နောက်ထပ် နယ်မြေသစ်တွေ အများကြီးရှာဖွေလို့ရသေးတယ်၊ အဲဒီတော့ ဖြည်းဖြည်း ချင်း မှုန်းဖြတ်မယ်၊ သူ့မိဘတွေကို သွားတွေ့မယ်၊ ဒါပေမယ့် သဘော မတူအောင် နေပြမယ်၊ ပေါက်ကရတွေ လျှောက်ယုပ်လို့ သူ့အိမ်က သဘောမတူဘူးဆိုရင် ငါ့ဘက်က ဖောင်းမရှိတော့ပါဘူးကွာ"

သော်တာသိုက်ကိုတော့ အားလုံးလက်လျှော့သွားကြသည်။

"မင်းကတော့ တကယ့်ကျားပဲနော်၊ လိုက်တဲ့အချိန်တုန်းကတော့ အောက်ကျနောက်ကျခံ၊ အသနားခံ၊ အပြောအဆိုခံပြီး ရအောင်လိုက် တယ်၊ လိုချင်တာရလို့ ဖြတ်ကာနီးကျတော့ သူ့ဘက်က အလိုလို စိတ်ပျက်လာအောင် အမျိုးမျိုး ပညာပြတယ်။ နောက်ဆုံး တစ်ဖက်က မရမက လက်ထပ်ဖို့ ချောင်ပိတ်ကြိုးစားရင် ကိုယ့်ကိုယ်ကို A ကိုက်နေပါ ပြီဆိုပြီး ဆေးလက်မှတ်အတုနဲ့ ညာရွှီးတယ်၊ ဖွဲ့ညာခန်းတွေကတော့ တကယ့်ကို အလံစမစ်ပဲ"

"ဒီခေတ်ကြီးမှာ ရိုးနေလို့မရဘူးကွ ရိုးနေရင် ကိုယ့်တို့ နဖားကြိုးထိုးသွားလိမ့်မယ်၊ နွားတော့မလုပ်ဘူး ငါက ကျားပဲ"

"ဒါဆို မင်းက ဘယ်လိုမိန်းကလေးမျိုးမှ အစွဲညီယူမှာလဲ"

မျိုးကြီးရဲ့အမေးကို သော်တာသိုက် သေချာစဉ်းစားပြီး အမှားမျိုး

www.burmeseclassic.com



အောင် ဖြေသည်။

"ဘယ်လို မိန်းကလေးမျိုးကို အတည်ယူမလဲဆိုတော့ ရည်းစား တစ်ထောင်ကို ဦးဦးဖျားဖျား ခန္ဓာကိုယ်အလှူပေးပြီး လင်ကောင် တစ်ယောက်ကိုတော့ သူများသုံးပြီးသား ခန္ဓာကိုယ်အတွက် ကျွဲလိုနွားလို ရှန်းကျွေးခိုင်းတဲ့ မိန်းမမျိုး လုံးဝ စိတ်မဝင်စားဘူး။ ငါယူမယ့်သူဟာ သူတပါး မတို့မထိရသေးတဲ့ အငုံအဖူးမန်းဦးလေး ဖြစ်ရမယ်။ ရည်းစား တစ်ယောက်မှ မထားဖူးရင်တော့ အတိုင်းထက်အလွန်ပေါ့"

သူငယ်ချင်းတွေ သော်တာသိုက်တို့ တရားကျသွားသည်။

"ခြော် ... မင်းကျတော့ မိန်းမတွေကို ဖွတ်ဖွတ်ညက်ညက် ကျေအောင် ဖျက်ဆီးခဲ့ပြီး ကိုယ့်ကျတော့ ဖြူဖြူစင်စင်လေးမှ လိုချင်တယ် ဆော်တော်အကောင်းကြိုက်တဲ့ကောင်ပဲ"

"ဒါတော့ မတူဘူးလေကွာ၊ နိုင်ငံခြားမှာဆိုရင် လူပျိုဘဝကို အလံတင်လို့မရဘူး၊ အပျိုဘဝကို လေလံတင်လို့ရတယ်၊ အဲဒီထဲတ အယ်အရာက တန်ဖိုးရှိတယ်ဆိုတာ မင်းတို့တွေးကြည့်လိုက်၊ ယောကျ်ား ဆိုတာ ချိုပေါက်စ ကျွဲလိုပဲ သွေးလေ တန်ဖိုးရှိလေ၊ မသွေးအဲထားတဲ့ ချိုဟာ တုံးပြီး သူများနဲ့ခတ်တဲ့အခါ ကိုယ်ခံသွားရလိမ့်မယ် ... ကြားလား"

ဒီဝိုင်းမှာတော့ သော်တာသိုက်က ဆရာကြီးဖြစ်သည်။

သူတို့တိုးတိုးပြောနေစေမယ့် ပညာလိုချင်သူ လူငယ်များက မသိမသာ နားစွင့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ညီမလေး မေမြတ်နိုး

ငါ ပိုက်ဆံ ၅ သိန်းလောက်လိုနေတယ် . . . နင့်ယောကျ်ား ဘောစိကြီးဆီက တောင်းပေးစမ်းပါ၊ မပေးဘူးဆိုရင်တော့ လွန်ခဲ့တဲ့ ၁၈ နှစ်လောက်က နင်နဲ့ ငါရဲ့ အိပ်ရာပေါ်က ဇာတ်လမ်းတွေ အင်တာနက်ပေါ် တင်လိုက်မယ်၊ အခုတော့ မတင်ရသေးပါဘူး၊ အဲဒီတုန်းက ငါ ဗီဒီယိုမှတ်တမ်းတင်ပြီး သေချာသိမ်းထားတာ။ နင့်ကို လွမ်းတိုင်း သတိတရ ဖွင့်ဖွင့်ကြည့်ပြီး ပြန်ခံစားတာပေါ့ဟာ၊ အဖြစ်အပျက်တွေက မနေ့တစ်နေ့ကလို ပါပဲ၊ အဲဒီတော့ အဲဒီအခွေ ကို နင့်ယောကျ်ားမြင်ပြီး စိတ်မထခင် ငါ့ကို ၅ သိန်းပို့ ပေးလိုက် ဒါပဲ။

ချစ်သောခဲအိုကြီး

ဦးထွန်းသိုက်

မေမြတ်နိုး အသားတွေက ဆတ်ဆတ်တုန်အောင် ကြောက်နေသည်။

လင်ဖြစ်သူ ကိုအောင်လတ်ပြတဲ့ ဖုန်းထဲက မြန်မာဖော် Message ကိုတလှည့် မီးဝင်းဝင်းတောက်တဲ့ မျက်လုံးတွေနဲ့ အကြည့် စူးစူးတွေကိုတစ်လှည့်ကြည့်ပြီး သွေးပျက်နေ၏။

"မင်း ဒီကိစ္စကို ဖြေရှင်းစမ်း မေမြတ်နိုး၊ လိမ်ဖို့ကြိုးစားရင်တော့ နင့်မျက်နှာကြီးကို ငါထိုးမှာနော်"

မေမြတ်နိုး မှသာဝါဒကံကို မကျူးလွန်ချင်သောကြောင့် မျက်ရည် လည်ရွဲနှင့် ဝန်ခံသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကို အထင်မလွဲပါနဲ့မောင်ရယ်၊ စိတ်ပါလို့ မဟုတ်ပါဘူး။ ကျွန်မ သောက်မယ့် ကော်ဖီထဲကို ဆေးခတ်ပြီး သူ အတင်းအဓမ္မ ပြုကျင့်သွားခဲ့တာပါ။"

ကိုအောင်လတ် အူနုကို ကျွဲခတ်သလို ခံစားလိုက်ရလေသည်။

"စိတ်မပါပေမယ့် ကိုယ်တော့ ပါသွားပြီမဟုတ်လား၊ ဟား . . . ငါ့ အမြတ်တနိုးနဲ့ အရိပ်မိုးပေးထားတာ . . . သွားပြီ ငါ နွားဖြစ်ပြီ၊ နွားလုံးလုံးဖြစ်ပြီ"

ကိုအောင်လတ် ယူကျုံးမရ ဖြစ်နေသည်ကိုကြည့်ပြီး မေမြတ်နိုး မျက်ရည်မိုးတွေ ရွာသွန်းဖြိုးလိုက်၏။

အယူသီးသော အစွဲအလမ်းကြီးသော အမြဲတမ်း နံပါတ်တစ် ဖြစ်လိုသော ကိုဇီဇာကြောင်ကြီးကိုမှ နွားမရှုံ့ပိတ် လုပ်ရက်လေခြင်း။

"ငါ မင်းကိုသတ်ချင်တယ် . . . မေမြတ်နိုး၊ အစောကြီးက သိခဲ့ရင် ငါမင်းကို မယူဘူး၊ အခုတော့ သံယောဇဉ်တွေ တွယ်ပြီးကာမှ သိရတော့ ဆုပ်လဲစူး စားလည်းရူးဆိုသလို ငါမင်းကို မသတ်ရက်ဘူး၊ အဲဒီတော့ နင့်ကို ဖျက်ဆီးသွားတဲ့ ခဲအိုဆိုတဲ့ လူကြီးကို ငါသတ်မယ်၊ ရင်မှာ ချိတ်ထားတဲ့ ကင်ဒိုဓားသွားယူစမ်း"

မေမြတ်နိုး ကိုအောင်လတ်ကို ခြေသားလုံးဖက်၍ တောင်းပန်သည်။

"မလုပ်ပါနဲ့ မောင်ရယ် . . . လွန်ခဲ့တဲ့ ၁၈ နှစ်လောက်တုန်းက ဖြစ်ခဲ့တဲ့ကိစ္စကို အခုမှ ချေးခြောက်ရေနူးသလို အစမဖော်ပါနဲ့တော့။ ကျွန်မတောင်းပန်ပါတယ်"

"မင်းတောင်းပန်လို့လဲ ငါ့ရင်ထဲက အနာက မကျက်သေးဘူးတွ



www.burmeseclassic.com

www.burmeseclassic.com



၁၈ နှစ်လုံးလုံး မြိန်ရေယှက်ရေ စားလာတဲ့ Breakfast က သူများအန့်ဖတ်ကြီးဖြစ်နေတော့ ငါ ဘယ်လိုခံစားရမလဲ မင်းကိုယ်ချင်းစာကြည့်"

"ဟင့် . . . အမိကာက စိတ်ပါပဲမောင်ရယ်၊ မောင့်လို ယောကျ်ားတွေ လောကမှာ အများကြီးရှိတယ်ဆိုတာ လက်ခံပေးပါနော်၊ ကိုယ့်စိတ်က ကြည်ဖြူရင် ကလေးတစ်ယောက်အမေလဲ အပျိုအမှတ်နဲ့ ချစ်လို့ရပါတယ်"

"တော်တော့ မြတ်နိုး . . . မင်းက ငါ့ကို သစ္စာဖောက်ခဲ့တာမျိုး မဟုတ်ပေမယ့် အဖြစ်မှန်ကို ဖုံးကွယ်ပြီး ငါ့ကို လှည်းကျိုးထမ်းခိုင်းတဲ့အတွက် ပြစ်ဒဏ်တော့ ချရမယ်၊ ယောကျ်ားတွေက မိန်းမတစ်ယောက်ကို ဖျက်ဆီးရင် ၃၇၆ ဆိုတဲ့ ပုဒ်မရှိပေမယ့် ဖျက်ဆီးနေတဲ့မိန်းမက နှိုးသားတဲ့ယောကျ်ားကို ညာယူရင် ဘာပုဒ်မမှတပ်လို့မရဘူး။ အဲဒီတော့ ငါကိုယ်တိုင် မင်းကို အနုတ်ထောင့်ငါးရာ (-၁၅၀၀)ဆိုတဲ့ ပုဒ်မအသစ်နဲ့ စီရင်ချက် ချမယ်။ မင်းကို ဖျက်ဆီးသွားတဲ့ ဦးထွန်းသိုက်ဆိုတဲ့ လူကြီးကို သင်းကွပ်ပြီး ဘဝပြောင်းနိုင်ရင် ငါ့ဆီပြန်လာခဲ့။ အဲဒီလိုမှ မလုပ်နိုင်ဘူးဆိုရင် ငါမင်းကို ဆက်ပေါင်းဖို့ မသတီဘူး။ မင်းကြိုက်တဲ့လမ်းရွေးပါ"

ဘယ်တရားရုံးမှာမှ မထုတ်ပြန်ရသေးသော ဥပဒေအသစ်ကို မြွှာန်းပြီးနောက် ကိုအောင်လတ် ဓမမြတ်နိုးရဲ့ အဝတ်အစားတွေကို ခြုံပြင်ထုတ်ပေးလိုက်သည်။

"ရော့ . . . အခုကစပြီး သင်သွားလိုရာ သွားနိုင်ပြီ။ သင့်ခွန်ပိုင်၏ မွေ့ရာ မထိုက်တန်တော့ပါ"

မေမြတ်နိုးအိတ်ကိုဆွဲပြီး မျက်ရည်သုတ်ကာ ခြေဦးတည့်ရာ



www.burmeseclassic.com

www.burmeseclassic.com



အစ်မ အိမ်ဆီ ဦးတည်လိုက်သည်။

***



www.burmeseclassic.com

www.burmeseclassic.com

(၉)

"လောကမှာ သစ္စာဖောက်မှုတွေ ဘာကြောင့်ဖြစ်တာလဲ သော်တာသိုက်"

"ရှင်းပါတယ် . . . အတွေ့ကို မရှောင်နိုင်လို့ပေါ့"

သော်တာသိုက်က မိုးအောင်၏အမေးကို အဖြေပေးရင်း ကားတံ ဘယ်ဘက်ကွေ့လိုက်သည်။

"မှတ်ထားမိုးအောင် . . . ဒီလိုအတွေ့ကို ကျွမ်းကျင်ရင် ကားချင်းမတိုက်မိအောင် ရှောင်လို့ရတယ်၊ အတွေ့ကိုတော့ ဘယ်မိန်းမမှ မလွန်ဆန်နိုင်ဘူး"

"အင်း . . . ဒါကြောင့်လဲ သဲနု မင်းဘက်ပါသွားတာဖြစ်မှာပေါ့"

"အခြေအနေရယ် . . . အချိန်အခါရယ် ပါးနပ်ကျွမ်းကျင်မှုရယ် သုံးပါးပေါင်းဆုံလိုက်တော့ ဘယ်လောက်သစ္စာရှိတဲ့ မိန်းမ ဖြစ်ပါစေ တော့တောင် . . . အားလုံးက သွေးနဲ့ကိုယ်သားနဲ့ကိုယ် ဖွဲ့စည်းထားတာ ချည်းပဲ။ ကျောက်ရုပ်မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် အသိဉာဏ်နဲ့ တားဆီးနိုင်မယ်ဆိုရင်ကော"

"ကြိုက်သလောက်တားစမ်းပါစေ မိုးအောင်ရာ၊ သံတိဉာဏ်ဆိုတာ လေ့ကျင့်ယူမှ ထိန်းချုပ်နိုင်တဲ့အရာမျိုး ငါးပါးအာရုံကာမဂုဏ်ဆိုတာတော့ လေ့ကျင့်စရာမလိုပဲ ပင်ကိုယ်သဘာဝ အလိုလို လူတိုင်းမှာ ခံစားဖို့ ပါလာပြီးသား"

"ဒီရေတက်ရင် ဘယ်တာတမံမှ မခံနိုင်ဘူး ကျိုးတာပါပဲ"

"မင်းက အဲဒီအချက်ကို သိလို့ သဲနုကို အပိုင်စည်းရုံးနိုင်တာပေါ့"

"ဒါပေါ့ကွ . . . ခံစားမှုကို အရှက်အကြောက်နဲ့ ဖုံးကွယ်ထားတဲ့ မိန်းကလေးမျိုးထဲမှာ မင်းနဲ့ သဲနုမပါဘူး။ အဲဒီတော့ ငါ သိပ်မကြိုးစားလိုက်ရပါဘူး။ ကစားနေကျ ပွဲတစ်ခုကို သက်သောင့်သက်သာ ခွေးစို့ရုံလေး လှုပ်ရှားလိုက်တာပါ"

အဲဒီအချိန်မှာ ကားမီးရောင်ဖြင့် မြင်လိုက်ရသော မြင်ကွင်းတမလှပ၊ ရှေ့နားမှာ လူတစ်ယောက်ကို လူသုံးယောက်ချုပ်ပြီး ဝိုင်းထိုးနေ၏။

သော်တာသိုက် ကားကိုရပ်၍ ကြည့်လိုက်သည်။

"ဟော့ကောင် . . . သော်တာသိုက်၊ ဘယ်အချိန်တည်းတမကျေနပ်ချက်တွေ အကြွေးဆပ်နေလည်းမသိဘူး။ ငါတို့ ဘာလုပ်ကြမလဲ"

သော်တာသိုက် အထိုးခံနေရသူကို သေချာကြည့်ပြီး မျက်လုံးပြူးသွားသည်။

"ဟာ . . . အဲဒါ ငါ့အဖေပဲ၊ ဟော့ကောင် ဆင်း"

သံယောဇဉ်မရှိပေမယ့် ဆွေမျိုးအရင်းခေါက်ခေါက် ဖြစ်နေသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သော်တာသိုက် ကားထဲကတုတ်ကိုဆွဲပြီး ဆင်းလိုက်တယ်ဆို ရင်ပဲ ရန်ပွဲ ခေတ္တရပ်သွား၏။

"ဟေ့ကောင်တွေ . . . ထွက်သွားစမ်း၊ မသွားရင် ငါ အကုန် ရိုက်မှာနော်"

"မင်းဘယ်သူလဲ . . . ငါတို့ပြဿနာထဲမှာ ဝင်မပါနဲ့၊ ဒီဘဲကြီးက အသက်မပြည့်သေးတဲ့ ငါ့ညီမလေးကို ဖျားယောင်းသွေးဆောင်ပြီး တိုတယ်ခေါ်လာတဲ့သူ၊ ငါတို့သာ အသိနောက်ကျရင် သွားပြီ"

"အေး . . . အခု မင်းတို့မသွားရင် ပိုနောက်ကျသွားလိမ့်မယ် ငါ့လက်ထဲကတုတ်က လူမရွေးဘူးနော်"

သော်တာသိုက် ဖြဲခြောက်လိုက်သဖြင့် လက်ဗလာလူတွေ မကျေမနပ် လှည့်ပြန်သွားသည်။

ဦးထွန်းသိုက် ဒဏ်ရာများနှင့် မျက်နှာကို လက်ဖြင့်ပွတ်ရင်း

"အား . . . ကျွတ် ကျွတ်၊ ကျေးဇူးပါပဲ မောင်ရင်ရာ၊ မင်းသာ ဝင်မပါရင် ငါ့ရဲ့ ရှေ့သွားတွေ ကျွတ်ပြီ၊ မင်းက ဘယ်သူလဲ"

ခင်ဗျားရဲ့သားပဲဟု ပြောလိုက်ချင်ပေမယ့် နာကျည်းစိတ်က ရှေ့ဆောင်နေသဖြင့် သော်တာသိုက် ဘာစကားမှမပြောဘဲ ကားထဲ ပြန်ဝင်ကာ ရှေ့ကို ဆက်မောင်းသွားလိုက်သည်။

ဦးထွန်းသိုက်ကြောင်ပြီး ကျန်ခဲ့၏။

"ဘယ်လိုကောင်လေးလဲကွ၊ ငါ့ကို ဘုကြည့်ကြည့်ပြီး ထွက်သွား တယ်၊ သူ့အမေလင်များ မှတ်နေသလား"

*



www.burmeseclassic.com

www.burmeseclassic.com



သော်တာသိုက် အိမ်ပြန်ရောက်တော့ ဒေါ်လေး ဒေါ်မေမြတ်နိုး ရောက်နေပါ၏။

သူ့ယောကျ်ားနှင့် တွိုင်တက်ပြီး အိမ်ပေါ်မှ ဆင်းလာပုံ၊ သူ့အဖေ ဦးထွန်းသိုက်ကို သတ်မည်တကဲကဲဖြင့် လိုက်ရှာနေပုံများကို သိခွင့်ရခဲ့ပါသည်။

စောစောကလည်း ဖခင်ဖြစ်သူကို ရန်သူ့လက်မှ ကယ်တင်ခဲ့ပြီးပြီ။

အခုနောက်ထပ် ရန်သူတွေထိုင်နေပြီဆိုတာ သိရတော့ သော်တာသိုက် နည်းနည်းတော့ ရင်လေးမိသည်။

ဒေါ်မေမြတ်နိုးယောကျ်ား ကိုအောင်လတ်ဆိုသူမှာ ဆွေကြီးမျိုးကြီး အသိုင်းအဝိုင်းထဲမှ ဖြစ်သဖြင့် လူတစ်ယောက်ကို ဒုက္ခပေးချင်လျှင် အပည့်တပန်းတွေ အသုံးချပြီး အောက်လမ်းနည်းသုံးတတ်၏။

သော်တာသိုက် စိုးရိမ်စိတ်တွေတော့ ဝင်လာပါသည်။

"ဩော် . . . အဖေရယ်၊ ကိုယ့်ရဲ့သား ဘယ်လိုရုပ်မျိုးလဲဆိုတာ မသိလောက်အောင် ဖခင်စိတ်မဲ့လို့ နာကျည်းမိပေမယ့်၊ သွေးသား အရင်းဖြစ်နေတော့ ကျွန်တော်အဖေ့ကို ချစ်ပါတယ် အဖေ၊ အဖေ ဒုက္ခ ရောက်မှာ မမြင်ရက်ဘူး၊ အဲဒီတော့ ကျွန်တော်ကိုယ်တိုင် အဖေ သွားတတ်လာတတ်တဲ့နေရာတွေကို လိုက်ကြည့်ပြီး ကာကွယ်ပေးမှ ဖြစ်တော့မယ်"

* * *



www.burmeseclassic.com

www.burmeseclassic.com

(၁၀)

မိန်းကလေးတစ်ယောက်ကို မြင်မြင်ချင်း အာရုံတွေ တိုင်ပတ်သွားပြီဆိုတာ သော်တာသိုက် အံ့ဩစွာ သိလိုက်ရပါသည်။

သူငယ်ချင်းတွေနှင့် ဓာတ်ပုံဆိုင်ထဲမှထွက်အလာ အရှေ့မှာ ဒန်းလေးလွှဲပြီးထိုင်နေသော ကောင်မလေးက အခုမှ အသက် ၁၆ နှစ်လောက်သာရှိဦးမည်ဟု ခန့်မှန်းရ၏။

အဝါရောင် ဂါဝန်လေးကိုဝတ်ပြီး ဒန်းစီးနေပုံက သူတို့အိမ်ရှေ့က ပန်းအိုးမှာ ပွင့်နေသော ဒန်းစီးလေဒီပွင့်လေးတွေနှင့်ပင် တူနေတော့သည်။

"ဝင့်ဝါ နင့်ဓာတ်ပုံလေးတွေရပြီ သိလား . . . အရမ်းလှတာပဲ"

"ဟယ် . . . အဟုတ်တော့"

ဝင့်ဝါဆိုသော အဝါရောင် ဂါဝန်နှင့် ကောင်မလေးက ဓာတ်ပုံဆိုင်မှာ ဓာတ်ပုံရွေးပြီး ထွက်လာသော သူငယ်ချင်းတွေပြသည့် သူမဓာတ်ပုံကိုကြည့်ပြီး သဘောကျနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သော်တာသိုက်ရှေ့ဆက်ဖို့ ခြေလှမ်းတွေ နှောင့်နှေးသွားလောက်အောင် ကောင်မလေးရဲ့ ညို့ချက်က ပြင်းလှ၏။

"ချစ်စရာကောင်းလိုက်တာ မိန်းကလေးရယ် . . . ဒီကျောင်းကတော့ မဖြစ်နိုင်ဘူး . . . မင်းဘယ်သူလဲ"

"သော်တာသိုက် . . . သွားမယ်လေ . . . ဘာလုပ်နေတာလဲ"

သူငယ်ချင်းဖြစ်သူ မျိုးကြီးစကားကြောင့် သော်တာသိုက်အတွေးတို့ ပြတ်တောက်သွားသည်။

"နေဦး မျိုးအောင် . . . ငါ ဟိုဒန်းပေါ်မှာ ထိုင်နေတဲ့ကောင်မလေးကို စိတ်ဝင်စားတယ် အဝါရောင်ဂါဝန်လေးနဲ့ ထိုင်နေပုံကဒန်းစီးလေဒီလေး ပွင့်နေသလိုပဲ သူ ဘယ်သွားလဲ လိုက်ကြည့်ရအောင်"

မျိုးကြီးက သော်တာသိုက်ပြောတဲ့ ကောင်မလေးကို တစ်ချက်ကြည့်ပြီး

"ချစ်ဖို့ကောင်းသားပဲကွ . . . ဒါပေမယ့် ငယ်ပါသေးတယ်။ ငါတို့ Practical ချိန်လည်း နီးနေပြီ သွားရအောင်"

"မင်းသွားရင်သွားတော့ မျိုးကြီး၊ ငါ Practical မလုပ်တော့ဘူး"

မျိုးအောင်က သော်တာသိုက်ကို လက်ဖျားခါတဲ့အကြည့်နဲ့ကြည့်သည်။

"မင်းကတော့ ဒီကိစ္စနဲ့ပတ်သက်လာရင် ပင်လယ်ရေလိုပဲနော်သောက်လေသောက်လေ ငတ်မပြေပဲ"

"ဒီတစ်ခါ ဆားမပါဘူးကွ၊ လုံးဝကို စိမ့်နေမယ့်ရေသာပဲ။ မျက်နှာလေးက လုံးဝပြစ်မျိုးမှဲ့မထင် ချစ်ချင်စရာလေး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း မင်းဘာသာမင်း ဆက်လှုပ်ရှားတော့၊ ငါ Practical သွားဆင်းလိုက်ဦးမယ်"

"အေး . . . သူငယ်ချင်း ငါ့အစား လက်မှတ်မထိုးပေးထားနဲ့နော်"

"ထိုးလို့လည်း မရပါဘူးကွာ"

သော်တာသိုက် ကောင်မလေးနှင့် သူငယ်ချင်းတွေ နောက်မှ မယောင်မလည်နှင့် ကပ်လိုက်သွားရာ ကျောင်းရှေ့မှာ တက္ကစီတစ်စီးငှားနေသည်ကို တွေ့လိုက်ရသဖြင့်

ကားနံပါတ်မှတ်ပြီး အသည်းအသန်လိုက်၏။

ကြိုးစားမှုရဲ့ရလဒ်ကြောင့် အိမ်ကိုတော့ သိလိုက်ရလေပြီ။

* * *

ကောင်မလေး

မင်းကို ဟိုတစ်နေ့က အဝါရောင်ဂါဝန်လေးနဲ့ ဒန်းလေးပေါ်မှာ မြင်လိုက်ရကတည်းက ကိုယ်စိတ်ဝင်စားခဲ့တာပါ၊ မင်းဟာ ကိုယ့်အတွက်တော့ ဒန်းစီးလေဒီလေးပါပဲ။

သရဲငိုမင်းသား

ဘယ်ကမှန်းမသိတဲ့ စာတစ်စောင်နဲ့ ဒန်းစီးလေဒီပွင့်လေးတစ်ပွင့်ကို ဝင့်ဝါလှိုင် လက်ခံရရှိလိုက်သည်။

သရဲငိုမင်းသားဆိုတာ ဘယ်သူလဲ နာမည်အရင်းတော့ မဖြစ်နိုင်လျှို့ဝှက်နာမည်ပဲ ဖြစ်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် ချင်းချက်မထားတတ်သောကြောင့် မိခင်ကို ပြောပြလိုက်ရာ မိခင်က ဖြစ်စဉ်ကို သေချာသုံးသပ်၏။

"ဒီစာအရဆိုရင် သမီးကို အဝါရောင်ဂါဝန်လေးနဲ့ ဒန်းပေါ်မှာ တွေ့လိုက်တယ်ဆိုတော့ သမီး ကစားကွင်းသွားသေးလား"

"အမေကလည်း . . . သမီးက မကြီးမငယ်နဲ့ ကစားကွင်း ဘာသွားလုပ်ရမှာလဲ"

"အဲဒါဆို ဘယ်မှာ ဒန်းစီးသေးလဲ . . . သေချာစဉ်းစားပါဦး"

ဝင့်ဝါလှိုင် စိတ်ကူးတွေကို အတောင်ပံဖြန့်ကြည့်လိုက်ရာ တက္ကသိုလ်ဝင်းထဲ ရောက်သွားလေ၏။

"ဪ . . . ဟိုတစ်နေ့က သမီးသူငယ်ချင်းတွေနဲ့ ကျောင်းထဲမှာ ဓာတ်ပုံရိုက်ခဲ့တယ် အမေ . . . အဲဒီတုန်းက ဓာတ်ပုံဆိုင်ရှေ့က ဒန်းပေါ်မှာထိုင်ပြီး သူငယ်ချင်းတွေဓာတ်ပုံရွေးတာကို စောင့်နေမိတယ် . . . အဲဒီတုန်းကများ တစ်ယောက်ယောက်မြင်ပြီး . . ."

"ဒါဆိုရင်တော့ သရဲငိုမင်းသားဆိုတာ အဲဒီကျောင်းထဲမှာပဲ ရှိရမယ်"

"ထားလိုက်ပါ အမေရယ် . . . လက်ဆော့ပြီး ပို့လိုက်တာ ဖြစ်မှာပါ"

ဝင့်ဝါလှိုင်တို့သားအမိ သရဲငိုမင်းသားကိစ္စကို အလျှော့ပေးထားခင်းလိုက်ကြသည်။

မခင်းလို့လဲမရ . . . ဆယ်တန်းစာမေးပွဲက မနက်ဖြန်ဖြေရတော့မည်။ သရဲငိုမင်းသားကိစ္စ စိတ်ဝင်စားနေပါက စာမေးပွဲဖြေနိုင်ဘဲ သူမငိုသွားရလိမ့်မည်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် . . . စာမေးပွဲမဖြေခင်စိတ်ကို Relax ပေးသည့် အနေဖြင့် သူငယ်ချင်းတွေနှင့် ကျောင်းထဲမှာ ဓာတ်ပုံသွားရိုက်ခဲ့ခြင်း ဖြစ်သည်။

***

ဆောင်းညပြာသိစ္စာလေ

www.burmeseclassic.com

www.burmeseclassic.com

(၁၁)

"ဦးထွန်းသိုက် . . . ခင်ဗျားပြန်မယ့်လမ်းမှာ၊ လူသုံးယောက် ဒိုင်လျှိုလေးစောင့်နေတယ်၊ အဲဒီလူတွေက ခင်ဗျားကို သတ်မလို့ စောင့်နေတာ၊ အဲဒီလမ်းက မသွားပါနဲ့"

"မင်း . . . ဘယ်သူလဲ၊ ဘာကိစ္စနဲ့ ငါ့ကို သတ်မှာလဲ"

"စကားအများကြီးမပြောပါနဲ့၊ မယုံဘူးဆိုရင် အဲဒီနေရာကို သွားကြည့်လိုက် . . . ဒါပေမယ့် နောက်က အဖော်သုံးယောက်လောက်တော့ မလှမ်းမကမ်းကနေ ခေါ်သွားရလိမ့်မယ်၊ သတိထားပါ"

တဖက်မှ ဖုန်းချသွားပြီဖြစ်သည်။

ဘယ်ကမှန်း ဘယ်သူမှန်းမသိပေမယ့် စိတ်ထဲမှာတော့ ဇဝေဇဝါ ဖြစ်သွားပြီး အဖော်ခေါ်သွားကြည့်ရန် ဆုံးဖြတ်လိုက်သည်။

"ထွန်းလူရယ် . . . အောင်လေးရယ် . . . စိုးကြီးရယ် ငါနဲ့ အဖော်ခဏလောက်လိုက်ခဲ့စမ်းပါကွာ . . . အပြန် မင်းတို့အတွက် ငါတက္ကစီငှားပေးလိုက်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



တလပ်ပိတ်ပြီးလို့ အပြန်လမ်းတွင်တော့

"ဟေ့ကောင် . . . ရှေ့ကလာနေတဲ့ဘဲကြီးက ငါတို့ဆရာ ဖွဲ့ခိုင်းထားတဲ့ ဦးထွန်းသိုက်မဟုတ်လား"

"သိပ်ဟုတ်တာပေါ့ . . . နှာခေါင်းမှာ မှဲ့နဲ့ နှာဘူးရုပ်ကြီးက သူ့တလွဲပြီး ဘယ်သူများဖြစ်နိုင်မှာလဲ"

"ဟေ့ကောင် သူ့ကို ရှင်ပြုပေးဖို့ စားမြှောင်ပါတယ်နော်"

"အဆင်သင့်ပဲ"

ကြေးစားသုံးယောက် ဦးထွန်းသိုက် ရှေ့ထွက်ရပ်လိုက်ပြီး

"မင်္ဂလာပါ ဦးထွန်းသိုက်"

"မင်္ဂလာပါ ကလေးတို့ ထိုင်ကြပါကွယ်"

"ဟေ့လူ ကျောင်းဆရာလေးသံနဲ့ ပြောမနေနဲ့ . . . ခင်ဗျားကြီးကို နှုတ်ဆက်ချင်လို့ နှုတ်ဆက်တာမဟုတ်ဘူး"

"ဒါဖြင့်ရင် ဘာအတွက်"

"ဒီနေ့ဟာ ခင်ဗျားကြီး ယိုးဒယားသွားစရာမလိုဘဲ ငွေကုန်ကြေးကျသက်သာစွာနဲ့ ဘဝပြောင်းတော့မှာမို့လို့ ယောကျ်ားဘဝကို နှုတ်ဆက်တာ ရှင်းပြီလား"

ဦးထွန်းသိုက် မျက်နှာပျက်သွား၏။

"ငါ . . . ငါ့မှာ ဘာအပြစ်ရှိလို့ မင်းတို့က ဒီလို ကြံစည်ရတာလဲ"

ထိုအခါ ကြေးစားသုံးယောက် ခွက်ထိုးခွက်လန်ထရယ်သည်။

"ဟား . . . ဟား . . . ဟား အပြစ်မရှိဘူး ဟုတ်လား ဒီလောက် သူများ သားသမီးဖျက်ဆီးလို့ မတင်းတိမ်နိုင်တဲ့ ကာမဂုဏ်ကျွဲနွားကြီးက အပြစ်မရှိဘူးဆိုတော့ အပြစ်မရှိရင် ဘာရှိလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အပြစ်နဲ့ တူတာတော့ ရှိတယ်ကွ"

"ဘာလဲ"

"အချစ် . . . ငါ့မှာ အချစ်ရှိတော့ မေတ္တာတွေမျှဝေမိတာ၊ သူတို့လေးတွေလည်း လက်ခံပြီးသားပါ။ မင်းတို့ကော လက်မခံနိုင်ကြဘူးလား"

"တော်စမ်းပါဗျာ . . . အချစ်လို့ ခေါင်းစဉ်တပ်ပြီး လင်ရှိမယားဆောင်မချန် ကြာကူလီလုပ်တဲ့ ခင်ဗျားကြီး ဒီနေ့ကစပြီး ကန္တာရစီးလုပ်စားပေတော့ . . . ယား"

ပြောပြီး မားကိုထုတ်၍ ပြေးလိုက်ရာ ဦးထွန်းသိုက် စစ်ကူခေါ်လိုက်လေပြီ။

"ရဲဘော်တို့ . . . တက်"

ဦးထွန်းသိုက် နောက်လှည့်ကြည့်ပြီး ခေါင်းမွေးတွေထောင်သွား၏။

တစ်ယောက်မှမရှိ။

သူ့ကို လူသုံးယောက် ဝိုင်းလိုက်တာ မြင်ကတည်းက ကြောက်ပြီးပြေးဟန်တူသည်။ အားကိုးရပါဘိ။

"မသာမတွေ . . . ဒင်းတို့ ရှေ့ကပြေးမှတော့ ငါလည်းနောက်ကပြေးပြီဟေ့"

အခြေအနေမကောင်းမှန်းသိ၍ ဦးထွန်းသိုက် အပြေးသမားဖြစ်သွားသည်တွင် ကြေးစားသုံးယောက်ကလည်း နောက်မှ မားဆွဲလိုက်သည်။

"လွတ်အောင်ပြေးနော် . . . မိလို့ကတော့ ခင်ဗျားကြီး တချွတ်



www.burmeseclassic.com

www.burmeseclassic.com



တားထဲကလို ကုန်းကုန်းဖြစ်ပြီမှတ်"

အဲဒီအချိန်မှာ မမျှော်လင့်ဘဲ သူတို့ကြားထဲသို့ လူတစ်ယောက် ဝင်လာပြီး။

"တစ်ယောက်မှ မလှုပ်နဲ့နော် . . . လက်ညှိုးတစ်ချက် ကွေးလိုက်လို့ သုံးယောက်လုံး ကိုယ့်ပစ္စည်းကိုယ် ကုန်းကောက်နေရမယ်"

ကြေးစားသုံးယောက်ကို ပေါင်ကြားထဲ သေနတ်ချိန်၍ အမိန့်ပေးလိုက်သော ယူနီဖောင်းဝတ် ရဲကြောင့် အခြေအနေတွေ ပြောင်းလဲသွားသည်။

"ဒီနေရာမှာ ခားထိုးမှု ဖြစ်မယ်လို့ သတင်းအတိအကျရထားလို့ လာဖမ်းတာ . . . ဒါပေမယ့် အမှုက မမြောက်သေးတော့ အခွင့်အရေးတစ်ခုပေးလိုက်မယ် . . . ဒီနေရာကနေ အမြန်ထွက်သွား နောက်လည်း ဒီလိုမျိုး မကြံစည်နဲ့ . . . ပြောစကား နားမထောင်ဘူးဆိုရင်တော့ လက်ညှိုးကွေးပြီ"

ကြေးစားသုံးယောက် ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီ။

"ဟို . . . မ . . . မလုပ်ပါနဲ့ ကိုရဲ ရယ်၊ ကျွန်တော်တို့ ယိုးဒယားတင် လုပ်ရောင်းဖို့ ကုန်ပစ္စည်းလိုလို့ ဒီလိုကြံစည်မိတာပါ နောက် မလုပ်တော့ပါဘူး"

ကြေးစားသုံးယောက် ထွက်ပြေးသွားသောအခါ ဦးထွန်းသိုက်သူ့ဒုတိယအသက်ကို ကယ်ခဲ့သော ကျေးဇူးရှင်ရဲလေးကို လက်ဆွဲနှုတ်ဆက်၏။

"ဦးမှာ . . . မောင်ရင်ပေးတဲ့ အတက်ပဲရှိပါတော့တယ်။ တိုက်ကြွက်မှန်ရင် အတက်က အသက်ပဲမို့ ဦးအတက်ကိုစောင့်ရှောက်



www.burmeseclassic.com

www.burmeseclassic.com



ပေးတဲ့ မောင်ရင် နာမည်ဘယ်လိုခေါ်ပါသလဲ”

သော်တာသိုက် ဘာမှမပြောဘဲ ဖခင်ဖြစ်သူကို နာကြည်းစွာ ကြည့်၍ လှည့်ထွက်သွားသည်။

“ဟ . . . ဘာလဲဟ၊ ငါ့ကို ဘုကြည့် ကြည့်သွားပြန်ပြီ၊ ဩော် . . . ဟိုတစ်ခါ ကယ်ခဲ့တဲ့ တစ်ယောက်ပဲ၊ အင်း . . . နှစ်ခါလုံး မင်းက အချိန်ကိုက် ရောက်လာတယ် . . . ရှဲ့ ရှဲ့”

ဦးထွန်းသိုက် သားဖြစ်သူကို သားမှန်းမသိဘဲ တရုတ်လို တန်တော့လိုက်၏။

*

“ဒန်းစီးလေဒီပွင့်လေး ထပ်ရောက်လာပြန်ပြီအမေ”

“ဒီတစ်ခါ ဘယ်လိုရောက်လာတာလဲ သမီး”

“အိမ်ရှေ့ခြံစည်းရိုးမှာ ညှပ်သွားတာ စာလဲပါတယ် . . . ဆယ်တန်းစာမေးပွဲကြီးကို အောင်မြင်စွာဖြေဆိုနိုင်ခဲ့ပါစေလို့ ဆုတောင်းပေးပါတယ် . . . နောက်နေ့ကစပြီး ဒန်းစီးလေဒီပွင့်လေးတွေ တစ်နေ့ တစ်ပွင့် မှန်မှန်ရောက်လာတော့မယ်၊ စောင့်နေပါ . . . သရဲငို့ မင်းသား”တဲ့။

“အင်း . . . ဒါဆိုရင်တော့ ဒီကိစ္စကို ပေါ့ပေါ့တန်တန် သဘော ထားလို့ မရတော့ဘူး။ သမီးကိုမြင်ပြီး မျက်စိကျသွားတဲ့ကောင်လေး တစ်ယောက်ယောက်က သမီးရင်ခုန်အောင် ဗျူဟာတွေ စခင်းနေပြီ တူတယ်”

မိခင်ဖြစ်သူက ပြုံးစစနဲ့ ပြောလိုက်ပေမယ့် ဝင့်ဝါသွင် တတ်



www.burmeseclassic.com

www.burmeseclassic.com



မထိခဲ့။

"သမီး . . . အဲဒါတွေ စိတ်မဝင်စားသေးပါဘူး အမေရယ် . . . ပညာရေးလမ်းကြောင်းမှာ အဟန့်အတားဖြစ်တယ်၊ ပြီးတော့ အဖေ့လို လူမျိုးတွေနဲ့ တွေ့မှာကြောက်တယ်၊ သမီး ဘယ်ယောကျ်ားလေးကိုမှ မယုံဘူး"

အရွယ်နဲ့မလိုက်အောင် စဉ်းစားဆင်ခြင်နိုင်စွမ်းပြည့်ဝသော သမီးဖြစ်သူကို ဒေါ်သင်းမာလာ မလေးစားဘဲ မနေနိုင်။

သမီးဖြစ်သူ မယုံကြည်နိုင်လောက်အောင် ဖခင်ဖြစ်သူက ယောကျ်ားတွေကိုယ်စား ဘာတွေလုပ်ပြထားသလဲ ဆိုတာကတော့ ဒေါ်သင်းမာလာသာ အသိဆုံးဖြစ်ပါ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

# (၁၂)

"ကောင်မလေးက ဂျစ်တီးဂျစ်ကန်လေးကွ၊ ယောကျ်ားလေး တွေ အားလုံး သူ့လုပ်စာစားနေရတဲ့ ရုပ်နဲ့၊ မိန်းကလေးတွေနဲ့ဆိုရင်တော့ ခင်ဖို့ကောင်းတယ်လို့ ပြောကြတယ်"

"မင်းပြောပုံအရ ယောကျ်ားလေးတွေနဲ့တွေ့ရင် မျက်နှာတို ချိနေတာပဲပေါ့"

"မတူသလို မတန်သလို ရုပ်နဲ့"

သော်တာသိုက် အရမ်းကို စိတ်ဝင်စားသွားပြီဖြစ်သည်။

"ဘာကြောင့်လဲ"

"မသိပါဘူးကွာ အကြောင်းမဲ့ မာန်တက်နေတယ်ထင်တာပဲ၊ ကောင်မလေးက ချစ်ဖို့ကောင်းတော့ ရှစ်တန်းနှစ်လောက်တည်းက သူ့ကို ကြိုက်တဲ့သူတွေရှိတယ်၊ အခုချိန်ကတော့ အရမ်းကို လှသွေးကြွယ်နေတဲ့ အချိန်ဆိုတော့ လိုက်တဲ့သူ တော်တော်များတယ်"

"ဒါဆို ရည်းစားရနေပြီလား"



www.burmeseclassic.com

www.burmeseclassic.com



ကိုနိုင်က တစ်ချက်ရယ်ပြီး

"အဖတ်လုပ်ပြီး စကားပြောခံရတဲ့သူက တော်တော် ကံကောင်းလို့ပဲ"

လောကမှာ ရှိတဲ့ စိတ်ဝင်စားဖို့ကောင်းတဲ့အရာတွေထက် ပို စိတ်ဝင်စားဖို့ကောင်းသွားပြီဖြစ်သည်။

"ဟား . . . အဲလို မိန်းကလေးမျိုး လုံးဝမတွေ့ဖူးဘူး၊ ထားခဲ့ဖူးတဲ့ ရည်းစားရဲ့ အသဲခွဲခြင်းခံရလို့ ယောကျ်ားတွေကို စိတ်နာနေတာလား"

"အဲလိုတော့ မဟုတ်ဘူးကွ . . . သူမြင်ဖူးတဲ့ယောကျ်ားတွေက အိုင်တွေ့တိုင်းခြေဆေးတတ်တယ် . . . သစ္စာမရှိဘူးလို့ ခံယူထားတာလို့ ကြားတယ်၊ အဲဒါကြောင့် ခုချိန်ထိ ရည်းစားမထားရဲသေးတာတဲ့၊ သူ့ရဲ့ အချစ်ကိုလိုချင်ရင်တော့ တော်ရုံတန်ရုံ ကြိုးစားမှုမျိုးနဲ့ မရဘူး . . . မင်းလို ပွေတဲ့ရှုပ်တဲ့သူမျိုးဆိုရင်တော့ ပိုတောင်ဆိုးသေးတယ် လိုက်ဖို့ မစဉ်းစားနဲ့တော့"

ကိုနိုင်ရဲ့ စကားက သော်တာသိုက်ကို စိန်ခေါ်သလို ဖြစ်သွားလေပြီ။

"ငါ့ဘဝမှာ လိုက်လို့မရဘူးဆိုတဲ့ စော်မရှိသေးဘူး ကိုနိုင်။ ဘာပဲ ပြောပြော မင်းပြောတဲ့အချက်နဲ့တင် လက်ရှိ ငါ့ရဲ့ ရည်းစား ၁၈ ယောက်နဲ့ သူတစ်ယောက် လဲလို့တန်သွားပြီ။ အဲဒီတော့ ဒီတစ်ခါ ပစ္စည်းကောင်းလေးသုံးဖို့အတွက် ပစ္စည်းဟောင်းတွေ အားလုံးကို ငါ စွန့်လွှတ်ပြီး ထိပ်တန်းဗျူဟာကို သုံးတော့မယ်"

ကိုနိုင် သော်တာသိုက်ကို လက်မှိုင်ချသလို ကြည့်လိုက်သည်။

အိမ်နီးချင်းမို့လို့ ကောင်မလေးအကြောင်းတွေ သိသလောက်



www.burmeseclassic.com

www.burmeseclassic.com



ပြောပြလိုက်မိတာ သူ့အမှားလား သော်တာသိုက်ပဲ ကံကောင်းချင်တာလား။ ဘာပဲဖြစ်ဖြစ် မျက်စိနောက်စရာတွေတော့ မြင်ရဦးမည်။

အမျိုးကောင်းသမီးတစ်ယောက် စားဖားလက်ထဲမရောက်သွားပါစေနှင့်ဟုသာ သူငယ်ချင်းမသိအောင် စိတ်ထဲမှ ကြိတ်ဆုတောင်းမိ၏။

*

"ဘုတ်"

ရုတ်တရက် စက်ဘီးကောလူပါ ယိုင်ပြီး သူမအပေါ် လဲပြိုခြင်းခံလိုက်ရသဖြင့် အရှိန်မထိန်းနိုင်ဘဲ မြေကြီးပေါ် ဖင်ထိုင်ကျသည်။

"ဟင် . . . ရှင်ဘယ်လိုလုပ်လိုက်တာလဲ"

သော်တာသိုက် ကောင်မလေးကို လက်ကမ်းထူသော်လည်း ကောင်မလေးက ဖယ်ချပြီး ကိုယ့်ဘာသာကိုယ် ပြန်ကုန်းထ၏။

အကြည့်တွေကတော့ နဂါးမသာဆိုလျှင် ပြာဖြစ်လောက်သည်။

"ဆောရီးပါကွာ . . . ရုတ်တရက် ခေါင်းမူးသွားလို့ မင်းအပေါ် လဲကျမိတာပါ ကိုယ် စာအုပ်တွေကောက်ပေးပါ့မယ်"

သော်တာသိုက်က မြေကြီးပေါ် ကျဲပြန့်နေသော ဝတ္ထုစာအုပ်များကို ကောက်ပေးပြီး

"ဒီနေ့ သွေးတိုးနေလို့ မူးပြီး ယိုင်သွားတာပါ။ ပြန်တောင်းပန်တဲ့အနေနဲ့ . . . မင်း အပ်မယ့် စာအုပ်ဆိုင်၊ ကိုယ် စက်ဘီးနဲ့ လိုက်ပို့ပေးပါရစေ"

"ရတယ် . . . ကိုယ့်ဘာသာကိုယ် သွားလို့ရတယ်"

လေသံမမာတော့သော်လည်း ကျေနပ်မှုသိပ်ရှိဟန်တို



www.burmeseclassic.com

www.burmeseclassic.com



သော်တာသိုက် အကဲခတ်မိ၏။

"ဒီလိုလည်း ဘယ်ဟုတ်မလဲ . . . ကိုယ်လည်း အဲဒီဆိုင်မှာ စာအုပ်ငှားဖို့ရှိလို့ တစ်ခါတည်း သွားမှာလေ . . . လိုက်ခဲ့ပါ ခြေညောင်း သက်သာတာပေါ့"

ကောင်မလေးက ခေါင်းခါပြီး သူ့မဖင်ကို ပုတ်၍ ထွက်သွားသည်။

ဖင်ပုတ်ရသည့် အကြောင်းရင်းမှာ မြေကြီးပေါ် လဲကျစဉ်က ပေသွားသော ဖုန်တွေခါခြင်းသာဖြစ်၏။

သော်တာသိုက်ကို အထာပေးခြင်းမဟုတ်။

သူမရှေ့က ထွက်သွားသောအခါ သော်တာသိုက် စက်ဘီးကို တွန်း၍ နောက်ကလိုက်သည်။

"စက်ဘီးနဲ့ လဲကျမိတာ တောင်းပန်တယ်နော် . . . ကြမ်း ပျက်သွားတယ်။ အနီးအနားမှာ လူရှင်းနေလို့ တော်သေးတာပေါ့"

ကောင်မလေးက ဘာမှမပြော၊ သော်တာသိုက်ကို တစ်ချက် ကြည့်ပြီး ခပ်တည်တည်နှင့် ဆက်လျှောက်၏။

"ဒါနဲ့ စာအုပ်က ဘယ်ဆိုင်မှာ ငှားတာလဲ"

ပထမ သူလည်း အဲဒီဆိုင်မှာ စာအုပ်ငှားဖို့ဆိုပြီး အခု ဘယ်ဆိုင် မှာ ငှားတာလဲဟုမေးသော သော်တာသိုက်ရဲ့ ရှေ့စကား နောက်စကား မညီပုံကို ကောင်းမလေး ရိပ်မိသွားပြီး မပြောချင်ပြောချင်နှင့်

"ရွှေမေတ္တာ"

"ဟား . . . အဲဒီဆိုင်က ကိုယ် အမြဲအားပေးနေကျဆိုင်ပဲ ကောင်းတယ် ကောင်းတယ်၊ အဲဒီဆိုင်က စျေးသက်သာတယ်"



www.burmeseclassic.com

www.burmeseclassic.com



စကားကို ဆုံးအောင် နားမထောင်ဘဲ ဖြတ်ပြောလိုက်သော သော်တာသိုက် သူ့စကားမှားသွားမှန်း လွန်မှ သိလိုက်ရလေပြီ။

ကောင်မလေး ဆက်ပြောတဲ့စကားကတော့

"ရွှေမေတ္တာအရက်ဆိုင်ဘေးက ဟင်းလေးအိုးစာအုပ်ဆိုင်"

သော်တာသိုက်ရှက်ပြီး ဆက်မလိုက်ရဲတော့၊ သူ့ကို အရက်သမားလို့ ထင်သွားပြီလား ကောင်မလေးရယ် . . .

ဇွဖာတာနည်းနည်းမှားသွားတော့ ရှက်ကီဘဲလို့ အထင်လွဲခံ ရပြီပေါ့။

နောက်နေ့မှ မဟုတ်တဲ့အကြောင်း သေချာရှင်းပြရမည်။ အခုတော့ Intro ဝင်ပြီးပြီမို့ ဒုတိယအဆင့်အတွက် ပြင်ဆင်သည့်အနေဖြင့် သူမပို့မယ့် စာအုပ်ဆိုင် နာမည်ကို မှတ်ထားလိုက်၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

(၁၃)

"ဦး . . . ဟော့လိုင်းစာအုပ်အသစ်ထွက်လား"

"အေး . . . ထွက်တယ် သမီး . . . အခုလေးတင်ပဲ ငှားလိုက်တယ်၊ ချစ်သူရဲ့ ပါးလေးကို မနမ်းဖူးသေးတဲ့ကျွန်တော်" တဲ့။

"သမီးဖတ်ချင်လိုက်တာ၊ ဦးရယ် ဖြစ်ရပ်မှန်ထင်တယ်၊ ဦးတ အသစ်ထွက်ရင် ချန်ထားပါဆိုတာကို ပေးလိုက်တယ်"

"ဦးလည်း မသိလိုက်ဘူးကွဲ့ . . . အိမ်က မဟောသီ ထုတ်ပေး လိုက်တာ၊ နောက်နေ့ဖတ်ပေါ့ကွယ်"

"ဦးကလည်း သမီးအကြောင်းသိရဲ့သားနဲ့၊ ပထမဆုံး လတ်လတ် ဆတ်ဆတ်ပဲ ဖတ်ချင်တာကို၊ အရင်ဖတ်သွားတဲ့လူက အိမ်သာထဲမှာ ဖတ်မယ် ဘာညာဆိုရင် ရောဂါပိုးတွေ သမီးဆီကူးလာမှာပေါ့"

"ပြန်အပ်ရင် ဟော့လိုင်းစာအုပ်ကို ဦး ပိုးသတ်ဆေးဖျန်းပေး ပါ့မယ်ကွယ်"

ဝင့်ဝါလှိုင် မျက်နှာ စူပုပ်နေစဉ်

*ဆောင်းညပြာသို့စာလေ*

www.burmeseclassic.com

www.burmeseclassic.com



"ညီမ ဖတ်ချင်တဲ့စာအုပ် ဒါလား မသိဘူး"

အသံနှင့်အတူ သူမ ဘေးနားရောက်လာသော ပုဂ္ဂိုလ်ကို ကြည့်ပြီး ဝင့်ဝါလှိုင် အိုးတိုးအိုးတန့် ဖြစ်သွားသည်။

စက်ဘီးနှင့် သူမအပေါ် လဲကျသည့်သူ. . .

"ဖတ်ချင်ရင် ယူလိုက်ပါ. . . ကိုယ်က ဘယ်အချိန်ဖတ်ဖတ် ရတယ်၊ ဟိုတစ်နေ့က ကိစ္စအတွက် ပြန်တောင်းပန်တဲ့အနေနဲ့ပေါ့"

ဝင့်ဝါလှိုင် ကြောင်တောင်တောင်ဖြစ်နေစဉ် ဆိုင်ရှင်ဦးလေးကြီးက ဝင်၍ တွန်းပေးသည်။

"ဖတ်ချင်ရင် ယူလိုက်လေ သမီး. . . ငှားသွားတဲ့လူက ဆိုင်ထဲက အပြင် မရောက်သေးတာ အတော်ပဲဖြစ်သွားတယ်"

သူမ သူ့လက်ထဲက ဟော့လိုင်းစာအုပ်ကို ယူပြီး မျက်နှာဖုံးကို ကြည့်လိုက်သည်။

ခေါင်းစဉ်က "ချစ်သူရဲ့ပါးလေးကို မနမ်းဖူးသေးတဲ့ ကျွန်တော်" တဲ့။ အဖုံးဒီဇိုင်းက ဆန်းသည်။

ရှင်မတောင်သနပ်ခါးလိမ်းထားသော အသားဖြူဖြူ ကောင်မလေးတစ်ယောက်၏ ပါးပြင်ကို သံဆူးကြိုးတွေနှင့် ကာရံထားပြီး စစ်တပ်ဆစ်တပ်ချထားပုံကို အဝေးကမျှော်ငေးနေရသော အသံဖြူကိုင် ပြောက်ကျားစပ်သားလေး၏ သနားစရာ ပုံရိပ်ကို ဖော်ကျူးထား၏။

ဝင့်ဝါလှိုင် သဘောကျသွားပြီး စာအုပ်ကို လက်ခံလိုက်သည်။

"ကျေးဇူးပါပဲ"

ဒုတိယအဆင့်ကတော့ အောင်မြင်သွားလေပြီ။

နောက်နေ့တွေမှာလည်း စာအုပ်ဆိုင်မှာ မကြာခဏ ဆုံဖြစ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



သူက နှုတ်ဆက်လျှင် သူမက ခေါင်းညိတ်ပြ၊ ပြုံးပြ၊ သူက စကားရော
ဖောရောလုပ်လာလျှင် သူမက အလိုက်အထိုက်လေး နားထောင်နေ
လိုက်ဖြင့် မသိမသာ ရင်းနှီးလာ၏။

ဒန်းစီးလေဒီပွင့်လေးတွေကတော့ ဝတ္တာရားမပျက် အိမ်မှာ
ရောက်နေဆဲပင်။

* * *



www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . . ဒါဆိုရင်တော့ မင်း အခြေအနေ တော်တော် တိုးတတ်နေပြီပဲ၊ ထင်တောင်မထင်ဘူးကွာ၊ မင်းတော်တယ် သော်တာသိုက်၊ ဒီကောင်မလေးရဲ့ ရာဇဝင်မှာ ယောကျ်ားလေးတွေကို ဒီလို ရေလိုက်ငါးလိုက် ပြန်ဆက်ဆံပေးတာ ဒါ ပထမဆုံးပဲ"

"ဒါကတော့ မိန်းကလေးတစ်ယောက်ကို ချဉ်းကပ်ချင်ရင် သူ့အကြိုက် သူ့စရိုက်ကို သိထားဖို့ လိုတယ်ကွ၊ ကောင်မလေးက မာန်တတ်နေတာ မဟုတ်ပါဘူး၊ နူးနယ်တဲ့မိန်းမသားဘဝလေးကို ခြံခတ်ပြီး ကာကွယ် ထားတာပါ။ ငါက နူးညံ့ညင်သာတဲ့ နည်းလမ်းနဲ့ စဝင်လိုက်တာ၊ သူ့အပေါ် စက်ဘီးပိတယ်၊ အဲဒီအတွက် သူ့ဆီက ခွင့်လွှတ်မှုကို ရချင်လို့ လိုက်လိုက်လျောလျော ဆက်ဆံတယ်၊ မျက်နှာငယ်လေးနဲ့ တောင်းပန်တယ်၊ စာအုပ်ဆိုင်မှာ တွေ့တိုင်း ငါက စပြီး နှုတ်ဆက်တယ်၊ အဲဒီလောက် အောက်ကျခံပြီး ရောနေတော့ သူ အားနာပြီး အလိုက်အထိုက် ပြန်ဆက်ဆံပေးတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . မင်းပြောတာ ဟုတ်တော့ ဟုတ်တယ်ကွ၊ သူတို့လိုက်တဲ့ ကောင်တွေက စကားတစ်ခွန်းနှစ်ခွန်းပြောမိလို့ သူတို့အပေါ် ဖြန့်တဲ့ပြန်မှု မလာဘူးဆိုရင် အောက်တယ်ဆိုပြီး လှည့်မကြည့်တော့ဘူး မင်းသာ ဇာတ်လမ်းထွင်ပြီး အကွက်ကျကျရောတာ"

"မိန်းကလေးတစ်ယောက်ကို အဲလိုလုပ်လို့ မရဘူးကွ၊ အောက်တာတို့၊ သာတယ်နာတယ်တို့ တွက်နေရင် လိုက်မနေနဲ့၊ မိန်းကလေးတစ်ယောက်ရဲ့ အချစ်ကို လိုချင်ရင် ကိုယ့်မှာရှိတဲ့ မာန၊ သိက္ခာ၊ အရှက်တရား အဲဒါတွေ ဘေးချိတ်ပြီး ဒူးထောက်လိုက်၊ အဲဒါဆိုရင် တိုင်းပြည်တစ်ဝက်ကို နင်းပြီးသားဖြစ်ပြီ"

သော်တာသိုက်ရဲ့ အယူဝါဒကို ကိုနိုင်က သိပ်လက်မခံချင်။

"တချို့မိန်းကလေးတွေက ကိုယ့်အပေါ်မှာ ဒူးထောက်တဲ့ယောကျ်ားကို စွန့်ပယ်ပြီး ဒူးမထောက်လက်မမြှောက် တည်ကြည်ခန့်ညားတဲ့ယောကျ်ားမှ ရွေးချယ်တတ်ကြတာကော"

"အဲဒါ အနည်းစုပါကွာ၊ မိန်းကလေးဆိုတာ ကိုယ့်ကို လာကြိုက်တဲ့သူထဲကပဲ ရွေးချယ်ခွင့်ရှိတာ၊ ကိုယ့်အပေါ် ယုယ၊ ဂရုစိုက်၊ ကြင်နာတာကို မကြိုက်ဘူးဆိုတဲ့ မိန်းကလေးရှိရင် ငါ့ကို လက်ညှိုးထိုး ပြစမ်းပါ။ အဲဒါကြောင့် သိပ်လှတဲ့ မိန်းကလေးနဲ့ သိပ်မည်းတဲ့ယောကျ်ား အတွဲတွေမြင်နေရတာပေါ့။ မင်းက ကိုရီးယားမင်းသားလောက် ချောနေရင်လည်း သူ့အပေါ် ဂရုမစိုက်လို့ကတော့ ရုပ်ဆိုးတဲ့သူလောက် မစဉ်းစားဘူး မိန်းကလေးရဲ့သဘာဝကိုက စိတ်ဓာတ်နူးညံ့တယ်၊ အချော့ကြိုက်တယ် အဲဒီတော့ လိုက်ချင်ရင် အထက်စီးက မလိုက်နဲ့၊ အောက်စီးကလိုက်"

ကိုနိုင် သော်တာသိုက်ကို အရှုံးပေးသွားပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



“မင်းကတော့ ဒီကိစ္စမှာ ဆရာကြီးပါပဲ၊ ငါတောင် အဲဒီလို မတွေးခဲ့လို့ မိန်းကလေးတစ်ယောက်ကို ရည်းစားစာပေးတာ၊ သူ့ဘက်က လက်ခံရေး ဆက်မလိုက်ဖြစ်တော့ဘူး၊ မှားသွားတယ်၊ ဆက်လိုက်ရမှာ”

“မင်းက စာကို ဘယ်လိုရေးပေးလို့လဲ”

ကိုနိုင်က မျက်နှာရှုံ့မဲ့မဲ့နှင့် အင်္ကျီအိတ်ထဲ လက်နှိုက်လိုက်ပြီး

“ငါ အမှတ်တရ သိမ်းထားပါတယ်ကွာ. . . ဒီစာလေးက ငါ့ဘဝမှာ ပထမဆုံး ရေးမိတဲ့ ရည်းစားစာပါပဲ”

သော်တာသိုက် ကိုနိုင့်ရဲ့ ရည်းစားစာကို ဖွင့်ဖတ်လိုက်၏။

နှင်းနု. . . နင့်ကို ငါချစ်တယ်၊ ငါ့ကို နင်ချစ်မလား

သော်တာသိုက် မရယ်ဘဲ မနေနိုင်တော့။ အောက်မှာ သူ ရည်းစားစာပေးသော နှင်းနုဆိုသော ကောင်မလေးက ပြန်ရေးပေးထား၏။

မချစ်ဘူး

“မိန်းကလေးတစ်ယောက်ကို ရည်းစားစာပေးဖို့ စာသားတွေ အဲဒီလောက် ဦးနှောက်ခြောက်ခံပြီး မစဉ်းစားပါနဲ့ကွာ၊ ကောင်မလေးက သနားပြီး ချက်ချင်းပြန်ကြိုက်နေပါဦးမယ်”

“မင်းပြောရင်လည်း ခံရမှာပဲကွာ၊ ငါက ဉာဏ်မထွက်ဘူး၊ ဒဲ့ပဲ ဆော်တတ်တယ်”

“ဒဲ့ဆော်တာကို ဘယ်မိန်းမမှ ရင်မခုန်ဘူးကွ. . . အတွေးအဝိုက် အလှည့်အပတ်တွေနဲ့ မထိတထိ ကလိပေးမှ ရင်ထဲရောက်တာ ငါ မင်းကို နမူနာရေးပြမယ် ကြည့်”

* * *



www.burmeseclassic.com

www.burmeseclassic.com

(၁၄)

ဝင့်ဝါ

ကိုယ် စာပေလောကထဲကို စာရေးဆရာအဖြစ်နဲ့ ခြေလှမ်းစလှမ်းဖို့ စမ်းသပ်ကြည့်ချင်တယ်၊ ဒါပေမဲ့ ကိုယ်က 'ချစ်တယ်' ဆိုတဲ့ နှစ်လုံးကလွဲပြီး ဘာစာမှ မရေးတတ်ဘူး၊ အဲဒါ ဘယ်လို စာရေးရမလဲ ဆိုတာ ဝင့်ဝါ သင်ပေးနိုင်မလား၊ ဝင့်ဝါက စာ အဖတ်များလို့ ကိုယ် အကူအညီတောင်းကြည့်တာပါ၊ အမေနဲ့ တိုင်ပင်ကြည့်လို့ ရပါတယ်။

သော်တာသိုက်

"အဲဒီစာက သမီးဖတ်မယ့် စာအုပ်ထဲ သူ ညှပ်ထည့်ပေးလိုက်တာ အမေ"

"အင်း. . . ရည်းစားစာကို ပရိယာယ်သုံးပြီး ရေးထားတယ် သမီးဆီကို ရောက်လာတဲ့ ဒန်းစီးလေဒီပွင့်လေးတွေနဲ့ စာကို ဖက်စပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရင်"

သားအမိနှစ်ယောက် စာနှစ်စောင်ကို တိုက်ပြီး အလုပ်ကြီး အကိုင်ကြီး လုပ်ကြတော့၏။

"လက်ရေးက အတူတူပဲ အမေ၊ ဒါဆို သရဲငိုမင်းသားဆိုတာ သော်တာသိုက်ပေါ့"

"အဖြေကတော့ ရှင်းသွားပြီ သမီးရေ၊ သမီးကို ဒီကောင်လေး လိုက်နေပြီ၊ နောက်နေ့ တရားဝင် ဖွင့်ပြောလာရင် ဘယ်လိုလုပ်မလဲ"

ဒေါ်သင်းမာလာ သမီးဖြစ်သူ မျက်နှာကို အကဲခတ်ပြီး မေးသည်။

"အဲဒီတော့လည်း ကိစ္စပြတ်သွားတာပေါ့ အမေရယ်၊ အားနာ ခါးနာနဲ့ မေးထူးခေါ်ပြောလုပ်စရာ မလိုတော့ဘူး၊ အပြတ်ငြင်းလိုက်ရုံပေါ့၊ နောက်နေ့ လမ်းတွေ့လည်း နှုတ်ဆက်စရာ မလိုတော့ဘူး"

သမီးဖြစ်သူရဲ့ ပြတ်သားသောစိတ်ဓာတ်ကို ဒေါ်သင်းမာလာ လိုက်မမှီပါ။

သူမဆိုလျှင် ယောက်ျားတစ်ယောက်ကို အားနာမှုနှင့် ခါးပါပြီး သူများ မယားငယ်ဘဝရောက်ခဲ့ပါ၏။

သမီးလေးကတော့ အမေဖြစ်သူကို သင်ခန်းစာယူပြီး ယောကျ်ား တွေနဲ့ ခပ်ကင်းကင်းနေပါ၏။

မကင်းဘဲ လာပတ်သက်သူတွေများပေမယ့် ဝင့်ဝါလှိုင် တစ်ယောက်မှ စိတ်မဝင်စားခဲ့။ သူမအတွက် ပညာရေးလမ်းကြောင်း သည်သာ ပဓာန ဖြစ်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို မင်းကောင်မလေးကို ဖွင့်ပြောတော့မှာပေါ့"

ကိုနိုင်ရဲ့အမေးကို သော်တာသိုက် ခေါင်းခါပြီး တုံ့ပြန်သည်။

"ဟင့်အင်း. . . ဒီအချိန်မှာ သွားဖွင့်ပြောလိုက်ရင် ငါ အငြင်းခံလိုက်ရမှာပေါ့၊ ရှိပြီးသား အဆင်ပြေမှုလေးတောင် ပျက်ဆီးသွားလိမ့်မယ်"

သော်တာသိုက်ရဲ့ စိတ်ကူးအိုင်ဒီယာတွေကို ကိုနိုင် နားမလည်ပါ။

"ဒါဖြင့်ရင် စာပေးတာက"

"ငါ သူ့ကို ချစ်နေပြီဆိုတာ တွေးကြည့်ရုံသက်သက်ပဲ၊ တဖြည်းဖြည်းနဲ့ သူ့ရင်ထဲကို ငါ ရောက်လာအောင် အမှတ်တရတွေ ပေးရမယ်၊ ပြီးရင် သံယောဇဉ်တွေ ခိုင်မြဲအောင် ချည်နှောင်မယ်၊ သူ့ဘက်က ငါ့ကို ငြင်းဆန်နိုင်ဖို့ အင်အားမရှိတော့ဘူးဆိုတာ မျက်နှာအမူအရာမှာ ပေါ်လွင်လာတာနဲ့ အပိုင်ပြောမယ်၊ မိန်းကလေးတစ်ယောက်ကို ရည်းစားစကားပြောတာ မျက်နှာအမူအရာ ကြည့်ရတယ်ကွ၊ လက်မခံနိုင်မှန်းသိသိနဲ့ ခွတ်ပြောရင် အလကားပဲ၊ သူ စိတ်ပါနေပြီဆိုမှ ကိုယ့်ဘက်က စိတ်ကြိုက်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပေတော့ပဲ"

"မင်း အဲဒါတွေ ဘယ်က သင်ထားတာလဲ"

"အတွေ့အကြုံရယ်. . . ဇွ,လေးရယ်တော့ လိုတာပေါ့ကွ"

ကိုနိုင်ပင် သော်တာသိုက်ကို အားကျသွားသည်။

"ငါတို့ကျတော့ အဲလောက် မတွေးတတ်ဘူးကွ"

"မှတ်ထား ကိုနိုင်၊ မိန်းကလေးတစ်ယောက်ကို ကိုင်တွယ်ရတာ မြင်း ဇက်ကြိုးကို ထိန်းရသလိုပဲ၊ တင်းသင့်ရင် တင်းရမယ်၊ လျှော့သင့်ရင် လျှော့ရမယ်၊ အလျှော့အတင်းလေးနဲ့ ကိုယ့်ဘက်ပါအောင်ဆွဲမှ ဒီမြင်းက ယဉ်ပါးလာမှာ၊ မဟုတ်လို့ကတော့ မင်းကို ခါချပြီသာမှတ်"

"တစ်ယောက်နဲ့ တစ်ယောက် ကိုင်တွယ်ရပုံချင်းကော တူလား"

"အင်း. . . နည်းနည်းတော့ ကွာတယ်၊ အိမ်ထောင်ဘက်တို နှလုံးသားနဲ့ ရွေးချယ်တဲ့ မိန်းကလေးရှိသလို ဦးနှောက်နဲ့ ရွေးချယ်တဲ့ မိန်းကလေးလည်း ရှိတယ်။ ဦးနှောက်နဲ့ ရွေးချယ်တာဟာ အချစ်မပါတဲ့ အတွက် သူ့ထက်သာတဲ့သူ တွေ့ရင် ပါသွားမှာပဲ၊ နှလုံးသားနဲ့ ရွေးချယ် တာကျတော့ လွယ်လွယ်နဲ့ ဖြတ်လို့မရဘူး၊ ဘာကြောင့်လဲဆိုရင် နှလုံး သားက ခန္ဓာကိုယ်အနှံ့ သွေးလည်ပတ်မှုတွေ လုပ်ဆောင်ပေးတဲ့ အဓိက အသက်သွေးကြောဖြစ်လို့ပဲ၊ လူတစ်ယောက် ရှင်သန်ခြင်း သေဆုံးခြင်း ဆိုတာကို နှလုံးခုန်ရပ်မရပ်ပဲ ကြည့်တယ်၊ ဦးနှောက်ကို ဘယ်သူမှ မစစ် ဆေးဘူး၊ အသည်းကွဲသွားတဲ့ လူတစ်ယောက်ဟာ ဘာကြောင့် တစ်ကိုယ်လုံး ခွေကျပြီး မလှုပ်ချင် မသယ်ချင်ဖြစ်သွားရသလဲဆိုတော့ အချိန်တိုင်း လှုပ်ရှားနေရတဲ့ နှလုံးသားက ဆိုးဝါးတဲ့ စိတ်ခံစားချက်ကြောင့် ညှိုးငယ်ခွေ လျှော့ကျပြီး သွေးကြောစီးဆင်းမှု နှောင့်နှေးသွားလို့ပဲ၊ ရင်ထဲမှာ တူတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာရှိနေပေါ့၊ အဲဒါကြောင့် မိန်းမတစ်ယောက်က ယောကျ်ားတစ်ယောက်ကို နှလုံးသားနဲ့ ရွေးချယ်ပြီဆိုရင် ဦးနှောက်နဲ့ ရွေးတဲ့လူထက် ပိုခိုင်မာသွားပြီ၊ ပိုပြီး သစ္စာရှိသွားပြီ၊ လုံးဝ ကိုယ်မှ ကိုယ်ပဲ၊ တော်ရုံတန်ရုံ အပြစ်ကိုတောင် အပြစ်လို့ မမြင်တော့ဘူး"

ကိုနိုင် သော်တာသိုက်ကို တော်တော်အထင်ကြီးသွားသည်။

"မင်း. . . တော်တော် လေ့လာထားတာပဲ၊ အဲဒါဆို မင်းလည်း ဝင့်ဝါလှိုင်ကို နှလုံးသားနဲ့ ရွေးချယ်လာတဲ့အထိ ကြိုးစားမယ်ပေါ့"

"ဒါပေါ့၊ ဒါပေမဲ့ ပထမအဆင့် ဦးနှောက်နဲ့ လက်ခံလာအောင် ကြိုးစားရဦးမယ်၊ လူတစ်ယောက်က ဆန့်ကျင်ဘက်လိင်ကို မြင်ရင် ပထမ အဆင့် ဒီလူဘယ်လိုလူမျိုးလဲဆိုတာ ဦးနှောက်က အရင် စစ်ဆေးပေးတယ်၊ အရက်သမား၊ ဘိန်းစား၊ မိန်းမရှုပ်တဲ့သူဆိုရင် အဲဒီအဆင့်မှာတင်ကျပြီ၊ ဦးနှောက်ရဲ့ စစ်ဆေးမှုမှာ အောင်သွားတော့မှ နှလုံးသားက ကြိုက်တယ် မကြိုက်ဘူး ခွဲခြားပေးမှာဖြစ်တဲ့အတွက် ငါ့ရဲ့ နောက်ကြောင်းရာဇဝင်တွေ အားလုံးကို ရှင်းထုတ်ပြီး ဒီနေ့ကစပြီး သော်တာသိုက်၊ လူရိုးလူအေးလို နေပြတော့မယ်၊ မိန်းကလေးတစ်ယောက်ကို မြင်ပြီး စရိုက်ပြောင်းသွား တယ်ပေါ့ကွာ"

သော်တာသိုက်ရဲ့ မာယာပရိယာယ်ကြွလှုပ်ပုံကို ကိုနိုင် လက်ဖျား ခါသွားသည်။

ယောကျ်ားတွေ မာယာများရင် မိန်းမတွေ အရှုံးပေးရတယ်ဆိုတာ ဒါပဲနေမှာ။

* * *



www.burmeseclassic.com

www.burmeseclassic.com

(၁၅)

ဝင့်ဝါလှိုင် အံ့ဩသွားသည်။ သူမ ထင်ထားတဲ့စကားနဲ့ ပြောလာတဲ့ စကားက တခြားစီ။

"ကိုယ့်ကြောင့် မင်း သိက္ခာကျမှာစိုးလို့ နောက်နေ့တွေ မင်း စာအုပ်ပြန်အပ်တဲ့လမ်းမှာ ကိုယ်စောင့်မနေတော့ပါဘူး ဝင့်ဝါ၊ ကိုယ် အရင်က ရည်းစားများခဲ့တယ်၊ ဒါပေမဲ့ အချစ်စစ်နဲ့တွေ့တဲ့အခါ အဲဒီ အများတွေကို နောင်တရသွားတယ်၊ ပတ်ဝန်းကျင်က အဲဒါကို သိမှာ မဟုတ်ဘူး၊ ကိုယ့်ကြောင့် မင်း သိက္ခာမကျစေရဘူး၊ ဒါပေမဲ့ မင်း ကြိုက်တဲ့ ဟော့လိုင်းစာအုပ် အသစ်ထွက်ရင် ငှားမနေပါနဲ့၊ ကိုယ် ဆောင်းညဖြာသို့ စာအုပ်တိုက်ကနေ ဝယ်ပြီး လက်ဆောင်ပို့ပေးလိုက်ပါ့မယ်၊ အဝေးတနေ ခင်မင့်ခွင့်လေးရချင်လို့ပါ"

အဲဒီစကားပြောပြီးတည်းက သော်တာသိုက် ပေါ်မလာတော့

အထင်နဲ့အမြင် တခြားစီ ဖြစ်သွားသောကြောင့် ဝင့်ဝါလှိုင် ဘာလုပ်ရမှန်းမသိ၊ ရည်းစားစာပေးပြီးမှ အဖြေမတောင်းဘဲ ပါးရိုက်မှု

*ဆောင်းညဖြာသို့စာပေ*

www.burmeseclassic.com

www.burmeseclassic.com



ကြိုသိနေ၍ ရှောင်ထွက်သွားပုံက ပညာသားပါလှသည်။

ပြီးတော့ ဘယ်သူမှ မပြောခင် သူ့ကိုယ်သူ အရင်က ရည်းစား များခဲ့ပါသည်ဟု ဝန်ခံပြီး တောင်းပန်သွားပုံကလည်း လေးစားလောက်၏။

နောက်တော့ သူမ . . ကြိုက်တဲ့ ပော့လိုင်းစာအုပ် အသစ် ထွက်ရင် လက်ဆောင်ဝယ်ပေးမယ်ဆိုတာကလည်း ငွေကုန်ကြေးကျ သက်သာ စေသည်။

ဒီအပြင် သူမ သိက္ခာကို ငဲ့ညှာပြီး လိုက်လို့ရရဲ့သားနဲ့ မလိုက်ဘဲ အဝေးက ခင်မင်ခွင့်လေးလိုချင်တာကလည်း သနားစရာကောင်းစေ၏။

ဘာပဲဖြစ်ဖြစ် ဒီလူဟာ သူမကို အာရုံထဲ မရောက်ရောက်အောင် အတွက်ချိန်းပြီး တိုက်စစ်ဆင်နေတာ စနစ်ကျလှမှန်း သူမ တွေးမိပါသည်။

ဒန်းစီးလေဒီပွင့်လေးတွေကတော့ အခုထိ ရောက်နေဆဲပင်။

* * *



www.burmeseclassic.com

www.burmeseclassic.com

သော်တာသိုက်. . . ရှင်ဟာ တကယ့် ကိုးတောင်ကျားပဲ၊ အစာ ဝရင့် ခဝါချပြီး ဌာနပြန်တယ်၊ အဲဒီတော့ ရှင် နောက်တစ်ခါ နှာမထရဲ အောင် ကဲ. . .”

“ဖတ်”

သူ့ကို ပါးရိုက်မယ့်လက်ကို ဖမ်းကိုင်ပြီး သော်တာသိုက် ဖယ်ချ လိုက်သည်။

“ဆောရီးပဲ. . . ပန်းကလေးတစ်ပင်၊ လက်ခုပ်ဆိုတာ တစ်ဘက် တည်း တီးလို့ မမြည်ဘူး၊ နှစ်ဘက်တီးမှ မြည်တာပါ၊ ငါ မင်းကို ခြေတွေ လက်တွေ ကြိုးနဲ့တုပ်ပြီး စော်ကားခဲ့လို့လား၊ မင်းလည်း အလိုတူအလိုပါ ချောနေပြီးတော့ ခုမှ ငါ့ကို တစ်ဘက်သတ် မစွပ်စွဲပါနဲ့”

“ရှင် မမိုက်ရိုင်းနဲ့နော်၊ အဲဒီကိစ္စ နှစ်ယောက်လုံး မှားခဲ့တယ် ဆိုရင်တောင် ကိုယ့်အမှား ကိုယ် တာဝန်ယူရမှာပေါ့၊ ခုတော့ ရှင်တ သက်ထပ်ဖို့ တောင်းဆိုတာကို ဝေ့လည်ကြောင်ပတ် ရှောင်လွှဲတဲ့အပြင်



www.burmeseclassic.com

www.burmeseclassic.com



အခု ဖြတ်စာပါပေးတယ်ဆိုတော့ ဘာသဘောလဲ၊ စားပြီး နားမလည် လုပ်တာလား"

"စားပြီး နားမလည်တာ မဟုတ်ပါဘူး၊ ပန်းကလေးတစ်ပင်၊ စားပြီးတော့ အစာကြေသွားတာပါ၊ အစာကြေသွားပြီဆိုရင် စွန့်ဖို့ပဲ ကျန်တော့တယ်၊ ဒါလောကနိယာမပဲလေ"

ပန်းကလေးတစ်ပင် သော်တာသိုက်ကို တော်တော်ရွံသွားသည်။

"ရှင် တော်တော် တရားကျဖို့ ကောင်းပါလား သော်တာသိုက်၊ လောကမှာရှိတဲ့ ယောကျ်ားတွေ ရှင့်လိုချည်းပဲလား၊ ကိုယ့်မှာ နှမရှိရင် နည်းနည်းတော့ စာနာဖို့ ကောင်းပါတယ်"

"အဲဒီအတွက် မစိုးရိမ်ပါနဲ့၊ ငါက တစ်ဦးတည်းသော ကျား၊ ဘာနှမမှမရှိဘူး"

"အေး. . . ရှိခဲ့မယ်ဆိုရင် ရှင့်နှမကိုလည်း သူများ ဖျက်ဆီးပါစေလို့ ကျွန်မ ကျိန်ခဲ့မယ် သော်တာသိုက်"

"ကျိန်လေ. . . ကျိန်လည်း အပိုပဲ၊ မင်းသာ ကိုယ့်ကိုယ်ကို ထိန်းသိမ်းပါ၊ နောက်တစ်ယောက်နဲ့တွေ့ရင် ခေါ်တိုင်း မလိုက်မိစေနဲ့ ကျွေးတိုင်း မစားနဲ့ ပေးတိုင်းမယူနဲ့"

"ရှင် ပြောစရာ မလိုပါဘူး၊ ခုမှ ဆုံးမမနေနဲ့၊ လိုချင်တာ မရတုန်းတုန်းတော့ မျက်နှာငယ်လေးနဲ့၊ လိုချင်တာလည်း ရပြီးရော သူ့လုပ်စား စားနေရတဲ့ရုပ်နဲ့ အပြောင်းအလဲများတဲ့ ရှင်တို့ယောကျ်ားတွေကို စီးတဲ့ ဖိနပ်နဲ့ ပါးပိတ်ရိုက်ရင်တောင် မတန်ဘူး သိလား၊ ဖိနပ်ပေလို့"

"အဲဒီလိုပဲ ပြောကြတာပါပဲ၊ အစကတော့ သူတို့ပဲ အဲဒီယောကျ်ားတွေရဲ့ ကိုင်တွယ်ပွတ်သပ်မှုအောက်မှာ သာယာနေပြီးတော့ မှတ်ထား



www.burmeseclassic.com

www.burmeseclassic.com



ပန်းကလေးတစ်ပင် ငါသင်ပေးလိုက်မယ်၊ ကိုယ့်ကို တကယ် လက်ထပ်စေချင်ရင် အခွင့်အရေးတွေ အကုန်မပေးလိုက်နဲ့၊ ပိုင်ဆိုင်ပြီးသား ပစ္စည်းကို ဘယ်သူမှ ငွေကုန်ကြေးကျခံပြီး ဝယ်ချင်မှာ မဟုတ်ဘူး"

"အောက်တန်းစား"

"သိရင်ပြီးတာပါပဲ"

"လူယုတ်မာ"

"ပြောပါ"

"ခွေးလောက်တောင် အဆင့်မရှိဘူး"

"မင်း ထင်ချင်သလို ထင်"

"မုဒိမ်းကောင်"

"ဟုတ်ပါတယ်"

"ကျက်သရေမရှိတဲ့ကောင်"

"ရပါတယ်"

"နွားဘူး"

"စိတ်ကြိုက်သတ်မှတ်ပါ"

"ကြာကူလီ"

"ဗွေမယူပါဘူး"

"နွမဖောင်း"

"ဖောင်း"

ဘယ်လိုပြောပြော သည်းခံနေသော သော်တာသိုက်၊ ဒေဝီ ခံလိုက်ရသောအခါ လက်ပါတဲ့အထိ ပေါက်ကွဲသွားသည်။

"မှတ်ထား ပန်းကလေးတစ်ပင်၊ ငါက ကိုယ်ဟာချင် ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



မနာဘူး၊ မဟုတ်ရင်တော့ နာတယ် ငါ့ကိုမဆဲနဲ့၊ ရှုပ်ပါ ရိပ်သာရောက်သွားမယ်”

ပန်းကလေးတစ်ပင် အံကို ကြိတ်၍ မာန်ကိုလိပ်ပြီး ရှူးလိုက်၏။

“ငါ့ကို မကျေနပ်တဲ့အကြည့်နဲ့ မကြည့်နဲ့ ယောက်ျားဆိုတာ ကျားတွေချည်းပဲ၊ ငါကတော့ ပိုထူးခြားတယ်၊ ကိုးတောင်ကျား . . ကိုးတောင်ကျားရဲ့ အဓိပ္ပာယ်ကို သိလား၊ ကားတောင် ကျိုးတဲ့အထိ အားသန်တဲ့ယောက်ျားကို ပြောတာ၊ မင်း ငါ့ကို ထပ်ပြီး စွပ်စွဲနေဦးမယ်ဆိုရင် သက်သေပြတဲ့အနေနဲ့ ငါ ကားပေါ် ဆွဲတင်လိုက်မယ်၊ ဘယ်လိုလဲ”

ပန်းကလေးတစ်ပင် Procareလို့တောင် မပြောနိုင်ဘဲ ငိုချွဲပြီး ထွက်ပြေး သွား၏။

“စိတ်မရှိပါနဲ့ ပန်းကလေးတစ်ပင်၊ ငါ မင်းကို အသုံးပြုရတာ အားမရသေးပေမယ့် ထောင်မြင်ရာစွန့်ဆိုတဲ့အတိုင်း အဖိုးအနဂ္ဃထိုက်တဲ့ တစ်သိန်းတန်ရွှေခွက်ကို လိုချင်လို့ မင်းလို ခွက်စုတ်ကို ရေထဲ မျှောလိုက်ရတာပါ၊ ငါ့ရှေ့မှာ မင်းနဲ့ ဖြစ်ဖူးထားတဲ့ ယောက်ျားတွေကိုသာ တူနှစ်ဖြာ ရှေ့ရပေါဆက်ဖို့ ကမ်းလှမ်းလိုက်ပါ ငါကတော့ မင်္ဂလာမဆောင်ချင်သေးဘူး”

ပန်းကလေးတစ်ပင်ကတော့ သေးနဲ့ပန်းခံလိုက်ရလေပြီ။

***



www.burmeseclassic.com

www.burmeseclassic.com

(၁၆)

"ဘာ. . . ဦးထွန်းသိုက်ကို ကယ်နေတဲ့လူ ရှိတယ် ဟုတ်လား"

"ဟုတ်ပါတယ် ဆရာ. . . အဲဒီလူက တခြားသူမဟုတ်ဘူး ဆရာ မိန်းမရဲ့တူ သော်တာသိုက်ပဲ"

"ဩော်. . . ဒါဆို သူ့သားပေါ့၊ အင်း. . . ဒီလောက် ဖခင်စိတ် မဲ့တဲ့သူကို ဒင်းက ကာကွယ်နေသေးတယ်၊ ဦးထွန်းသိုက်က သူ့သား သူ့ကို ကယ်နေတယ်ဆိုတာ သိရဲ့လား"

"သိတော့သိတယ် ဆရာ. . . ဒါပေမဲ့ သူ့သားမှန်း မသိဘူး သော်တာသိုက်ကလည်း မပြောဘူး"

"မင်းတို့ကောင်တွေ ဒီကောင်လေးတစ်ကောင်ကို မထိန်းနိုင်ဘူး လားကွာ၊ ဦးထွန်းသိုက် လူ့လောကမှာ တစ်ရက် ဆက်ရှိနေရင် ငါ တစ်ရက် အသက်တိုလိမ့်မယ်၊ ဒင်းနဲ့ ငါ့မိန်းမ အရင်က ဖြစ်ခဲ့ဖူးတဲ့ ကိစ္စကို စိတ်ကူးထဲမှာ မြင်ယောင်ရင်း ငါ့အသည်းတွေ ကလိကလိ ဖြစ်နေတုန်းပဲ၊ ဒင်းမရှိတော့မှ ငါ့မိန်းမကို ခွင့်လွှတ်ပြီး ပြန်ပေါင်းဖို့ စိတ်သန်မှာ မြန်မြန်



www.burmeseclassic.com

www.burmeseclassic.com



လက်စဖြတ်ကြကွာ၊ ငါ ပြန်ပေါင်းချင်နေပြီ”

“ဆရာရယ်. . . အဲဒီလောက် ဇီဇာမကြောင်ပါနဲ့၊ ဦးထွန်းသိုက် သေသွားတော့ကော၊ ဆရာ့မိန်းမနဲ့ကိစ္စက ပြန်ပျက်သွားမှာတဲ့လား အတိတ်ဆိုတာ ပြန်ပြင်လို့ မရပါဘူး”

ကိုအောင်လတ် သူ့ကို ဆရာလုပ်သော တပည့်ကို အကျီစဆွဲ၍ ရန်တွေ့သည်။

“ဟေ့ကောင်. . . မင်း ဘာစကားပြောတာလဲ၊ မင်း ငါ့အကြောင်း သိတယ်နော်၊ ငါ စားနေတဲ့ ထမင်းပန်းကန်ထဲက မင်း ဦးဦးဖျားဖျား ဝဲပင်ပေါက်တစ်ဖတ် နှိုက်မြည်းထားတာကို သိသွားတော့ ငါ ဘယ်လို လုပ်လိုက်လဲ”

“ဟုတ်. . . ဟုတ်ကဲ့ ကျွန်တော့်ကို လက်ထိုးပြီး ပြန်အန်ခိုင်း ပါတယ် ဆရာ”

“အေး. . . အခုကိစ္စက ပဲပင်ပေါက်ထက် ဆိုးတယ်ကွ၊ လက်ထိုးပြီး ပြန်အန်ခိုင်းလို့ မရဘူး၊ အဲဒါကြောင့် ဒင်းရဲ့ ငယ်ပါကို ဖြတ်ပြီး ခွေး တွေ့ခိုင်းတာ မင်းတို့ ဝက်သတ်တဲ့ကောင်တွေပဲ ဒီလောက်တော့ လတ်ယဉ်ရမှာပေါ့”

“ယဉ်ပါတယ် ဆရာ အခုကိစ္စက သော်တာသိုက်ကို ငဲ့နေလို့ပါ၊ ဗီဒီယိုရိုက်တွင်းက ငှားလာတဲ့ ရဲဝတ်စုံနဲ့ ဖြဲခြောက်လိုက်၊ ဦးထွန်းသိုက်ကို တားနဲ့ လိုက်တိုက်တုန်းကလည်း ကားရှေ့ကနေ ဂျစ်ကားနဲ့ ပိတ်ရပ်လိုက် နှောင့်ယှက်လို့ အခက်တွေ့နေရတာပါ။ ကျွန်တော်တို့ သားဒုဗိ နှစ်ယောက်လုံးတို အပြတ်ရှင်းလိုက်ရမလား”

“အဲလိုတော့ မလုပ်နဲ့ကွ၊ ငါ့မိန်းမ မျက်နှာရှိသေးတယ်၊ သူ့တူကို



www.burmeseclassic.com

www.burmeseclassic.com



ထိရင် ခံမှာမဟုတ်ဘူး၊ ငါတို့က သားသမီးလည်း မထွန်းကားဘူးဆိုတော့ သော်တာသိုက်က သူ့အသည်းကျော်၊ သားကိုရှောင်ပြီး အဖေကို ရအောင် ရှော့၊ မရှော့နိုင်ရင် မင်းတို့ကို ငါရှော့မယ်”

“ကျွန်တော်တို့ ရှော့ပါမယ် ဆရာ”

“အေး. . . သွား ရှော့”

ကိုအောင်လတ်ထံမှ ခွင့်ပြုချက်ရသောအခါ ဝက်သတ်သမား လေးယောက် အိမ်သာထဲမှာ ဝိတ်သွားလျှော့ကြလေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

မိန်းကလေးတစ်ယောက်ရဲ့ စိတ်ကို ပိုင်စိုးဖို့ ကြိုးစားရာ၌ သူ့အနားကို အမြဲသွားနေဖို့ မလို၊ သွားလိုက်တဲ့ အခိုက်အတန့်လေးမှာ အမှတ်တရ ဖြစ်သွားဖို့လိုသည်။ ရင်ထဲထိသွားဖို့ လိုသည်။ (ဟော့လိုင်း၏ အဆိုအမိန့်)

"သမီး သမီးကို သော်တာသိုက် မွေးနေ့လက်ဆောင် ပေးသွားတယ်"

ဆိုင်ရှင်ရဲ့ စားပွဲပေါ်မှာ ပါဆယ်ထုပ်လေးတင်ထားသည်ကို ဝင့်ဝါ တွေ့လိုက်ရ၏။

"အံ့သြစရာပဲ၊ ဒီနေ့ သမီးမွေးနေ့မှ မဟုတ်တာ၊ ဘာကြောင့်တာလဲ"

"သူက ပြောပါတယ်၊ သမီး မွေးနေ့ ဘယ်နေ့မှန်း မသိလို့ မွေးနေ့ ရောက်တဲ့အခါမှ ပါကင်ဖွင့်ပြီး ကြည့်လိုက်ပါ၊ အခုတော့ ယူထားလိုက်ပါတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မယူချင်ပါဘူး ဦးရယ်. . . ပြန်ပေးလိုက်ပါ"

"ပြန်ပေးလို့တော့ မရဘူး သမီး၊ သူ ခရီး ထွက်စရာရှိလို့ စာအုပ် လာမငှားတော့ဘူးတဲ့၊ သမီးမယူရင် ဦးဆိုင်မှာ သောင်တင်နေလိမ့်မယ်"

"ဟာ. . . ဒီလူကတော့ ကွိုင်ပဲ၊ သူနဲ့ ရင်းနှီးတာလည်း မဟုတ်ဘဲနဲ့"

ဝင့်ဝါလှိုင်. . . မွှေးနေ့နှင့် လေးလကွာနေသော မွှေးနေ့ လက်ဆောင်ကို မယူချင် ယူချင်နှင့် ယူလိုက်၏။

"သူ့ဘာဂါကတော့ ပိုးကြေးပန်းကြေးပေးနေတာ ထင်ရှားနေပြီ သမီးရေ. . . သမီးဘက်က စဉ်းစားဖို့သာ လိုတော့တယ်"

"စိတ်မဝင်စားပါဘူး ဦးရယ်၊ စာမေးပွဲအောင်စာရင်းလည်း ထွက်တော့မယ်၊ အောင်ရင် တက္ကသိုလ်တက်ဖို့ ပြင်ဆင်ရမယ်၊ သမီး ဒါပဲ စိတ်ဝင်စားတယ်"

"ဒါတော့ ဒါပေါ့ သမီးရယ်၊ ဒါပေမဲ့ ပညာရှာရင်းနဲ့ ကြင်ယာ ရှာထားတော့ ပညာစုံရင် ကြင်ယာစုံတာပေါ့ အင်း. . . ဦးအထင် ပြောရရင် သမီးတို့နှစ်ယောက် ဖူးစာဆုံလိမ့်မယ်ထင်တယ်၊ ရုပ်ချင်းဆင်တယ်၊ ရုပ်ချင်း ဆင်ရင် ညားတတ်တယ်တဲ့"

"ဟာ ဦးကလည်း"

ကိုယ့်ထမင်းကိုယ်စားပြီး သူများ သားသမီး လင်ရအောင် အတင်းပို့နေသော စာအုပ်ဆိုင်ရှင်ကို အပင်းဆို့သေပါစေဟု စိတ်ထဲမှာ ကျိန်ဆဲရင်း ဝင့်ဝါလှိုင် ထွက်သွား၏။

စာအုပ်တောင် မငှားမိ။

အိမ်ရောက်တော့ မွှေးနေ့လက်ဆောင်ကို မွှေးနေ့အထိ စောင့်ပြီး ဖွင့်ရန် မစောင့်နိုင်တော့ဘဲ အမေ့ရှေ့မှာပင် ဖွင့်ထုတ်လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



* * *

ဆောင်းညပြာသို့စာပေ

www.burmeseclassic.com

www.burmeseclassic.com

(၁၇)

"ဆယ်တန်းစာမေးပွဲကို ဂုဏ်ထူးတစ်ခုနဲ့ အောင်ခဲ့တဲ့အတွက် တွန်ဂရက်ကျူလေးရှင်းပါ ဝင့်ဝါ"

"ကျေးဇူးတင်ပါတယ်၊ သကြ်န်တုန်းက ကိုသော်တာ တော်တော် ဆိုးတာပဲနော်၊ လေးရက်လုံး ဝင့်ဝါတို့ မဏ္ဍပ်က မခွာဘူး၊ မုန့်လုံးရေပေါ် လာကျွေးလိုက်၊ ရေမွှေးတွေ ဆွတ်ပေးလိုက် သဘက်လာခြုံပေးလိုက်နဲ့ သူများတွေတောင် ကြည့်ပြီး ရယ်နေတယ်"

"ရယ်ပါစေကွာ၊ ရယ်တယ်ဆိုတာ သဘောကျလို့ ရယ်တာပါ၊ တကယ်လို့ ကိုယ်က ဝင့်ဝါကို အရက်မူးပြီး လာရစ်နေမယ်ဆိုရင် သူငယ်ချင်းတွေက ရယ်နိုင်ပါ့မလား၊ အဲဒီတော့ ရယ်တယ်ဆိုတာ သူတို့ လက်ခံလို့ပေါ့"

"အဲဒီတုန်းက ဝင့်ဝါကို နှောင့်ယှက်တဲ့ အမူးသမားတွေ ရန်က တာကွယ်ပေးလို့ ကျေးဇူးတင်ပါတယ် ကိုသော်တာ၊ မဏ္ဍပ်မှာတုန်းက သားတွေ ချည်းပဲဆိုတော့ ဘာလုပ်လို့ လုပ်ရမှန်း မသိဘူး၊ ဝင့်ဝါ ကြောက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ အရမ်းပဲ"

"ကိုယ်သာ အနားမှာ ရှိမယ်ဆိုရင် ဝင့်ဝါ ရန်သူမျိုးငါးပါးဘေး မကြုံစေရဘူးလို့ ကတိပေးပါတယ်။ ဝင့်ဝါကို ကိုယ့်ညီမလေးလို စောင့်ရှောက်မှာပါ။ ကိုယ့်မှာ ညီမ မရှိတော့ ဝင့်ဝါကို စက်ဘီးနဲ့ ဝင်တိုးမိတည်းက ညီမလေးတစ်ယောက်လို ခင်သွားတာ၊ ကိုယ့်ကို ပြန်ခင်နော်"

ဝင့်ဝါလှိုင် ခေါင်းလေးငြိမ့်လိုက်ပြီး. . .

"အမှန်အတိုင်း ပြောရရင် ဝင့်ဝါ ယောကျာ်းလေးတစ်ယောက်ကို တစ်ခါမှ ဒီလိုအခွင့်အရေးမျိုးမပေးဖူးဘူး၊ သူငယ်ချင်းလည်း မထားဘူး ဒါပေမဲ့ ကိုသော်တာကိုတော့ အစ်ကိုတစ်ယောက်လို ခင်လို့ရပါတယ်"

"ဝမ်းသာလိုက်တာ ဝင့်ဝါရယ်၊ အဲဒါဆို မွေးနေ့ရောက်ရင် ကိုယ့်ကို မုန့်ဝယ်ကျွေးနော်"

"ဟင်. . . ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ ဝင့်ဝါရဲ့၊ ကိုယ်က ဝင့်ဝါမွေးနေ့ ဘယ်နေ့မှန်း မသိဘဲ လက်ဆောင်ပေးလိုက်တယ်လေ၊ ဒါပေမဲ့ မုန့်တော့ မစားရသေးဘူး"

"ဒါဆိုလည်း ကျွေးပါ့မယ်၊ လာမယ့် တနင်္ဂနွေနေ့ J-donuts ဆိုင် သွားမယ်လေ"

"OK. . . အခု စားနေတဲ့ ဆိတ်သားတုတ်ထိုးဖိုးတော့ ကိုယ်ပဲ ရှင်း လိုက်ပါ့မယ်"

"မလုပ်ပါနဲ့ ဝင့်ဝါပဲ ရှင်းလိုက်ပါ့မယ်"

"ဝင့်ဝါ တကယ်ရှင်းချင်လို့လား"

"တကယ်ရှင်းမှာပါ"

"အဲဒါဆို ကိုယ့်အိမ်ရှေ့မှာ မြက်တွေရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



“ဟာ”

“ဟား . . . ဟား . . . ဟား”

သော်တာသိုက်ကတော့ ရှေ့တိုးမယ့်ဆင် နောက်တစ်လှမ်း ဆုတ်ဆိုသလို ရည်းစားစကားပြောပြီး အဖြေတောင်းတာမျိုးတွေ ဘာတွေ မလုပ်ဘဲ၊ ရင်းနှီးလာအောင် ဘော်ဒါအကန့်နှင့် ပြန်ဝင်ခြင်း ဖြစ်၏။

ဒါမှ ကောင်မလေးရဲ့ ယုံကြည်မှုကို ရမှာလေ။

မိန်းကလေးသဘာဝ ယုံမှတ်ပြီးရင် ပုံအပ်တတ်တာမို့ စုံမက်လာတဲ့အထိ အပျော့ဆွဲ ဆွဲနေခြင်းဖြစ်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

"သမီး. . . အမေ့ကို အရင်လို ဘာတစ်ခုမှ မဖုံးကွယ်ဘဲ အမှန်အတိုင်းပြောစမ်း၊ သမီး ကောင်လေးတစ်ယောက်နဲ့ တွဲနေတယ်ဆို"

"သူငယ်ချင်းပါ အမေ"

"သမီးမှာ ယောကျ်ားလေး သူငယ်ချင်း မရှိပါဘူး"

ကျားနဲ့ ပတ်သက်လာရင် ကျားအိမ်သာတောင် မဝင်ဖူးတဲ့ သမီးငယ်တို့ ဒေါ်သင်းမာလာ အံ့ဩသွားသည်။

"အစက မရှိပေမယ့်. . . အခုတော့ ဘော်ဒါဖွဲ့ကြည့်လိုက်တယ်၊ သူက သမီးအအပေါ် ကောင်းတယ် အမေရဲ့"

"ဘယ်လိုကောင်းတာလဲ"

"ကိုယ့်ညီမလေးတစ်ယောက်လို စောင့်ရှောက်ပြီး သမီးအပေါ် နားလည်မှုပေးတယ် အမေ"

"အဲဒီကောင်လေးက သော်တာသိုက်မှ ဟုတ်ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



ဝင့်ဝါလှိုင် ခေါင်းညိတ်လိုက်သည်။

"သမီးရယ် ယောက်ျားဆိုတာ ဒီယုန်မြင်လို့ ဒီချုံထွင်တတ်ကြတဲ့ အမျိုးတွေ ငါးစာပဲ မြင်ပြီး ငါးမျှားချိတ်မမြင်ရင် ခံသွားရမယ် သမီး။ သမီးနဲ့ ပတ်သက်နေပြီဆိုတည်းက အမေ အဲဒီကောင်လေးအကြောင်းတို စုံစမ်းပြီးပြီ၊ ပွေးချက် နိုင်းလောက်ရှိတယ်တဲ့"

"အဲဒါကို သူ အစောကြီးတည်းက ဝန်ခံပါတယ် အမေ၊ အခုတော့ တည်ငြိမ်တဲ့သူတစ်ယောက်ဖြစ်နေပါပြီ၊ သူက အပေါင်းအသင်းမှားလို့ ဒီလို လမ်းမှားရောက်ခဲ့တာတဲ့၊ သမီးနဲ့ သူငယ်ချင်းဖြစ်တဲ့အချိန်ကစပြီး သူဟာ အရင်သော်တာသိုက် မဟုတ်တော့ဘူးတဲ့လေ"

"အဲဒါတွေဟာ သမီးကို အယုံသွင်းတာဆိုရင်ကော. . . ပွေးရုံဆို အမေ မပြောလိုဘူး၊ မိန်းမကျမ်းကြေတဲ့ ဆရာကြီးတဲ့၊ သူနဲ့ ကြိုက်ခဲ့ဖူးတဲ့ မိန်းမတွေ တည်းခိုခန်းမရောက်ဖူးတာ ရှားတယ်တဲ့"

"အဲဒါတွေက လူတွေ ပါးစပ်က ချဲ့ကားပြီး ပြောတာဖြစ်မှာပါ အမေရယ်၊ သူက ရည်းစားသာ ရှုပ်ခဲ့ဖူးပေမယ့် တစ်ယောက်ကိုမှ ဗိုက်ကြီးအောင် မလုပ်ခဲ့ဖူးဘူးလို့လည်း သစ္စာဆိုပါတယ်"

"အေး. . . ဗိုက်ကြီးအောင် ဘယ်လုပ်မလဲ၊ ကြိုပြီး ဆေးတိုက်ထားတာ ဖြစ်မှာကိုး"

ဒေါ်သင်းမာလာ လေသံတွေ မာလာသည်။

"ဟာ အမေတို့ကလည်း သူများပြောတိုင်း စွတ်ယုံနေတော့တာပဲ၊ လူတွေပါးစပ်က တစ်စိတ်ကို တစ်အိတ်လုပ်တယ်ဆိုတာ သိရဲ့သားနဲ့"

သမီးနဲ့ အမေ တစ်ယောက်တစ်ခွန်း တိုက်ပွဲတွေ ပြင်းထန်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝင့်ဝါလှိုင် နင် ငါ့ကို ဒီလိုလေသံနဲ့ ဘယ်တုန်းက ပြန်ပြောဖူးလို့လဲ၊ ယောကျ်ားတစ်ယောက်နဲ့ ပတ်သက်ပြီး ငါ့ကို ပြန်ခံပြောနေလိုက်တာ၊ ကြည့်စမ်း၊ သကြိန်မှာ မဏ္ဍပ်ထိုင်ပြီးတည်းက အချိုးပြောင်းသွားလိုက်တာ၊ မီးသတ်ပိုက်နဲ့ အထိုးခံရတယ်နဲ့တူတယ်၊ အစကတော့ သူပဲ လေတစ်လုံး မိုးတစ်လုံး ဘယ်ယောကျ်ားလေးကိုမှ ပြုံးတောင်မပြဘူးလေးဘာလေးနဲ့"

"အခုလည်း သမီးက ဘာလုပ်နေလို့လဲ၊ သူငယ်ချင်းလေး ထားမိတာကိုပဲ၊ ရေးကြီးခွင်ကျယ် လုပ်နေတယ်၊ စာမေးပွဲအောင်လို့ ပျော်တဲ့ အပျော်တောင် ဘယ်ဆီရောက်သွားလည်း မသိဘူး"

ဝင့်ဝါလှိုင် ဆောင့်ကြီးအောင့်ကြီးနှင့် အခန်းထဲ ဝင်ပြီး တံခါးစောင့်ပိတ်ရာ ဒေါ်သင်းမာလာ တရားကျပြီး ကျန်ခဲ့သည်။

"ဩော်. . . သမီးမိန်းကလေး မွေးရတာ တော်တော်ထိန်းရခက်ပါလား၊ စိတ်မပါတုန်းကတော့ သမီးက ယောကျ်ားလေးတွေကို ယောင်လို့တောင် တံတွေးနဲ့ လှည့်မထွေးပါဘူးတဲ့၊ စိတ်ပါလာတော့ အမေကိုတောင် ပြန်အော်တယ်၊ မြင်ပါများတော့ ခင်၊ ခင်ပါများတော့ ကြင်ဆိုသလို ငါ့သမီးလေး ငါ့လို အမှားမျိုးမတွေ့ဖို့ သော်တာသိုက်ကို ခေါ် သတိပေးမှ ဖြစ်တော့မယ်"

* * *



www.burmeseclassic.com

www.burmeseclassic.com

(၁၈)

"မိန်းကလေးတစ်ယောက်ကို ပါးစပ်က အမြဲတမ်း ချစ်တဲ့အကြောင်းချည်း ပြောနေလို့ မရဘူးကွ၊ တစ်ခါတလေ သူ့မှာရှိတဲ့ အခက်အခဲတွေ ပွင့်ပွင့်လင်းလင်း တိုင်ပင်တာ၊ သူ့ရဲ့တစ်နေ့တာ လုပ်ရှားမှုအကြောင်းလေးတွေ မေးတာ၊ သူ့အကြိုက်လေးတွေ ဆောင်ကြဉ်းပေးတာ၊ အဲဒီလိုလေးတွေလုပ်မှ တစ်ယောက်နဲ့တစ်ယောက် ပိုရင်းနှီးလာပြီး သံယောဇဉ်ခိုင်မြဲတာ၊ ချစ်စကားကတော့ အခြေအနေနဲ့ အချိန်အခါကိုကြည့်ပြီး ပြောရတယ်၊ ပြောတဲ့အခါမှာလည်း သူ စိတ်ညစ်အောင် အတင်းအဓမ္မ အရိပ်အကဲမကြည့်ဘဲ ပြောလို့ မရဘူး၊ စမ်းချောင်းလေးစီးသလို ညင်ညင်သာသာနဲ့ ရင်ထဲရောက်အောင် ပြောရတယ်"

"မင်းကရော. . . ကောင်မလေးကို ပြောပြီးပြီလား"

"ပြောစရာမလိုဘူး၊ သိနေပြီ၊ ဒါပေမဲ့ အဖြေမတောင်းသေးဘူး၊ သူ ငါ့ကို သမုဒယ ကြိုးတွေပိုပြီး ခိုင်ခိုင်မာမာ ရစ်နှောင်မိပြီဆိုမှ လွတ်နိုင်အောင် ချည်ရမယ်၊ သိပ်မကြာပါဘူးကွာ၊ နောက်ထပ်မှစ်လပါဝဲ"



www.burmeseclassic.com

www.burmeseclassic.com



သော်တာသိုက် စကားကို နားထောင်ပြီး မျိုးအောင် မျက်နှာလေး ညှိုးငယ်သွားသည်။

"ဟော့ကောင်. . . မင်းရုပ်က ဘာဖြစ်တာလဲ၊ ဝင့်ဝါလှိုင်က မင်းညီမမို့လို့လား"

"ငါ့ညီမသာဆိုရင် မင်းကို စားပွဲပေါ်က ပုလင်းနဲ့ ရိုက်ခွဲမိမှာ အမှန်ပဲ"

"ခွေးကောင် သူများကောင်းစားတာ မနာလိုဖြစ်နေတယ်"

"အေးပေါ့ ငါမှ မရတာ"

ထိုစဉ် သူတို့ဝိုင်းကို ခပ်ချောချော အမျိုးသမီးတစ်ယောက် ဝင်လာသည်။

"သော်တာသိုက်ဆိုတာ မင်းလား"

သူတို့နှစ်ယောက်လုံး ပြိုင်တူ မော့ကြည့်လိုက်ကြ၏။

"ဪ. . . ဟုတ်ပါတယ်၊ အန်တီ ထိုင်ပါ"

ထိုအမျိုးသမီးက သော်တာသိုက်ဘေးနားမှာ ထိုင်လိုက်သည်။

"အန်တီက ကျွန်တော့်ကို ဘယ်လိုသိတာလဲ၊ ဘာကိစ္စရှိလို့လဲ မသိဘူး"

"အလျှုအိမ်မှာ မုန့်ဟင်းခါးစားနေတဲ့ ဝိုင်းတွေထဲမှာ မိန်းကလေး အကြောင်း ပြောနေတာ မင်းတို့ တစ်ဝိုင်းပဲရှိတာရယ်၊ ငါ့သမီး ဝင့်ဝါလှိုင် နာမည်ပါလိုက်တာတွေရယ်ကြောင့်ပါ၊ အန်တီက ဝင့်ဝါလှိုင်ရဲ့ အမေ ဒေါ်သင်းမာလာပါ"

သော်တာသိုက် မျက်လုံးပြူးသွားသည်။

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အေး အခုလို အလျှုအိမ်မှာ မမျှော်လင့်ဘဲ လာဆုံရတာ အတော်ပဲ၊ ဒီမှာတော့ ပြောလို့မကောင်းဘူး၊ အပြန်ကျရင် အန်တီနဲ့ ခဏလောက်လိုက်ခဲ့ပါ"

"ဘယ်လိုလိုက်ရမှာလဲ အန်တီ"

"လူရှင်းတဲ့ တစ်နေရာရာပေါ့"

***

ဆောင်းညပြာသိုစာပေ

www.burmeseclassic.com

www.burmeseclassic.com

ဝင့်ဝါ

ဝင့်ဝါ အမေက ကိုယ့်ကို ဝင့်ဝါနဲ့ မပတ်သက်ဖို့ လာပြောသွားတယ်။ ကိုယ် အရမ်းစိတ်မကောင်း ဖြစ်သွားတယ်။ ကိုယ်ဟာ လူငယ်သဘာဝ ရည်းစားများခဲ့တာကလွဲပြီး မိကောင်းဖခင်သားသမီးပါ။ ဒါပေမဲ့ ဝင့်ဝါအမေ ပြောသွားတာက ကိုယ်ဟာ လမ်းဘေးက ခွေးဝဲစားလောက်တောင် သိက္ခာမရှိတော့ဘူး၊ ကိုယ် ဝင့်ဝါအမေကို အပြစ်ပြောတာ မဟုတ်ပါဘူး၊ ခွေးဝဲစားတောင်မှ ခေါ်သလင်းလမှ စမံထတာ နင်က ရာသီမရွေး စမံထတဲ့ကောင်တဲ့၊ ကိုယ် ဝင့်ဝါဆီ တိုင်စာရေးနေတာ မဟုတ်ပါဘူး၊ ကိုယ့်ရင်ထဲက ခံစားချက်တွေကို ရင်ဖွင့်ပြတာပါ၊ ကိုယ် အခု မိန်းမကိစ္စ ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



အောင် နေတယ်ဆိုတာ ဝင့်ဝါလည်း သိပါတယ်၊ ဒါပေမဲ့ ကင်းတယ်ဆိုရင် ငါ့သမီးနဲ့ပါ ကင်းအောင်နေဆိုတဲ့ ဝင့်ဝါအမေ စကားကို အလေးအနက်ထားတဲ့ အနေနဲ့ ကိုယ် ဝင့်ဝါဆီ ဖုန်းမဆက်တော့ပါဘူး၊ သတိရတဲ့အခါ တော့ သကြိန်တုန်းက ရိုက်ထားတဲ့ဓာတ်ပုံလေး ထုတ် ကြည့်ဖြစ်တယ်၊ ဝင့်ဝါအတွက် ခေါင်းစည်းကြိုးလေး လက်ဆောင် ထည့်ပေးလိုက်တယ်၊ ဒါပဲနော်။

သော်တာသိုက်

ဝင့်ဝါလှိုင် အမေကို စိတ်ဆိုးပြီး စကားမပြောတော့ပါ။

တစ်ဘက်သားက ကိုယ့်အပေါ်ကို မြတ်မြတ်နိုးနိုးနဲ့ လိုက်လျော နေတာတောင် ကိုယ့်ဘက်က မှို့ချိုးမျှစ်ချိုး သွားစော်ကားတာ၊ အားနာဖို့ ကောင်းလှသည်ဟု ယူဆပြီး သော်တာသိုက်ကို ပြန်ချော့ရန် နည်းလမ်း ရှာ၏။

ဒန်းစီးလေဒီပွင့်လေးတွေကတော့ ရောက်နေဆဲပင်။

***



www.burmeseclassic.com

www.burmeseclassic.com

(၁၉)

"ဒီလ ဟော့လိုင်းစာအုပ် အသစ်ထွက်တယ်၊ ကောင်မလေး မူနေသည်၊ ကူ၍ တွန်းပေးကြပါ၊ လေးလွန်း၍ မတွန်းနိုင်ဘူးလား၊ ပြိုင်တူ တွန်းလျှင် ကျွန်တော့်ရင်ခွင်ထဲ ရောက်နိုင်ပါသည်တဲ့"

"အဲဒီစာအုပ် သမီးဆီ လက်ဆောင် ရောက်မလာဘူး၊ သူ စိတ်များ ဆိုးနေပြီလား"

"သမီး ဘာတွေ ပြောနေတာလဲ၊ အဲဒီစာအုပ် ဘယ်သူ့မှ မငှား ရသေးဘူး၊ ယူမလား"

"မယူတော့ပါဘူး ဦးရယ်၊ ဟိုတစ်ယောက် စာအုပ်လာမငှားတော့ ဘူးလား"

"ဘယ်တစ်ယောက်လဲ သမီးရဲ့"

"သမီးကို မွေးနေ့လက်ဆောင်ပေးတဲ့သူလေ"

"ဪ. . . သော်တာသိုက် ဟုတ်တယ်၊ သူ လာမငှားတာ ကြာပြီ၊ ဘာလဲ သမီးက လွမ်းနေလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ဦးကလည်း"

ဝင့်ဝါလှိုင် ရှက်ပြီး ထွက်ပြေးသွားတာတောင် ဆိုင်ရှင်က စနေသေးသည်။

"သမီး. . . သိပ်မူမနေနဲ့နော်၊ ဘယ်လိုပဲမူမူ ဖူးစာမှန်ရင် ညားမှာပဲ၊ သမီးတို့နှစ်ယောက် ရုပ်ချင်းဆင်တယ်"

ဝင့်ဝါလှိုင် ခေါင်းငုံ့ပြီး ထွက်အလာ လူတစ်ယောက်နှင့် ဝင်အတိုက်. . .

"ဟာ. . . ဝင့်ဝါ"

"ကိုသော်တာ"

"ပြန်တော့မလို့လား"

"ဟုတ်"

"ကိုယ်လည်း လိုက်ခဲ့မယ်လေ"

"စာအုပ် မငှားတော့ဘူးလား"

"စာအုပ်ငှားမလို့ မဟုတ်ဘူး၊ စာအုပ် လာပေးတာ၊ ကောင်မလေး မူနေသည်၊ ကူ၍တွန်းပေးပါ၊ လေးလွန်း၍ မတွန်းနိုင်ဘူးလား၊ ပြိုင်တူတွန်းလျှင် ကျွန်တော့်ရင်ခွင်ထဲရောက်နိုင်ပါသည်တဲ့"

ဝင့်ဝါလှိုင် ရှက်ပြုံးလေး ပြုံးပြီး စာအုပ်ကို လက်ခံယူထားလိုက်သည်။ အပြန်လမ်းတွင်မတော့. . .

"ဆိုင်ရှင်ဦးလေးကြီး လှမ်းပြောတာ ကြားလိုက်ပါတယ်၊ သမီးတို့နှစ်ယောက် ရုပ်ချင်းဆင်တယ်တဲ့"

"ဟုတ်"

"ကိုယ့်ကိုလည်း သူငယ်ချင်းတွေ တော်တော်များများ ပြောကြတယ်၊



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့နှစ်ယောက် ရုပ်ချင်းဆင်တယ်၊ ရုပ်ချင်းဆင်ရင် ညားတတ်တယ်တဲ့”

“အို”

ပါးပြင်လေး ပန်းသွေးရောင်တွေ လွှမ်းသွားသည်။

လိပ်ပြာလေးက အချိန်ကိုက်ပင် ဝတ်ရည်လာစုပ်၏။

“ကိုယ်လည်း ဝင့်ဝါနဲ့ ဖူးစာဆုံချင်တယ်၊ ကိုယ့်ကို ပြန်ချစ်ပါလား ဝင့်ဝါရယ်”

“မချစ်ပါဘူး”

“မချစ်ပါဘူးလို့တော့ မပြောပါနဲ့၊ ကိုယ့်ရဲ့အချစ်က ဘူးမပါတဲ့ အချစ်ပါ။ ဝင့်ဝါသာ လက်ခံမယ်ဆိုရင် ကြွေရုပ်လေး ၁စ်ရုပ်လို မထိရက် မတို့ရက် အလှကြည့်ချစ်သွားမှာပါ”

“ဟုတ်လို့လား”

“မယုံရင် စမ်းချစ်နိုင်ပါတယ်၊ ညီမရဲ့ ပထမဆုံးနဲ့ နောက်ဆုံး ချစ်သူဖြစ်ဖို့အတွက် ကိုယ် ဘယ်လို သက်သေပြရမလဲ”

“လမ်းမပေါ်မှာ မှောက်အိပ်ပြ”

“ကောင်းပြီ”

သော်တာသိုက် လမ်းမပေါ် လေးဘက်ထောက်လိုက်ရာ ဝင့်ဝါ လှိုင် အလန့်တကြား ပြေးဆွဲ၏။

“ဟော့ ဟော့ တကယ်ကြီး လုပ်တယ် ကြည့်စမ်း၊ လူမြင်လို့ မကောင်းဘူး၊ ဒီက အလကားနောက်တာကို”

“အဲဒါဆို ပြန်ချစ်မှာလား”

ဝင့်ဝါလှိုင် မျက်နှာလေးလွှဲလိုက်ပြီး

“စဉ်းစားပေးပါ့မယ်”



www.burmeseclassic.com

www.burmeseclassic.com



"မကြာစေနဲ့နော်"

"အင်း"

ရာသီဥတုကတော့ သာသာယာယာ ဖြစ်သွားလေပြီ။ တစ်ခါမှ ရည်းစားမထားဖူးသော ဝင့်ဝါလှိုင်ရဲ့ နှလုံးသားနုနုလေး ဗျူဟာမြောက် အချစ်ပိုင်ရှင်ရဲ့ နူးညံ့ညင်သာသော လှည့်ကွက်တွေအောက်မှာ ကျရှုံး သွားခဲ့ပြီလား။

ကျားတစ်ကောင် ကိုးတောင်ပြည့်ပြီဆို တစ်တောလုံးမှာရှိတဲ့ သမင်တွေ နေစရာမရှိတာ မမှတာပဲမို့ ယောကျ်ားတစ်ယောက် ကျား ဖြစ်ပြီဆိုလျှင် ပတ်သက်မိတဲ့ မိန်းမသားတွေ ရှောင်စရာ နယ်ကျဉ်းသွား တာ ထုံးစံပဲဖြစ်သည်။

***



www.burmeseclassic.com

www.burmeseclassic.com

"သားသမီးချင်း ကိုယ်ချင်းစာပေးပါလို့ ကျွန်မ မေတ္တာရပ်ခံပါတယ် ဒေါ်မေအကြင်နာ။ ကျွန်မမှာ ဒီသမီးလေးတစ်ယောက်တည်း ရှိတာမို့ အစွန်းအထင်း မခံနိုင်ဘူး၊ အခု သမီးလေးက သော်တာသိုက်ကို အရမ်း ယုံကြည်နေပြီ၊ ယောကျာ်းလေးဇကို ကျွန်မ သိတယ်၊ အမကြီးသားရဲ့ အကြောင်းကိုလည်း ကျွန်မ စုံစမ်းပြီးပြီ၊ ကျွန်မကို စိတ်တော့ မဆိုးပါနဲ့၊ သမီးမိန်းကလေးမွေးထားတဲ့ အမေတစ်ယောက်အနေနဲ့ ကျွန်မရဲ့ ခံစားချက်ကို နားလည်ပေးပါ"

ဒေါ်သင်းမာလာ မျက်ရည်လေးဝဲပြီး ပြောနေသည်ကို ကြည့်၍ ဒေါ်မေအကြင်နာရော၊ ဒေါ်မေမြတ်နိုးပါ စိတ်မကောင်းကြ၊ သမီး မိန်းတလေး မမွေးထားပေမယ့် မိန်းမသားချင်း ကိုယ်ချင်းစာစိတ်ဖြင့် အအေးတိုက်ပြီး ဧည့်ခံသည်။

"ရင်ထဲက အပူတွေကို လိမ္မော်ရည်သောက်ပြီး ခဏလောက်



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းလိုက်ပါဦး ဒေါ်သင်းမာလာ၊ ကျွန်မလည်း သားကို အချိန်တိုင်း ဆုံးမပါတယ်၊ မိန်းကလေးတွေကို နှမချင်းစာနာဖို့ ကိုယ် အတည်မယူနိုင်ဘဲ အပျော်မတွဲဖို့၊ တွဲရင်လည်း နစ်နာအောင်မလုပ်ဖို့၊ ဒါပေမဲ့ သားတဘယ်လို ဗီဇမျိုးနဲ့ မွေးလာလည်း မသိပါဘူး၊ အဲဒီအပိုင်းမှာ အရမ်းကို ထူးချွန်နေတယ်"

ဒေါ်မေမြွတ်နိုးကလည်း ဝင်နှစ်သိမ့်၏။

"ဟုတ်ပါတယ် အစ်မကြီးရယ်. . . တူလေးက မိန်းမသားတွေ အုပ်ချုပ်မှုအောက်မှာ ကြီးပြင်းလာတယ်ဆိုပေမယ့် သွေးက အဖေ့သွေး အပြည့်ပါပဲ၊ ပြီးတော့ ကျောင်းမှာ ဘယ်လိုလူမျိုးတွေနဲ့ ပေါင်းလည်း မသိဘူး၊ တစ်ခါတလေ သူ ဘောင်းဘီအိတ်ထဲမှာ ယောကျ်ားလေးသုံး အဆောင်တွေ ထွက် ထွက်လာတယ်။ ဆုံးမတာလည်း အပ်ကြောင်းထပ်နေပြီ၊ လာတိုင်တဲ့ သမီးရှင်တွေလည်း မနည်းတော့ပါဘူး၊ ဒါပေမဲ့ ကာယကံရှင် မိန်းကလေးတွေဘက်က အလိုတူ အလိုပါ ဖြစ်နေတော့ ကျွန်မတို့က ပြောရတာ ငပေါ်မကြီးတွေ ဖြစ်နေတယ်ရှင်"

ဒေါ်သင်းမာလာ စိတ်ပျက်လက်ပျက် ခေါင်းကို ခါယမ်းလိုက်သည်။

"ဘာပြောရမှန်းတောင် မသိတော့ပါဘူးရှင်၊ ကိုယ့်သမီး ကိုယ် မဆုံးမနိုင်လို့ သူများသားသမီး လာဆုံးမခိုင်းတယ်လို့လည်း မထင်စေချင်ဘူး၊ သမီးလေးက အရင်ကဆို ယောကျ်ားတွေကို ခေါင်းထဲထည့်တာ မဟုတ်ဘူး၊ သော်တာသိုက်နဲ့ တွေ့မှ ရင်ခွင်ထဲထည့်ဖို့ ကြိုးစည်းပြီး အမေ စကားတောင် နားမထောင်တော့ဘူးရှင်၊ သမီးမိန်းကလေးတွေ ချစ်သူရှိရင် မိဘရင်ခွင်ကို ခြေစုံကန်တယ်ဆိုတာ ဒါပဲထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"သော်တာသိုက်ကို ဘယ်လို ဆုံးမရမလဲတောင် မသိတော့ပါဘူး ရှင်၊ မအေ မနိုင်လို့ ဖအေကို ဆုံးမခိုင်းဖို့ကျတော့ ဖအေက ပိုဆိုးနေတယ်။ တိုယ့်သား ဘယ်အရွယ်ရှိပြီလဲ၊ ဘယ်လို ရုပ်မျိုးလဲဆိုတာတောင် စိတ်မဝင် စားလောက်အောင် မိန်းမကိစ္စသာ အချိန်ပြည့် ခေါင်းထဲထည့်ထားတဲ့ ဖအေပါ"

"ဒေါ်မေအကြင်နာရဲ့ ယောက်ျားက ကျွန်မ ယောက်ျားလိုပါပဲ၊ ကျွန်မ ယောက်ျားဟာလည်း ကျွန်မကို လူပျိုလို့ ညာပြီး ဗိုက်တစ်လုံးနဲ့ ထားခဲ့တဲ့ ကြာကူလီဝိဇ္ဇာတစ်ယောက်ပါ၊ မိန်းမကိစ္စနဲ့ ပတ်သက်လာရင် ဖျံထီးတောင် အရှုံးပေးရတဲ့အထိ သောင်းကျန်းတဲ့ လူ၊ သူ့ကိုယ်သူ မ တစ်ထောင် တစ်ကောင်ဘွား၊ ကျားဆိုမှ ကျားတဲ့"

ကိုယ့်ခင်ပွန်းသည်တွေရဲ့ ဂုဏ်သတင်းကို အပြန်ပြန်အလှန်လှန် ဖလှယ်ကြပြီးနောက် နာမည်ကိုလည်း စပ်စုကြပြန်သည်။

"ဒေါ်သင်းမာလာရဲ့ ယောက်ျားက နာမည်ဘယ်လိုခေါ်လဲ၊ ကျွန်မ မူခင်းဂျာနယ်တွေထဲမှာ တွေ့လိုတွေ့ငြား ရှာကြည့်ချင်လို့ပါ"

"သူ့နာမည်က. . .

ဒေါ်သင်းမာလာ လင်နာမည်မေ့နေ၍ သေချာစဉ်းစားပြီးနောက်

"ဦးထွန်းသိုက်တဲ့"

"ရှင်!"

ညီအစ်မနှစ်ယောက်လုံး မျက်လုံးပြူးသွားကြသည်။

တိုက်တိုက်ဆိုင်ဆိုင် လင်တူမယားတွေမှ လာစုံစည်းမိလေခြင်း။

"အဖြစ်ဆိုးလိုက်တာ မမရယ်. . . ညီမလေးတို့ သုံးယောက်က တစ်အိမ်ထဲမှာ တစ်လင်တည်းမယားအဖြစ် လာဆုံစည်းတာပဲနော်၊ ရှေး



www.burmeseclassic.com

www.burmeseclassic.com



ရေစက်ပဲ ထင်တယ်”

ဒေါ်မေမြတ်နိုး စကားကြောင့် ဒေါ်သင်းမာလာ အံ့ဩသွား၏။

“ဟင်. . . ဒါ ဒါဆို”

“ကျွန်မတို့ ညီအစ်မ နှစ်ယောက်ရဲ့ ယောကျ်ားကလည်း ဦးထွန်းသိုက်ပါပဲရှင်”

“နှာခေါင်းမှာ မှဲ့နဲ့ ကြာကူလီရုပ်ကြီးလား”

“အစစ်ပါပဲ”

သုံးယောက်လုံး ချုံးပွဲချ ငိုကြလေတော့သည်။

အဟင့်. . . ဟင့်. . . ဟီး. . . ရှွတ်

ငိုပြီးမှ တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့်

“ဟင်. . . ဒါ ဒါဆို သော်တာသိုက်နဲ့ အမကြီး သမီးတ ဦးထွန်းသိုက်နဲ့ ရခဲ့တာလား”

“ဟုတ်တယ်. . . ကျွန်မမှာ တခြားယောကျ်ား မရှိဘူး။ ဟင် ဒါဆို သူတို့နှစ်ယောက်က”

ဒေါ်မေမြတ်နိုး အလန့်တကြားဖြင့်

“ဖအေတူ မအေကွဲ မောင်နှမတွေပေါ့”

“ဘုရား. . . ဘုရား မိုးကြိုးတွေတော့ ပစ်ကုန်တော့မှာပဲ၊ ဝင့်ဝါလှိုင် သမီးရေ. . . နင့်ကို လိုက်နေတာ နင့်အစ်ကိုဟဲ့ ဒုက္ခပါပဲ”

ဒေါ်မေအကြင်နာလည်း သားအတွက် စိတ်ပူသွားပြီ။

“နှမချင်း မစာနာတဲ့သားရေ၊ သော်တာသိုက် မင်းတော့ မိုးကြိုး ပစ်တော့မယ်၊ ဝင့်ဆိုတာ အဲဒါပဲ၊ ငါ အတန်တန်ပြောရက်သားနဲ့ မိန်းကလေးတွေကို တန်ဖိုးမထားတဲ့ကောင်၊ အခု ဘယ်ရောက်နေလဲ”



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မေမြတ်နိုး အိမ်ပြင်ကို ကြည့်လိုက်ပြီး

"ကျွန်မတို့ ဒီအတိုင်းနေလို့ မရတော့ဘူး၊ အပြင်မှာ မိုးတွေတောင် အုံ့လာပြီ. . . သော်တာသိုက်ကို ဖုန်းဆက်ပြီး ဒီကိစ္စ အသိပေးမှ ဖြစ်တော့မယ်"

"မြန်မြန်လုပ်ပါရှင်. . . အားလုံးဒုက္ခတွေရောက်ကုန်ဦးမယ်"

အားလုံးပျာယာခတ်ပြီး သော်တာသိုက်ဖုန်းကို ဆက်လိုက်တော့ ဆက်သွယ်မှုဧရိယာပြင်ပရောက်နေပါသဖြင့်တဲ့။

ဒေါ်သင်းမာလာ ဝင့်ဝါလှိုင် ဖုန်းနံပါတ်ကို ဆက်လိုက်တော့ မအားသေးပါတဲ့ ကောင်းလိုက်တဲ့ လိုင်းအားတွေ။

* * *



www.burmeseclassic.com

www.burmeseclassic.com

(၂၀)

"ကိုယ့်ရဲ့အချစ်ကို လက်ခံလိုက်တာ အရမ်းပျော်တာပဲ၊ ယနေ့မှစ နှစ်တစ်ရာတိုင် ချစ်သွားမယ်လို့ ကတိပြုပါတယ် ဝင့်ဝါ"

"နှစ်တစ်ရာထိ မလိုပါဘူး. . . အသက်ရှင်စဉ်အတောအတွင်းလေးမှာ အချစ်ဗလာမဖြစ်သွားဖို့ လိုပါတယ်"

"အဲဒါတော့ စိတ်ချပါ၊ ကိုယ့်ရဲ့အချစ်က ဗလာမပါဘူး၊ အချိန်တိုင်း ပေါက်မဲနံပါတ်ကြီးပဲ"

"အဲဒီစကားက အရင် ဘယ်နှစ်ယောက်ကို ပြောပြီးပြီလဲ"

"အမှန်အတိုင်း ဝန်ခံရရင်တော့ မမှတ်မိတော့ဘူး၊ ဒါပေမဲ့ သေချာတာက ဝင့်ဝါဟာ ကိုယ့်ရဲ့ နောက်ဆုံး မဲလိပ်ပါ ထပ်ပြီး ရွေးစရာမရှိတော့ဘူး"

"ယုံရမှာပေါ့လေ. . . ယုံအောင်ပြောနေပြီပဲ"

"ယုံပါ ဝင့်ဝါရယ်. . . ကိုယ် ဝင့်ဝါနဲ့တွေ့မှ တကယ်ဟတ်သွားတာပါ"



www.burmeseclassic.com

www.burmeseclassic.com



သော်တာသိုက် ဝင့်ဝါလှိုင်ရဲ့ လက်ကလေးကို နူးညံ့စွာ ဆုပ်ကိုင်လိုက်ရာ ရှက်စနိုးလေး ခေါင်းငုံ့သွား၏။

ဂျိမ်း

"မိုးတွေတောင် ချိမ်းလာပြီ၊ မိုးရွာတော့မယ် ထင်တယ်"

တကယ်တော့ မိုးကြိုးပါ ပစ်ချသွားနိုင်မှန်း သူတို့နှစ်ဦး မသိခဲ့။

"အထဲဝင်ရအောင် ရုပ်ရှင်လည်း ပြတော့မယ်"

"အင်း"

♬ ကယ်ကြပါဦးရှင်. . . ကယ်ကြပါဦးရှင်. . . ကယ်ကြပါဦးရှင် ♬

"ကို. . . ကို့ဖုန်းလား"

"အင်း. . . ဟုတ်တယ် အထဲဝင်နှင့် ဝင့်ဝါ၊ ကိုယ် လိုက်လာခဲ့မယ်"

"ဘယ်ကောင်မလေးဆီက ဖုန်းမို့လို့လဲ"

သော်တာသိုက် ပေါ်လာတဲ့ နံပါတ်ကို ကြည့်ပြီး

"အမေ့ဆီကပါ. . . သွား၊ အထဲဝင်နှင့် ကိုယ် အပြင်ထွက်ပြီး ပြောလိုက်ဦးမယ်"

"မြန်မြန်လာခဲ့နော်. . ကို"

"အင်းပါ"

ဝင့်ဝါလှိုင် ရုံထဲ ရောက်သွားသောအခါ သော်တာသိုက် ဖုန်းခလုတ်ကို ဖွင့်လိုက်သည်။

"အမေ. . . ပြော"

"သား နင် အခုဘယ်ရောက်နေလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှပ်ရှင်ရုံမှာ အမေ"

"ရည်းစားနဲ့လား"

"အမေကလည်း. . . သားက တစ်ယောက်တည်း ဘာသွားလုပ်ရမှာလဲ"

"အဲဒီကောင်မလေးက ဝင့်ဝါလှိုင်လား"

ဒေါ်မေအကြင်နာရဲ့ အသံတွေ တုန်ရီနေသည်။

"အမေက မပြောဘဲ သိလိုက်ပြန်ပြီ၊ စပိုင်တွေရှိတယ်နဲ့ တူတယ်၊ ဟုတ်ပါတယ် အမေ. . . သူပါပဲ၊ ဒီနေ့မှ ကျွန်တော်တို့နှစ်ယောက် ချစ်သူတွေ စဖြစ်တာ"

"သားရေ. . . နင်တော့ မိုးကြိုးပစ်တော့မယ်၊ အဲဒါ မင်းညီမတဲ့"

"အမေကလည်း လာနောက်နေပြန်ပြီ၊ သားမှာ ဘာညီမရှိလို့လဲ၊ အမေကလည်း ဘယ်တုန်းက ထပ်မွေးလိုက်လို့လဲ"

"အေး ငါ မမွေးပေမယ့် မွေးတဲ့သူက မွေးတယ်ဟဲ့. . . နင်နောက်ထပ် ရှေ့တစ်လှမ်းတိုးတာနဲ့ မိုးကြိုးပစ်ပြီ၊ အပြင်မှာ မိုးတွေ ရွာနေတယ် သားရယ်၊ ကောင်မလေးကို ပြန်လွှတ်ပြီး သူ့အိမ် ပို့ပေးလိုက်ပါ"

"အမေ. . . အမေ ဘာဖြစ်နေတာလဲ၊ အမေပြောတာတွေ ကျွန်တော် နားမလည်ဘူး"

"ဒေါ်သင်းမာလာ ဒေါ်မေအကြင်နာလက်ထဲမှ ဖုန်းကို ဆွဲယူလိုက်ပြီး

"သား. . . အန်တီပြောမယ် သေချာနားထောင်၊ အန်တီ့အသံ မှတ်မိလား၊ သားကို ဝင့်ဝါလှိုင်နဲ့ မပတ်သက်ဖို့ လာပြောသွားတဲ့ သူ အမေလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . အင်း မှတ်မိပြီ၊ အန်တီက အမေ့နား ဘယ်လို ရောက်နေတာလဲ၊ ဩော်. . . ကျွန်တော့်ကို လာတိုင်တာပဲ ဖြစ်ရမယ်။ ဒီတစ်ခါတော့ အန်တီ အရမ်းဖောင်းသွားပြီဗျာ။ ကာယကံရှင်က ကျွန်တော့်ဘက်မှာပါ။ သူ ကျွန်တော့်ကို ဒီနေ့ပဲ အဖြေပေးလိုက်ပြီ။ အန်တီ ဝင်စွက်ဖက်ပိုင်ခွင့် မရှိပါဘူး"

"သား. . . မင်းစိတ်ကို ခဏလျှော့ အန်တီပြောမယ်။ အန်တီ ပြောမှာ မင်းအတွက်ပါ။ ဝင့်ဝါလှိုင်ဟာ အန်တီနဲ့ မင်းအဖေ ဦးထွန်းသိုက်နဲ့ ရခဲ့တဲ့ သမီးလေး၊ မင်းရဲ့ဖအေတူ မအေကွဲ ညီမလေးပါ သားရယ်"

"အန်တီ. . . အန်တီ ကိုယ့်သမီးအတွက်နဲ့ ယုံတမ်းပုံပြင်တွေ လာပြောနေတာလား၊ ကျွန်တော့်ကို အန်တီ့သမီးနဲ့ မဖြစ်စေချင်လို့ ဉာဏ်နီဉာဏ်နက်တွေ ထုတ်နေတာလား"

"မဟုတ်ရပါဘူး သားရယ်. . . မင်း မယုံဘူးဆိုရင် သမီးလေးကို မေးကြည့်ပါ။ သမီးလေး အခု ဘယ်မှာလဲဟင်"

"ရုပ်ရှင်ရုံထဲမှာ"

"အေး. . . သူ့လည်ပင်းမှာ လော့ကတ်သီးလေးတစ်ခု ဆွဲထားတယ်။ အဲဒါလေးကို တောင်းကြည့်လိုက်၊ အန်တီပြောတာ မဟုတ်ဘူးဆိုရင် သားတို့ကို ဘာမှ ဝင်မကန့်ကွက်တော့ပါဘူးလို့ ကတိပေးတယ်"

သော်တာသိုက် တွေဝေသွားသည်။

"အန်တီ. . . အမှန်တွေ ပြောနေတာလား"

"မိုးကြိုးပစ်ရပါစေရဲ့ သားရယ်. . . အပြင်မှာ မိုးတွေ ရွာနေတုန်း အန်တီဆက်တာပါ"

သော်တာသိုက် ဖုန်းပိတ်ပြီး ရုံထဲ ပြေးဝင်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝင့်ဝါလှိုင်က ထိုင်ခုံမှာ အဆင်သင့်စောင့်နေ၏။

"အမေက ဘာတဲ့လဲ၊ အိမ်ပြန်လာဖို့ ပြောတာလား"

"မဟုတ်ပါဘူး. . . ဝင့်ဝါ ကိုယ် တစ်ခုသိချင်တယ်"

"ဘာလဲဟင်"

"ဝင့်ဝါ လည်ပင်းမှာ ဆွဲထားတဲ့ အသည်းပုံလော့ကတ်သီးလေးက ဘယ်သူ ပေးထားတာလဲ"

ဝင့်ဝါလှိုင် သူမ ရင်ဘတ်က ဆွဲသီးလေးကို စမ်းလိုက်ရင်း. . .

"ဝင့်ဝါ တစ်နှစ်ပြည့် မွေးနေ့တုန်းက အမေ ဆွဲပေးထားတာလို့ ပြောတာပဲ၊ စိတ်ချပါ ဝင့်ဝါကို ဒီလိုမျိုးလက်ဆောင်ပေးမယ့် ကောင်လေး မရှိပါဘူး"

"ကိုယ့်ကို ခဏပြလို့ရမလား ဝင့်ဝါ"

"ရပါတယ် အထဲမှာ အဖေနဲ့အမေ့ပုံ ထည့်ထားတယ်"

ဝင့်ဝါလှိုင် သူမ ဆွဲကြိုးလေးကို ချွတ်၍ သော်တာသိုက်လက်ထဲ ထည့်ပေးလိုက်ရာ သော်တာသိုက် ဖြည်းဖြည်းချင်း ဖွင့်ကြည့်လိုက်၏။

ခန္ဓာကိုယ်တစ်ခုလုံးရှိ အကြောအချဉ်တွေ ပူနွေးလာသည်။

လော့ကတ်သီးလေးထဲမှာ သူ့အဖေ ဦးထွန်းသိုက်နှင့် ဒေါ်သင်းမာလာပုံ။

"အဖေ့ပုံမှာ ဘာလို့ ကြက်ခြေခတ်ထားသလဲဆိုရင် အဖေဟာ အမေ့အပေါ်မှာ ခင်ပွန်းဝတ္တရား မကျေပွန်ခဲ့သလို ဝင့်ဝါအပေါ်မှာလည်း ဖခင်ဝတ္တရား မကျေပွန်ခဲ့လို့ စိတ်နာပြီး ခြစ်ထားတာပါ။ အိမ်ထောင်ရှိရဲ့သားနဲ့ အမေ့ကို လူပျိုလို့ ညာပြီး ပေါင်းသင်းတယ်။ အမေ ကိုယ်ဝန်ရှိတဲ့အချိန်က စပြီး ပျောက်သွားလိုက်တာ သူ့မှာ သမီးတစ်ယောက်ရှိတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာတောင် မသိဘူး။ ရောက်တဲ့အရပ်မှာ အိမ်ထောင်ကျတဲ့ အဖေ့ကို ဝင့်ဝါ အရမ်းနာကြည်းပေမယ့် ကိုယ့်အဖေဆိုတဲ့ စိတ်နဲ့ အခုထိ သိမ်းထားတာပါ။ မတော်တဆ တစ်နေရာရာမှာ ပြန်ဆုံခဲ့ရင်လည်း သူ့သမီးမှန်း သိအောင် သက်သေပြဖို့ပေါ့”

သွားပြီ. . . သော်တာသိုက် ရှက်ရွံ့နာကျင်စိတ်ကို လက်သီးတချစ်ကျစ်ပါအောင် ဆုပ်ထားခြင်းဖြင့် ချုပ်တီးရ၏။

ကိုယ့်ညီမကိုမှ ချစ်သူဖြစ်အောင် ဖန်တီးရက်လေခြင်း။

ရှက်ဖို့ ကောင်းလိုက်တာ. . . ခွေးလုံးလုံးဖြစ်တော့မလို့။

ဘုရား. . . ဘုရား

ဒီကိစ္စကို ညီမလေးသာ သိသွားရင် ရှက်ပြီး သေသွားမှာ အမှန်ပဲ။

အဲဒါ. . . ငါ သူများသားသမီးကို နှမချင်းမစာနာဖျက်ဆီးခဲ့လို့ ကိုယ့်အလိုဆန္ဒသာကြည့်ပြီး တစ်ပါးသူရဲ့ ဘဝတွေကို နင်းချေခဲ့လို့ ကိုယ်တတ်ထားတဲ့ မကောင်းတဲ့ပညာရပ်နဲ့ အတွေ့အကြုံမရှိတဲ့ နုနုနယ်နယ် မိန်းမကောင်းလေးတွေကို ပန်းဦးခြွေခဲ့လို့. . . ကောင်းကောင်းကြီး ဝဋ်လည်တာ။

ငါဟာ ဒီကမ္ဘာလောကကြီးထဲမှာ တစ်စက္ကန့်တောင် ရှိမနေသင့်တော့ဘူး။ ဆက်ရှိနေရင် သမ္မာဒေဝနတ်ကောင်းနတ်မြတ်တွေ ရှုတ်ချကြလိမ့်မယ်။

ဒီဘဝကသေပြီး ငရဲရောက်၊ ငရဲကလွတ်လို့ ခွေးဖြစ်ရင်တောင် တိုမရောက် ဒီမရောက် ခွေးအခြောက်ဖြစ်မယ့် ဘဝမျိုး၊ သေပြီ လောကမှာ ပန်းပန်တဲ့ခွေး ငါ မမြင်ဖူးသလို ကိုယ့်ညီမကို ပြန်ကြိုက်တဲ့ အစ်ကိုမျိုး မတွေ့ဖူးဘူး။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကြောင့် လူတွေက ငါတို့နှစ်ယောက် ရုပ်ချင်းဆင်တယ်လို့ ပြောကြတာကိုး။ ရုပ်ချင်းဆင်မှာပေါ့၊ ငါတို့နှစ်ယောက်က မောင်နှမတွေပဲ။

သူတို့ ထင်ကြေးအတိုင်းသာ ညားခဲ့ရင်. . .

အရှင်လတ်လတ် ခွေးဖြစ်ပြီ။

ခွေးတောင်မှ သနပ်ခါး ဘယ်ညာလူး၊ နှုတ်ခမ်းနီ ဆိုး၊ ခေါင်းရမ်းပန်းကို ပန်ထားတဲ့ ခွေးအခြောက်မဖြစ်မှာ၊ အဲဒီအခါကျရင် ခွေးထီးတွေက ငါ့အနားလာပြီး. . . အို မတွေးဝံ့စရာ။

သော်တာသိုက် ကြောင်တောင်တောင် ဖြစ်သွားသည်ကို ကြည့်၍ ဝင့်ဝါလှိုင် စိုးရိမ်သွားသည်။

"ကို. . . ဘာဖြစ်နေတာလဲဟင်၊ အသားတွေ တုန်ပြီး ခွေးတွေ ပြန်နေပါလား။ နေမကောင်းဘူးလား"

သော်တာသိုက် ဝင့်ဝါလှိုင်ကို ပြူးကြောင်ကြောင်နှင့် ကြည့်လိုက်ပြီး

"နေကောင်းတယ်. . . ဒါပေမဲ့ စိတ်တော့ မကောင်းဘူး၊ မိုးရေ ချိုးပေးရမယ်. . . ခဏလေးနော်"

သော်တာသိုက် ဆွဲကြိုးလေးကို ဝင့်ဝါလှိုင်လက်ထဲ ပြန်ထည့်ပေးပြီး ရှုပြင်သို့ ပြေးထွက်သွားသည်။

"ကို ဘာဖြစ်နေတာလဲ၊ ဆွဲကြိုးကို ကြည့်ပြီး တစ်ခုခု မြင်သွားပုံပဲ၊ သူ့အဖေလည်း သူ့အပေါ် တာဝန် မကျေဘူးပြောတယ်။ အင်းလေ ခံစားချက်နဲ့ တိုက်ဆိုင်လို့ အပြင်မှာ မျက်ရည်သွားသုတ်တာ ဖြစ်မှာပေါ့. . . ငါ ဒီမှာပဲ ဆက်စောင့်နေတာ ကောင်းပါတယ်"

သော်တာသိုက်ကတော့ မိုးရေထဲမှာ သွေးရူးသွေးတန်း လျှောက်သွားနေလေပြီ။ တစ်ချက် တစ်ချက်လည်း လွတ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



♫ ကိုယ်ကိုယ်တိုင် ခူးလာခဲ့တဲ့ ပန်းကလေး လှလှကို ညီမလေးရဲ့ ကေသာဦးမှာ ပန်ဆင်ပေးလိုက်ချင်ပါတယ်။ လှပါတယ် ညီမလေးရယ်၊ လှပါတယ် ညီမလေးရယ်၊ မြင်သမျှ ဘဝင်ကျ ရှုမောမဆုံးပေါ့ကွယ် ဟယ် နှင်းဆီရောင် နှုတ်ခမ်းလွှာလေးက Kissing ဆွဲဖို့ ကောင်းသတဲ့ကွယ်၊ ပန်းကြိုက်တဲ့ ညီမလေးရယ် . . . ညီမလေးလိုလည်း ချစ်ပါတယ်။ ချစ်သူလိုလည်း ချစ်နိုင်တယ်။ လင်မယားလိုလည်း ချစ်ချင်တယ်။ ပန်းပန်ကာ ပြုံးနိုင်ဖို့အတွက် ခေါင်ရမ်းပန်းလေး ပန်ပေးလိုက်ချင်တယ် ♫

နာကျင်ကြေကွဲမှုတွေကို မိုးရေထဲမှာ မျှောပစ်ရန် ကြိုးစားပေမယ့် အရာမထင်ခဲ့။

ညီမလေးရေ . . . ငါဟာ နင့်အစ်ကိုပဲ့ နင် ဘာလို့ အဖြေပေးလိုက်တာလဲ၊ ငါ့ကို အဖြေပေးမယ့်အစား ခွေးထီးကို အဘွားပေးလိုက်ရင်တောင် နင် အပြစ်လွတ်ပါတယ်ဟာ၊ ခွေးထီးက တော်သလင်းတစ်လပဲ စမ်းထတာ၊ ငါကတော့ နင့်အမေပြောသလို ရာသီမရွေး . . . အို ရှက်စရာကြီး။ လမ်းလယ်ခေါင်မှာ ဘောင်းဘီချွတ်ပြေးရင်တောင် ဒီလောက် ရှက်ဖို့ကောင်းမှာ မဟုတ်ဘူး။ ချွေးထွက်ပြီး ကျန်းမာရေးတောင် ကောင်းဦးမယ်။ ခုတော့ ချွေးထွက်ပြီး အားကုန်မယ့် အလုပ်တွေသာ လုပ်နေမိတဲ့ငါက ကိုယ့်ညီမကို ပြန်ကြိုက်တဲ့ ကောင်တဲ့၊ ခွေးသူတောင်းစားသော်တာသိမင်းကြောင့် မိသားစုတွေရဲ့ မျက်ရည် ဘယ်လောက်တောင် စေးခဲ့ရပြီလဲ။ သမီးရှင်တွေရဲ့ နာကျင်ကြေကွဲမှုတွေ ဘယ်လောက်တောင် များခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြီလဲ၊ မင်းဟာ ဖအေထက် ချိုဖောင်းထက်တဲ့သားပဲ။ အဲဒီလို ဖြစ်ရတဲ့ တရားခံက ဘယ်သူလဲ"

သော်တာသိုက် တစိမ့်စိမ့်တွေး တစ်ရေးရေး ပေါ်လာသူက ဖခင်မျက်နှာ

"ဦးထွန်းသိုက်. . . ခင်ဗျားကြီးဟာ တော်တော် သရမ်းတဲ့လူပဲ။ လူမဆန်တဲ့ လုပ်ရပ်တွေ အများကြီး လုပ်ခဲ့လို့ ကျုပ် ကိုယ့်ညီမကို ညီမမှန်း မသိခဲ့တာ၊ အဲဒီတော့ ခင်ဗျားကြီးဟာ အဓိကတရားခံ၊ ခင်ဗျားကြီးကို ကျုပ် သတ်မယ်"

ဂျိမ်း

သူနဲ့ကျမှ တိုက်တိုက်ဆိုင်ဆိုင် ပလပ်ပေါက်ကိုကိုင် ဆိုသလို မိုးခြိမ်းသံနှင့်အတူ သူ့ရှေ့တည့်တည့်မှ လမ်းလျှောက်လာသူက မာတာမိခင်ကြီးရဲ့ ယောက်ျား မာတာဖိခင် ဦးထွန်းသိုက်။

ဘေးနားက မိန်းမတစ်ယောက်နှင့် လက်တွဲလာပြီး ထီးတစ်ချောင်း နှစ်ယောက်အတူ ဆောင်း၍ ပျော်မြူးနေကြသည်။

"ချစ်. . . မိုးကအေးတော့ ကွက်တိပဲနော်။ အခန်းထဲမှာ နှစ်ယောက်အတူ နွေးနေမှာပဲ"

"ခစ်. . . ခစ် လူဆိုး၊ ကြိုပြီး စိတ်ကူးယဉ်နေတယ်။ မြန်မြန်သွားရအောင်"

သော်တာသိုက် . . ဖခင်ဖြစ်သူသွားမယ့်လမ်းရှေ့ ပိတ်ရပ်လိုက်ပြီး

"ခဏလောက် ဆိုင်းငံ့ပါဦး အဖေ"

မိုးရေထဲမှာ ထီးမပါဘဲ ရွှဲစိုနေသည့် သော်တာသိုက်ကို ကြည့်၍



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ကြောင်သွား၏။

"မင်း ဘယ်သူလဲ"

"အဖေ့ကို လုပ်ကြံမယ့်သူတွေလက်ထဲက အကြိမ်ကြိမ် ကယ်ခဲ့တဲ့ အဖေ့ရဲ့သားပါ"

"အောင်မာ. . . ရာရာစစ ငါ့သားတဲ့။ ငါ့ကိုကယ်တဲ့အတွက် ဘေးဆုတင်ပေးမယ့် သားတော့ မတော်နိုင်ဘူး။ ငါ့မှာ မယားပဲ ရှိတယ်"

"မယားကို လက်ခံနိုင်ရင် သားကို လက်ခံနိုင်ရမှာပေါ့ အဖေ။ ကျွန်တော်ဟာ အဖေ တစ်ချိန်က ခယ်မဖြစ်သူမျက်နှာကြောင့် မကြာခဏ လာလာကြည့်ခြင်းခံရတဲ့ အဖေ့ရဲ့သား သော်တာသိုက်ပါ။ ဒေါ်မေအကြင်နာရဲ့ သား ဒေါ်မေမြတ်နိုးရဲ့တူ ဦးထွန်းသိုက်ရဲ့ သားအရင်းပါ"

ဘေးနားမှ မိန်းမက တစ်ချက်ကြည့်ပြီး မကြည်သလိုမျက်နှာနှင့်

"မောင် ဘယ်က ဇာတ်လမ်းဟောင်းတွေလဲ၊ ချစ်က ရှုပ်ရှုပ်ရှက်ရှက် မကြိုက်ဘူးနော်၊ ရှင်းအောင်နေတတ်လို့ အိမ်မှာ နေရင်တောင် ကိုယ်တုံးလုံးချွတ်နေတာ"

ဦးထွန်းသိုက်က မ,ဘက်လိုက်တော့ မိုက်ဘက်ပါပြီး သားမှန်း မသိတော့။

"သားဆိုရင်လည်း မုန့်ဖိုးပေးမယ်၊ ဘယ်လောက် လိုချင်လဲ၊ ပြီးရင် ငါ့ရှေ့က ထွက်သွားတော့"

"ဩော်. . . တစ်သက်လုံး လှည့်တောင် မကြည့်ဘဲ မုန့်ဖိုးလေးနဲ့ နှစ်သိမ့်တယ်တဲ့လား။ ကျွန်တော် လိုချင်တာ မုန့်ဖိုး မဟုတ်ဘူး။ အဖေ့ရဲ့ ယုတ်ကြမ်းမှုတွေကို ရပ်တန်းက ရပ်ဖို့ လာပြောတာပါ"

"အောင်မာ. . . ငါ့များ ဆရာလုပ်လို့ ယုတ်ကြမ်းတယ်တဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား မင်းကို ဘယ်သူက ခြေရာချင်း တိုင်းခိုင်းလိုက်တာလဲ၊ မင်း အမေလား”

“မဟုတ်ပါဘူး. . . အမေဟာ အဖေ့အပေါ် မပြစ်မှားဖို့ ဆုံးမရှိ သက်သက်ပါ။ အဖေ့ကို အတုမခိုးဖို့လည်း ပြောပါတယ်။ ဒါပေမဲ့ အဖ ယုတ်ရဲ့ သွေးတွေ အပြည့်ပါလာတဲ့ သားက အဖထက်တောင် ဖောင်းထတ် နေပြီမို့ ကျွန်တော့်လို မမှားသင့်တာ မမှားရအောင် အဖေ့ကို လာ တောင်းပန်တာပါ။ ဘေးနားက မိန်းမကို လွှတ်လိုက်ပါတော့”

“အောင်မာ. . . ငါ့ပစ္စည်း ငါ့ဘာသာ ဘယ်လိုလုပ်လုပ်. . . မင်းနဲ့ ဘာဆိုင်လဲ၊ စားခွက်လာလုတာလား၊ သွားကွာ သွား၊ တခြားသူ သွားရှာ ဒီနေရာမှာ ဖအေကို ခြေရာချင်း လာမတိုင်းနဲ့”

“ခြေရာချင်းတိုင်းတာ မဟုတ်ပါဘူး အဖေ၊ ခြေရာချင်းတိုင်းတယ် ဆိုတာ ကောင်းတဲ့နေရာမှာ တိုင်းမှ တန်ဖိုးရှိတဲ့လူ ဖြစ်မှာမို့ တန်ဖိုးမဲ့တဲ့ အဖေ့ရဲ့ ခြေရာတွေကို သား မနင်းပါရစေနဲ့တော့။ အခု အဖေ့ရဲ့ ခြေရာတွေကို ဖျက်ပေးဖို့ လာတာပါ”

“ဟတ် ဟတ် ငါ့ခြေရာကို ဖျက်ရအောင် မင်းက ဘာအစွမ်းရှိ လို့လဲ၊ ကိုယ်လုပ်ချင်ရာ ကိုယ်လုပ်ပေ့ါ။ သူများရဲ့ လွတ်လပ်ခွင့်ကို တားဆီး လို့ ရနိုင်မလား”

“အဖေ့ရဲ့ လွတ်လပ်ခွင့်ဟာ သူများကို ထိခိုက်စေတယ်ဆိုရင် မကောင်းပါဘူး အဖေ၊ အဖေရဲ့ ပျော်ရွှင်မှုကြောင့် အမျိုးသမီးတွေရဲ့ မျက်ရည် ဘယ်လောက်တောင် စတေးခဲ့ရပြီလဲ၊ အခုဆိုရင် အဖေ့ရဲ့ ယုတ်မာမှုကြောင့် ဒေါ်လေးမေမြတ်နိုးနဲ့ သူ့ယောကျ်ားလည်း ကွဲနေပြီ။ အဖေ့ရဲ့အသက်ကိုမှ မယူနိုင်ဘူးဆိုရင် ဒေါ်လေးကို ဒီဇိတ်သတ် ဖြန်



www.burmeseclassic.com

www.burmeseclassic.com



မပေါင်းတော့ဘူးတဲ့"

"လာ. . . လာချည်သေး။ စားပြီးသား ပန်းကန်တောင် ရေဆေးရင် ပြောင်တာကို ဒင်းက ဆယ်နှစ်ကျော်ကြာမှ ဘာအရှုံးထတာလဲ၊ မကျေနပ်ရင် ငါ့ဇနီးတစ်ယောက်ကို လာတော်ကောက်လှည့် ကြည်ကြည်ဖြူဖြူ ပေးလိုက်ပါတယ်"

"လောကမှာ ဘီလူးစည်း၊ လူ့စည်းဆိုတာ ရှိတယ်အဖေ၊ စည်းမရှိတာ တိရစ္ဆာန်တွေပါ။ သူ့မယား ကိုယ်ယူ ကိုယ့်မယား သူယူဆိုရင် အားလုံး ရှုပ်ကုန်မယ်၊ အဖေ့ရဲ့ အမူအကျင့်တွေကို စွန့်လွှတ်ပြီး နောင်သံသရာ အပြစ်တွေဆေးကြောနိုင်ဖို့ ရိပ်သာဝင်ပြီး တရား အားထုတ်ပါတော့"

"ဟ. . . ဘာအတွက်ကြောင့် ငါ့ကို တရားလာချတာလဲ၊ ကိုယ်သိရင် ကိုယ်ကျင့်ပေါ့၊ ကျင့်နိုင်ဖို့ မကျင့်တဲ့လူကို ပြောနေလည်း အပိုပဲ။ ငါ့ရှေ့က ထွက်သွား"

"မသွားနိုင်ဘူး အဖေ၊ သွားစေချင်ရင် အဖေ့ရဲ့ စရိုက်ဆိုးတွေ ရိုက်ချိုးပြီးမှ သွားပါရစေ"

"ဘယ့်နှယ်လဲ. . . ကိုသိုက်၊ အလိုလိုက်ရင် အမိုက်စော်ကားတယ်ဆိုတာ ဒီသားကို ပြောတာဖြစ်မယ်။ မြန်မြန်လမ်းရှင်းခိုင်းလိုက်ပါတော့။ ပန်းခင်းလမ်းလျှောက်ဖို့ရာ ဆူးညှောင့်ခလုတ်ဖြစ်နေတယ်"

ဦးထွန်းသိုက် မစကား နားယောင်ပြီး ပြောမရတဲ့သားကို ဒေါ်ထတာ အိတ်ထဲက ဓားမြှောင် ထုတ်လိုက်လေသည်။

"ဒီမယ်. . . သားဆိုတဲ့ကောင်၊ ငါ့အကြောင်းစုံစမ်းကြည့်လိုက်ဦး မိန်းမဆို ခြင်ထောင်ဖာပေးပေမယ့် ယောက်ျားဆို ဓားမြှောင်စာရှုံးတယ်ဆိုတာ နည်းနည်းလေးမှ မကြားမိဘူးလား၊ ဆက်တားနေမှဆိုရင် သား



www.burmeseclassic.com

www.burmeseclassic.com



ကောဘာကော နားမလည်ဘူး”

“ထိုးလိုက်ပါ အဖေ. . . နောက်ဆုတ်ဖို့ စိတ်ကူးမရှိပါဘူး. . . အဖေ့ရဲ့အသက်ကို အခါခါ ကယ်တင်ခဲ့တဲ့သား ဒီတစ်ခါတော့ အဖေနဲ့ မျက်နှာချင်းဆိုင် ရင်ဆိုင်တိုက်ရတော့မယ်။ ဝါးတစ်လက်အကြောပေး ထားပေမယ့် ဘယ်သူက ပိုစွမ်းသလဲ စမ်းကြည့်တာပေါ့”

“ဒီလောက်တောင် ဖြစ်လှတာ. . . ရော့ကွာ”

ဖခင်ဖြစ်သူက သားကို ဓားနှင့် ပြေးထိုးရာ သားဖြစ်သူက

ကိုယ်ကို ယို့၍ရှောင်ပြီး ဖခင်၏လက်ကို ချုပ်၍ မြေကြီးပေါ် တွန်းလိုက်၏။

. . . ဘုန်း. . .

ဓားက လွတ်ကျသွားပေမယ့် ကတ္တရာလမ်းပေါ်မှာ လုံးထွေး သတ်ပုတ်နေသော သားအဖကို ဦးထွန်းသိုက်မယားငယ် ကြောင်ကြည့်နေ မိသည်။

**ဂျိမ်း**

●

မိုးကကောင်းကောင်း၊ ပုဆိုးက ပျောင်းလောင်း။

ဦးထွန်းသိုက် ဖင်ပေါ်နေပြီ. . .

ဘယ်သူမှလည်း ဝင်မဆွဲရဲကြ. . .

***



www.burmeseclassic.com

www.burmeseclassic.com

(၂၁)

"ကို တစ်ယောက်ကလည်း. . . ကြာလိုက်တာ အပြင်မှာ အိမ်သာ တက်နေလားမသိဘူး။ ကားက စပြနေပြီ၊ မင်းသားနဲ့ မင်းသမီးတောင် ညားတော့မယ်"

ဝင့်ဝါလှိုင် သော်တာသိုက်ကို ရုံထဲမှာ စောင့်နေမိသည်။

သော်တာသိုက်ကတော့ မိုးရေထဲမှာ ဖအေနှင့် နပန်းလုံးနေသည်ကို သူမ မသိခဲ့။

အဲဒီအချိန်မှာ ဖုန်းဝင်လာ၏။

"ဟယ်လို. . . အမေလား"

"သမီး နင် ဘယ်ရောက်နေလဲ၊ ငါ တစ်ချိန်လုံး ဆက်နေတာ အခုမှ ရတယ်"

"သမီး ရုပ်ရှင်ရုံထဲမှာ အမေ"

"သော်တာသိုက်ကော"



www.burmeseclassic.com

www.burmeseclassic.com



စင့်ဝါလှိုင် ကြောင်သွားသည်။ သူမ သော်တာသိုက်နှင့် ရုပ်ရှင်လာကြည့်တာ ဘယ်သူ အတို့အထောင် လုပ်လိုက်လည်း မသိ။

“ဟဲ့ မြန်မြန်ဖြေ၊ ငါ အကောင်းမေးနေတာ၊ နင့်ကို သော်တာသိုက် အဖြစ်မှန်တွေ ပြောပြီးပြီလား”

“ဘာအဖြစ်မှန်တွေလဲ”

“ဟဲ့. . . နင့်ကို မပြောဘူးလား၊ သူ ဘယ်မှာလဲ”

“အပြင်ခဏ သွားမယ်ဆိုပြီး အခုထိ ပြန်မရောက်လာသေးဘူး”

“ဒုက္ခပဲ. . . ရှက်ရှက်နဲ့ မဟုတ်တာတွေ လျှောက်လုပ်တော့မှာပဲ သမီး. . . သော်တာသိုက်ကို အခု ဖုန်းဆက်ပြီး နင်တို့နှစ်ယောက်လုံး သူ့အိမ်လာခဲ့”

ဝင့်ဝါလှိုင် မိခင်ရဲ့ စကားတွေကို ဘာမှနားမလည်နိုင်။

“အမေ. . . ဘာတွေလုပ်နေတာလဲ”

“နောက်မှမေး. . . ငါ ပြောသလို လုပ်စမ်းပါ”

* * *



www.burmeseclassic.com

www.burmeseclassic.com

ကယ်ကြပါဦးရှင်. . . ကယ်ကြပါဦးရှင်. . . ကယ်ကြပါဦးရှင်

ဘတစ်ပြန် ကျားတစ်ပြန် နှောင်ချိန်ပလေးနေစဉ် သော်တာသိုက်ဘောင်းဘီအိတ်ထဲမှ ထွက်ကျနေသော ဖုန်းက ဦးထွန်းသိုက်မယားငယ်အား အကူအညီလှမ်းတောင်း၏။

သူမ ဖုန်းကို ကိုင်လိုက်သည်။

"ဟယ်လို"

"ဟယ်လို. . . ကိုသော်တာလား"

"ကိုသော်တာလား ဘာလားတော့မသိဘူး၊ ဒီမှာ ဖုန်းပိုင်ရှင်ရှုန်ဖြစ်ပြီး နပန်းလုံးနေတယ်။ ကျွန်မပြောတဲ့ နေရာ လိုက်လာခဲ့ပါ. . ."

"ဟား. . . ဟား နွားပျိုသန်လှ နွားအိုပေါင်ကျိုးပါကွ မင်း ငယ်ပါသေးတယ် ငါ့သားရယ်၊ ဖအေကို ခြေရာချင်း တိုင်းဖို့ မကြိုးစားပါနဲ့"

ဦးထွန်းသိုက်က အပေါ်မှ ခွစီးထားသည့်အချိန် သော်တာသိုက်ကို



www.burmeseclassic.com

www.burmeseclassic.com



လည်ပင်းညှစ်ပြီး ဂုဏ်ယူဝံ့ကြွားစွာ ဟစ်ကြွေး၏။

သော်တာသိုက်က ပြန်တွန်းလှဲပြီး အောင်ပွဲခံသည်။

"ဖအေထက် သား တစ်လကြီးတယ်ဆိုတာ ခင်ဗျား မကြားဖူးဘူးလား၊ ခင်ဗျားက နွားဆိုရင် ကျုပ်က ကျား၊ ခင်ဗျားက ကျားဆိုရင် ကျုပ်က ကိုးတောင်ကျားဗျ"

ဦးထွန်းသိုက် ပက်လက်လန်နေစဉ် လက်က ဟိုစမ်း ဒီစမ်း စမ်းရင်း သူ့မားမြောင်အချွန်ဖျားလေးကို လက်နှင့် သွားထိမိ၏။

"ဂျူလီယာ ချစ် မောင့် လက်ထဲ ဓားထည့်ပေးစမ်း"

ဂျူလီယာဆိုသော ဦးထွန်းသိုက် မယားငယ်မက လူမိုက်အားပေး မလုပ်ချင်သောကြောင့် ပေးသင့်မပေးသင့် စဉ်းစားလိုက်သည်။

အင်း. . . အဘိုးကြီးလက်ထဲ ဓားရောက်သွားရင် တောင်လေး သေတော့မှာပဲ၊ လူ့လောကမှာ လူလုပ်ဖို့ အများကြီး ကျန်သေးတယ်။ အဘိုးကြီးက အိုနေပြီ ကဲနိုင် နော်က်ထပ် ငါးနှစ်ပေါ့၊ တောင်လေးတာ ရုပ်ဖြောင့်ဖြောင့်လေး။ နှမြောစရာ"

"ဟဲ့ သေချင်းဆိုးမ၊ ဘာတွေ စဉ်းစားနေတာလဲ၊ နင့်လင် အောက်ရောက်နေပြီ. . . ဓားပေး"

ဂျူလီယာ စဉ်းစားမနေတော့ဘဲ ဓားကို ယူ၍ သားအစ နှစ်ယောက် ကြားထဲကို ထည့်ပေးလိုက်သည်။

အရှိုးက သားဘက်၊ အသွားက အဖေ့ဘက်

. . . ဇွပ် . . .

ဝ

ဂျိမ်း

* * *

ဆောင်းညဖြာသိုစာပေ

www.burmeseclassic.com

www.burmeseclassic.com

(၂၂)

လူတွေအုံကြည့်နေတဲ့အထဲမှာမှ သက်ဆိုင်သူတွေကတော့ မိုးရေတွေနဲ့ အပြိုင် မျက်ရည်မိုးတွေ ရွာသွန်းဖြိုးနေကြ၏။

အဖေက သားလက်ချက်ဖြင့် ရင်ဘတ်မှာ ဓားမြှောင်စိုက်ပြီး သေဆုံးနေသလို၊ သားဖြစ်သူက မိုးကြိုးထိမှန်မှုကြောင့် တစ်ကိုယ်လုံး မီးသွေးတုံးဖြစ်ကာ အသက်မဲ့နေသည်။

စက်ကွင်းမလွတ်သော ဂျူလီယာမယားငယ်မကတော့ တစ်ကိုယ်လုံး မြှာနှမ်းပြီး လျှာထွက်နေ၏။

လူတွေ အားလုံးက သူတို့ရဲ့အဖြစ်ကို သံဝေဂ အကြည့်ဖြင့် ကြည့်နေကြသည်။

"သားလေးက မွေးကတည်းက အဖေကို ပြန်သတ်မယ့်ဇာတာနဲ့ မွေးလာတဲ့ သားမို့ ဖအေနဲ့ ဝေးရာမှာ ထားခဲ့လည်း ဖြစ်လာမယ့်အကျိုး တရားကို ဘာနဲ့မှ ရှောင်လွဲလို့ မရဘူးဆိုတာ ကျွန်မ သိနိုက်ပါပြီရှင်



www.burmeseclassic.com

www.burmeseclassic.com



ဟင့် အမိက အကြောင်းတရားကတော့ မှားယွင်းတဲ့ ငါးပါးအာရုံ ကာမ ဂုဏ်မှာ အပျော်ကြီးပျော်ခဲ့ကြလို့ပါပဲ။ မိမိရဲ့ ဆန္ဒရာဂကို သိက္ခာ သမာဓိနဲ့ ထိန်းရမယ်လို့ ဆရာတော်ကြီးဟောခဲ့တာကို ကျွန်မ အခုထိ ကြားယောင် နေတုန်းပါပဲ။ ရဟန္တာ မဖြစ်မချင်း ကိလေသာတဏှာကို မပတ်သက်နိုင်ဘူး ဆိုပေမယ့် မှားယွင်းစွာ စိတ်အလိုလိုက်မိရင် ဒုက္ခ ရောက်တတ်တာပေါ့။ အခုတော့ အားလုံး သေတာတောင် တန်ဖိုးမဲ့စွာ သေရတယ်။ သေပြီးတဲ့ နောက်မှာလည်း ကာမေသုမိစ္ဆာဆိုတဲ့ သူတစ်ပါး အိမ်ယာပြစ်မှားခဲ့တဲ့ ကံကို ဘယ်လို ပေးဆပ်ကြရဦးမလဲ မသိဘူး။ သားလေးကောင်းရာ သုဂတိလားပါစေလို့ အမေ ဆုမတောင်းရဲဘူး သားရယ်။ ကိုယ်ပြုတဲ့ ကံ ကိုယ်သာ ခံရမှာပဲမို့ သားလေး လူ့ဘဝကို ပြန်ရလာခဲ့ရင် သစ္စာ ရှိတဲ့ ယောက်ျားကောင်းတစ်ယောက်ဖြစ်ပါစေလို့ပဲ အမေ ဆုတောင်းပေး ပါတယ်။ ခင်ပွန်းကြီးဆယ်ပါးကိုလည်း ထပ်ပြီး မပြစ်မှားမိပါစေနဲ့တွယ် အပေါင်း... ဟင့်”

ဒေါ်မေအကြွင်နာနှင့်အတူ ဒေါ်မေမြတ်နိုးလည်း သော်တာသိုတ် အတွက် ဖြေမဆည်နိုင်ခဲ့ပါ။

“တူလေး... ရေ အသေဝနာစ ဗလာနံ့ ဇတ်မင်္ဂလမုတ္တမ်တဲ့ လူမိုက်တွေနဲ့ မပေါင်းသင်းပါနဲ့လို့ အဒေါ် အတန်တန်ပြောထားရက်နဲ့ ငယ်ငယ်တည်းက စာကြီးစားတဲ့ သူတွေရှိတဲ့ ရှေ့ခုံမှာ မထိုင်ဘဲ မဟုတ်တာ လုပ်တဲ့သူတွေချည်းထိုင်တဲ့ နောက်ဆုံးခုံမှာ ထိုင်ပြီး အတုခိုးတွေ မှားခဲ့တယ်။ အဇာတသတ်တောင် ဒေဝဒတ်ကို ဆရာမှားတင်လို့ အဝီစိ ငရဲက မလွတ်သေးဘူး။ ငါ့တူလေး ဘဝဆက်တိုင်း ဆရာကောင်းသမား ကောင်းတွေနဲ့ တွေ့ပြီး ဆုံးမတဲ့အတိုင်း နာယူနိုင်တဲ့ သတိဉာဏ်ရပါစေလို့



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေး ဆုတောင်းလိုက်ပါတယ်ကွယ်"

ဝင့်ဝါလှိုင်လေးကတော့ ရှက်ရွံ့စိတ်ရော နာကျင်စိတ်ပါ ပေါင်းဆုံပြီး ကြေကွဲမှုနှင့်အတူ ရင်ညွန့်က ဆွဲသီးလေးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်။

"ကိုကိုနဲ့ ဖေဖေ. . . အဖေကို ပထမဆုံးမြင်ဖူးလိုက်ရတဲ့အချိန်၊ အစ်ကိုကို အစ်ကိုမှန်း ပထမဆုံးသိလိုက်ရတဲ့အချိန်မှာ နှစ်ယောက်လုံးက အဖြစ်ဆိုးစွာ သေနေပြီ။ လောကမှာ စည်းမစောင့်တဲ့ သူတွေဟာ သူများ စည်းခိုးရင် ပျော်နေကြပေမယ့် ကိုယ့်စည်းလည်း အခိုးခံရရော ဆတ်ဆတ်ထိမခံ နာကျင်တတ်ကြတယ်ဆိုတာ သမီးသိလိုက်ပါပြီ။ ညီမလေး သိလိုက်ပါပြီ။ ရှက်စရာကောင်းတဲ့ ဒီလိုဆုံတွေ့မှုမျိုး နောင်ဘဝအဆက်ဆက် မတွေ့ပါရစေနဲ့၊ ရာဇဝင်မှာ စာတွင်မယ့် ဒီလို ဇာတ်သိမ်းမျိုးလည်း မကြုံပါရစေနဲ့၊ မိန်းမသားတိုင်းကို တရားစိတ်လေးနဲ့ ဖြူစင်စွာ ချစ်တတ်သူတွေ ဖြစ်ကြပါစေ ဖေဖေနဲ့ ကိုကိုတို့ရယ်"

ဒေါ်သင်းမာလာ သမီးဖြစ်သူကို ရင်ခွင်ထဲမှာ ထည့်ပြီး ပွေ့ဖက်နှစ်သိမ့်လိုက်၏။

"လောကမှာ ရယူပိုင်ဆိုင်လို့မှုတစ်ခုတည်းသာ ကြည့်ပြီး အတ္တဆန်သူတွေဟာ အလှည့်ကျတဲ့အခါ အပြစ်ကြီးကြီး ပေးဆပ်ရတယ် သမီး၊ ဝဋ်ဆိုတာ ဘယ်သူမှ ရှောင်လွဲလို့မရဘူး။ မေမေတို့သာ အသိနောက်ကျခဲ့ရင် ငါ့သမီးလေး တစ်သက်လုံး မျက်နှာမဖော်ရဲအောင် အရှက်ရနေမှာ။ နာမည်တစ်လုံးဟာ လူတစ်ယောက်ရဲ့ဘဝပဲ၊ သော်တာသိုက်က သူ့ရဲ့ အပြစ်တွေကို နောင်တရပြီး ရှက်တဲ့စိတ်နဲ့ စိတ်လွတ်သွားတယ်ထင်ပါတယ်။ ဖအေကို ပြန်သတ်တဲ့အထိ မိုက်မဲခဲ့တယ်။ ဖအေဟာ ဘယ်လောက်



www.burmeseclassic.com

www.burmeseclassic.com



ဆိုးဆိုး၊ သဘာဝတရားကြီးက သူ့ရဲ့ကျေးဇူးတွေ ခံယူဖို့ သတ်မှတ်ပေးပြီး သားမို့ ပြစ်မှားလို့ မရဘူး. . . မိုးကောင်းကင်ကြီးက အားလုံးကို ဒဏ်ခတ်လိုက်ပြီ၊ ပြင်လို့ မရတဲ့နောင်တ တွေကို တမလွန်ဘဝမှာ သင်ခန်းစာယူနိုင်ကြပါစေကွယ်"

"အစ်မကြီးတို့ အထင်လွဲနေပါပြီ။ သော်တာသိုက်ဟာ ဖခင်ကို ပြန်သတ်ခဲ့တဲ့ သား မဟုတ်ခဲ့ပါဘူး"

"ရှင်"

သူတို့နားကို ရောက်လာပြီး ဝင်ပြောလိုက်သော လူတစ်ယောက် ကြောင့် အားလုံး ဝိုင်းကြည့်လိုက်ကြသည်။

"ကျွန်တော် သူတို့ဖြစ်စဉ်ကို အစအဆုံး မြင်ပါတယ်။ အဘိုးကြီးနဲ့ အတူပါလာတဲ့မိန်းမက ကောင်လေးလက်ထဲကို ဓားရိုးထည့်ပေးတော့ ကောင်လေးက အဲဒီဓားကို မှုတ်ထုတ်ပါတယ်။ အဲဒါကို အဘိုးကြီးက ရအောင် လုတော့ ဟိုမိန်းမက အဘိုးကြီးလက်ထဲက ပြန်လုတယ်။ သူတို့ အဲဒီလို အပေါ်မှာ ရုန်းရင်းဆန်ခတ်ဖြစ်နေတုန်း ကောင်လေးက သူ့ အဖေကို တွန်းထုတ်လိုက်တယ်။ အဲဒီအချိန်မှာပဲ ကောင်လေးရဲ့ ရင်ဘတ် တည့်တည့်ကို မိုးကြိုး ပစ်ချလိုက်တယ်။ အဘိုးကြီးက သူ့အဖော်မိန်းမနဲ့ လုံးရင်း ထွေးရင်း ဓားထိုးမိသွားတာပါ။ သုံးယောက်လုံးကတော့ မိုးကြိုး စက်ကွင်းထဲက မလွတ်ခဲ့ပါဘူး ကြောက်စရာကြီးဗျာ"

အဲဒီလူ စကားကြောင့် ဒေါ်မေအကြင်နာ ရင်နင့်စွာ ရှိုက်ငိုသည်။

"ဩော် သားလေးရယ်၊ မင်းက နောက်ဆုံးအချိန်ထိတောင် ဖအေကို ဖအေမှန်း သိခဲ့တာကိုး။ လူသတ်သမားတွေလက်ထဲကတောင် အကြိမ်ကြိမ်ကယ်တင်ခဲ့တဲ့သားက အဖေကို ပြန်သတ်မှာ မဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ အမေ မတွေးခဲ့မိလိုက်ဘူး။ ငါ့သားကို အထင်လွဲတော့မလို့၊ အမေ တော့နပ်ပါပြီ သားရယ်၊ မင်းအဖေဟာ သားလက်ချက်နဲ့ သေခဲ့တာ မဟုတ်ပါဘူး၊ သူ့အကုသိုလ် သူ ဖိစီးသွားတာပါ။ ဒါပေမဲ့ မင်းကတော့ မင်းကတော့. . . ဟင့်"

အားလုံးရဲ့ မျက်ရည်တွေဟာ သော်တာသိုက် ကောင်းရာမွန်ရာ ဘုံဘဝ ရောက်စေဖို့ နောက်ဆုံးဆုတောင်းပင် ဖြစ်တော့မည်။

တကယ်တော့ သော်တာသိုက် ဖခင်ဖြစ်သူလက်ချက်ကြောင့် မြေကြီးပေါ်မှာ ပက်လက်လန်နေစဉ် ကောင်းကင်ဆီမှ အလင်းတန်းတစ်ခု သူတို့ဆီတည့်တည့် ထိုးဆင်းလာသည်ကို ကောင်းကောင်းမြင်လိုက်ရ ပါသည်။

BURMESE CLASSIC

ဒါဟာ မိုးကြိုးပစ်ချတယ်ဆိုတာ သိလိုက်သည်နှင့် တစ်ပြိုင်နက် ဖခင်ဖြစ်သူ မထိစေရန် အလျင်အမြန် တွန်းထုတ်လိုက်ပါသော်လည်း သူကိုယ်တိုင်က မရှောင်နိုင်ခဲ့။

ဖခင်ရင်းအတွက် နောက်ဆုံးချိန်ထိ သော်တာသိုက် အသက်နှင့် လဲတာ ကာကွယ်ပေးခဲ့ပါသော်လည်း. . .

(အလင်းသည် အသံထက်မြန်၏။ ထို့ကြောင့် ကျောင်းမှာ သင်ခဲ့ဖူးသော သင်ခန်းစာအရ မိုးခြိမ်းသံကို ကြားလိုက်ရသော သူသည် မိုးကြိုး စက်ကွင်းတစ်နေရာရာကို ထိမှန်ပြီးမှ ကြားရသည်ဖြစ်သောကြောင့် စက်ကွင်းလွတ်သွားလေသည်။ သော်တာသိုက်တို့ သုံးယောက်လုံးကတော့ မိုးခြိမ်းသံ မကြားလိုက်ရပါ။ သူတို့ ကြားလိုက်ရသည်က သေမင်းခေါ်သံ ပင် ဖြစ်ပေသည်။)

***



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

အရာအားလုံးဟာ ဆိတ်သုဉ်းပျောက်ကွယ်သွားပြီ ဖြစ်သည်။

အနိစ္စဟူသည် မြဲခြင်းမရှိ။

သံသရာတစ်ကွေ့မှာ ဆုံတွေ့ရသော အခိုက်အတံ့လေးသည် ရေပွက်ပမာ ဖြစ်သည်။ ကလျာဏမိတ္တ ဟူသည် အရေးကြီး၏။

အဇာတသတ်မင်းသည် ဖခင်ကို သတ်ပြီးနောက် ဆရာဇီဝက၏ အကူအညီဖြင့် မြတ်ဗုဒ္ဓထံမှ တရားဒေသနာတော်ကို ကြားနာခွင့်ရခဲ့သော်လည်း ငရဲမှ မလွတ်ခဲ့ပေ။ အဝီစိငရဲကျမည့် ဘေးမှ လောဟကုမ္ဘီ ငရဲသို့ ပြောင်းခံရရုံသာ သက်သာခွင့်ရခဲ့သည်။

အမိသတ်ခြင်း၊ အဖသတ်ခြင်း၊ ရဟန္တာကို သတ်ခြင်း၊ ဘုရားကို သွေးစိမ်းတည်အောင် ပြုလုပ်ခြင်း၊ သံဃာကို သင်းခွဲခြင်း စသည့် ပဉ္စာနန္တရိယ ကံကြီး ၅ ပါး ထိုက်ထားသူတို့၏ သွားရာလမ်းသည် ငရဲတစ်ပါး အခြားမရှိ။

ဆောင်းညဖြာသို့စာလေ

www.burmeseclassic.com

www.burmeseclassic.com



အာရုံငါးပါး ကာမဂုဏ်တရားတို့ကို လွဲမှားစွာ လိုက်စားမိခြင်းကြောင့် ဘဝတွေ ဘဝတွေ များစွာ ပျက်ဆီးခဲ့ရပေသည်။

အဆုံးသတ်၌ နောင်တတရားနှင့် မျက်ရည်တို့သည်သာ ကူညီဖေးမမည့်သူ ရှိတော့၏။

ပြီးပါပြီ။

(ဟော့လိုင်း)

ဆောင်းညပြာသိုစာပေ

www.burmeseclassic.com